# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၀၂၇)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်နှင့် ရိုးရာယဉ်ကျေးမှုပြခန်းများအား သွားရောက်ကြည့်ရှု



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကန်ပက်လက်မြို့ အမှတ် (၂) ရပ်ကွက်၌ ခင်းကျင်းပြသထားသည့် ရိုးရာယဉ်ကျေးမှုပြခန်းများကို လေ့လာကြည့်ရှုစဉ်။ ဓာတ်ပုံ-ကိုသာဗျော

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင်(ခေါ်နူးစုမ်)အမျိုးသားဥယျာဉ်နှင့် ရိုးရာယဉ်ကျေးမှုပြခန်းများအား သွားရောက်ကြည့်ရှုပြီး ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ နံနက် ၈ နာရီ ၂၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် ကန်ပက်လက်မြို့သို့ ရောက်ရှိကြရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆




# ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာနှင့် တည်ကြည်ခိုင်မာမှု

ကုလသမဂ္ဂအဖွဲ့ကြီး၏ တန်ဖိုးသည် နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့်၏ ကုလသမဂ္ဂသို့ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသကဲ့သို့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်ရန်ဖြစ်သည်နှင့်အညီ ထိခိုက်နစ်နာမှုများနှင့် ရန်လိုမှုများကို လျှော့ချရေး ဖြစ်ပါသည်။ ဤရည်မှန်းချက်များကို ဆုပ်ကိုင်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံတို့အကြား မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်တို့ကို ဓမ္မဓိဋ္ဌာန်ကျခြင်း၊ သမာသမတ်ကျခြင်းနှင့် ပညာရှင်ပီသခြင်းအပါအဝင် အချုပ်အခြာ အာဏာလေးစားလိုက်နာခြင်းတို့ကို ဖော်ဆောင်ကျင့်သုံးရမည် ဖြစ်ပါသည်။

ကုလသမဂ္ဂသည် ကမ္ဘာတစ်ဝန်းထိခိုက်နစ်နာမှုများနှင့် ရန်လိုမှုများ လျှော့ချရေးကို ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်ပေးရမည်ဟူသော ဘောင်အတွင်းမှသာ ဖြစ်စေရမည် ဖြစ်ပါသည်။ သို့သော် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတချို့သည် ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေးရည်မှန်းချက်များအတွက် လူ့အခွင့်အရေးကိစ္စကို အပိုင်စီးရန် ပြောင်ပြောင်တင်းတင်း ကြိုးပမ်းမှုများကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဂုဏ်သိက္ခာနှင့် တည်ကြည်ခိုင်မာမှု လျော့ပါးလာသည်ကို ထင်ထင်ရှားရှား မြင်တွေ့နေရပါသည်။ ဤအချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဥက္ကဋ္ဌ မစ္စတာ မာဇူကီးဒါရုစ်မန် ရှင်းလင်းပြောကြားသည့် အစည်းအဝေး၌ တုံ့ပြန်ပြောဆို ထောက်ပြခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့(FFM)ကို ၂၀၁၇ ခုနှစ် မတ်လ၌ စတင် ထူထောင်စဉ်ကပင် ဤအဖွဲ့ထူထောင်မှုနှင့် ဤအဖွဲ့၏ လုပ်ပိုင်ခွင့်တို့အပေါ် အထူးစိုးရိမ်မှုရှိသည်ဖြစ်၍ မြန်မာနိုင်ငံက ကန့်ကွက်ခဲ့ပါသည်။ မြန်မာနိုင်ငံက ကြိုတင်မှန်းဆထားသည့်အတိုင်း ဤအဖွဲ့၏ အစီရင်ခံစာသည် ခိုင်လုံမှုမရှိသော ပြောဆိုဖြေကြားချက်များအပေါ်တွင် အခြေခံထားပါသည်။ ခိုင်လုံမှုမရှိသော ပြောဆိုဖြေကြားချက်များအပေါ်တွင်သာ အခြေခံထားသည့် အစီရင်ခံစာသည် လက်ရှိတင်းမာမှုများကို ဆက်လက်တိုးပွားစေမည်သာမက၊ လူမှုအသိုက်အဝန်းအကြား သဟဇာတဖြစ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း နှောင့်နှေးစေမည် ဖြစ်ပါသည်။ ဤအချက်ကိုလည်း သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက တာဝန်သိစွာ ထောက်ပြခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့(FFM) သည် လူ့အခွင့်အရေးကောင်စီသို့ ၎င်း၏အစီရင်ခံစာကို တင်ပြရာ၌ မတည်းဖြတ်ရသေးသည့် အစီရင်ခံစာကို ကတိုက်ကရိုက် တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ တင်ပြခဲ့သောရက်သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ ဖြစ်ပါသည်။ ဤအဖွဲ့၏အစီရင်ခံစာကို လူ့အခွင့်အရေး ကောင်စီသို့ အမှန်တကယ် တင်ပြရမည့်ရက်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်သာ ဖြစ်ပါသည်။ ဤအဖွဲ့က အဘယ်ကြောင့် အမှန်တကယ် တင်ပြရမည့်ရက် မတိုင်ခင် ကတိုက်ကရိုက် တင်ပြခဲ့ရပါသနည်း။ ဤနေရာ၌ သတိထားရမည်မှာ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံဆိုင်ရာ တံခါးဖွင့်အစည်းအဝေး ကျင်းပမည်ဖြစ်၍ ဖြစ်ပါသည်။ အစီရင်ခံစာကို ကတိုက်ကရိုက်တင်ပြမှုနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ တံခါးဖွင့်အစည်းအဝေးကို ဆက်စပ်သုံးသပ်ပါက မြန်မာနိုင်ငံ၏ ကျိုးကြောင်းဆီလျော်သော စိုးရိမ်ပူပန်မှုကို သဘောပေါက်နားလည်နိုင်မည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာနှင့် တည်ကြည်ခိုင်မာမှုတို့ကိုသာ ဆက်လက်ထိပါးနေပါက ကမ္ဘာကြီး၏ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ဟန်ချက်ပျက်စေမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း နှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သံတွဲမြို့ )
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

## ချောင်းဆုံမြို့တွင် နှစ်ပေါင်း ၂၀ ကျော် မကျင်းပနိုင်ခဲ့သည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ပြန်လည်ကျင်းပ

**ချောင်းဆုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နှစ်ပေါင်း ၂၀ ကြာ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ချောင်းဆုံမြို့ မဟာကန်တော်ကြီးတွင် အောက်တိုဘာ ၂၆ ရက်က ပြန်လည်ကျင်းပခဲ့ရာ ရိုးရာလှော်လှော်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ ချောင်းဆုံမြို့နယ်တွင် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ရှေးနှစ်များစွာက ကျင်းပခဲ့သည့် အစဉ်အလာရှိခဲ့ပြီး ယခုနှစ်ထိ မကျင်းပဖြစ်သည်မှာ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ပြီဖြစ်ကြောင်း၊ မဟာကန်တော်ကြီးကို မတူးဖော်ခဲ့သည်မှာ နှစ် ၁၀၀ ကျော်ရှိခဲ့ပြီဖြစ်သည့်အတွက် နှစ်ကြာလာသည်နှင့်အမျှ ကန်မြေကောလာသည့်အတွက် ယခင်နှစ်က ကန်တော်ကြီး၏ ဧရိယာတစ်ဝက်ကို ပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ သုံးစွဲပြီး ပြန်လည်တူးဖော်ထားပြီးဖြစ်ကြောင်း၊ ချောင်းဆုံမြို့နယ်၏ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲသည် မြို့နယ်တစ်မြို့နယ်လုံး၏ ရိုးရာအစဉ်အလာပွဲဖြစ်သည့်အတွက် နှစ်စဉ်နှစ်တိုင်းကျင်းပနိုင်ရေး ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် မြို့နယ်ရှိ ကျေးရွာများမှ ခရိုက်နီးဟု၊ ကော့မုပွန်၊ ဒရယ်၊ တော်ပွန်၊ မုရစ်ကြီး၊ အဘစ်၊ ကရင်ဝင်းစိန်၊ ဇီးကုန်း၊ တိုးချဲ့ မုရစ်ကလေး၊ ကမနင်း၊ ကွမ်သဲ၊ မရမ်း၊ တကူပတီ ကျေးရွာများမှ လှေလှော်ပြိုင်ပွဲဝင်အသင်းများက ၁ တက်လှော်အသင်း ၁၃ သင်း၊ ၂ တက်လှော်အသင်း ၁၄ သင်းနှင့် ၃ တက်လှော်အသင်း ၂၁ သင်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## အမေရိကန်ပြည်ဝင်ခွင့် လျှောက်ထားသူများသည် လိုအပ်သည့် စာရွက်စာတမ်းများကို ကြိုတင်ပေးပို့ရန် မလိုအပ်တော့ဘဲ အင်တာဗျူးဝင်ရမည့်နေ့မှသာ ပြသနိုင်

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံသားများအနေဖြင့် အမေရိကန်သို့ သွားရောက်ရန် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများကို လူတွေ့အင်တာဗျူး မတိုင်မီ အမေရိကန်သံရုံးသို့ သံရုံးစာတိုက်ပုံးမှတစ်ဆင့် ကြိုတင်ပို့ဆောင်ရန် မလိုအပ်တော့ဘဲ နိုဝင်ဘာ ၅ ရက်မှစ၍ အမေရိကန်သံရုံး ကောင်စစ်ဝန်ဌာန စာတိုက်ပုံးကို ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာ ၅ ရက်မှစ၍ စာရွက်စာတမ်းများကို ဗီဇာလျှောက်လွှာရှင်များ အမှန်တကယ် အင်တာဗျူးဝင်ရမည့် နေ့တွင်သာ တစ်ပါတည်း ပြသနိုင်ကြောင်းနှင့် ထိုကဲ့သို့ အမေရိကန်သံရုံး၊ ကောင်စစ်ဝန်ဌာန၏စာတိုက်ပုံး ပိတ်သိမ်းခြင်းသည် မြန်မာနိုင်ငံသားများကို ပေးအပ်သည့် ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေးအတွက် ကြိုးစားအားထုတ်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

သို့သော် အမေရိကန်နိုင်ငံသားဝန်ဆောင်မှု၊ အခြေမစိုက်ဗီဇာနှင့် အခြေစိုက်ဗီဇာလျှောက်ထားခြင်းများအတွက် ကြိုတင်ရက်ချိန်းရယူရန် လိုအပ်ကြောင်း သိရသည်။

ဗီဇာလျှောက်ထားသူများအနေဖြင့် ဗီဇာလျှောက်ထားမှု လုပ်ငန်းစဉ်များကို https://mm.usembassy.gov/visas/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ရှင်မင်း

**ထင်သာမြင်သာ ပြုပြင်စရာ**

## ဖန်းမောက်နှင့် နောင်မလိန်သွားကားလမ်း ပျက်စီးမှုများ ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်ရှိ ဖန်းမောက်နှင့် နောင်မလိန်သွားသည့် ကားလမ်းမကြီးသည် ပျက်စီးလျက်ရှိနေသောကြောင့် မြို့နယ်သက်ဆိုင်ရာမှ ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။

"ဒီလအတွင်းမှာ မိုးက မကြာခဏရွာနေတယ်။ မိုးရွာတော့ လမ်းတွေဟာလည်း ပျက်စီးနေတယ်။ လမ်းတည့်တည့်မှာ ရေအိုင် ချိုင့်ခွက်တွေဖြစ်နေတော့ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ သွားလာတဲ့အခါ သတိထား နေရပါတယ်" ဟု ပန်းတောကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ဖန်းမောက်မြို့အနီးရှိ ကွက်သစ်ရပ်လမ်းထွက်ဖြစ်သည့် မြို့၏အရှေ့မြောက်ဘက်တွင်ရှိသော ဖန်းမောက်နှင့် နောင်မလိန်ကျေးရွာကြားရှိ ကျေးရွာများသို့ ဆက်သွယ်သွားလာရသော လမ်းမကြီးဖြစ်သည်။ အောက်တိုဘာလအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးနေသော ယင်းလမ်းမကြီးကို သက်ဆိုင်ရာက ပြန်လည်ပြုပြင်ပေးရန် လိုလားလျက်ကြောင်း သိရသည်။



သန်းမောင်လေး (ကချင်မြေ)

◆ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ အမှတ် (၂) ရပ်ကွက်၌ ခင်းကျင်းပြသထားသည့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် အတွင်းရှိ ရာ့၊ ဒိုင်၊ ဒါးရင်ဒူး၊ အု(ပ်)ပူးနှင့် မွင်း မျိုးနွယ်စု များ၏ ရိုးရာယဉ်ကျေးမှုပြခန်းများကို လေ့လာကြည့်ရှုကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ချင်းပြည်နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငိုင်းဟောက်ညောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**ကပ်လှူပူဇော်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်ဖြင့် နတ်မတောင်(ခေါ်နူးစုမ်)တောင်သို့ရောက်ရှိပြီး ဇိနမာန်အောင်ဆုတောင်းပြည့်စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲအပင်မျိုးစိတ်များနှင့်စပ်လျဉ်း၍ လေ့လာကြည့်ရှုပြီး အသေးစိတ်မေးမြန်းဆွေးနွေးရာ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မူမူအောင်က ရှင်းလင်းပြသသည်။

**သိရှိလိုသည်များကို မေးမြန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မူမူအောင်တို့က နတ်မတောင် အမျိုးသားဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ နတ်မတောင်အမျိုးသားဥယျာဉ်၏ သစ်တောဖုံးလွှမ်းမှုများ၊ ဇုန်နယ်မြေအလိုက် စီမံအုပ်ချုပ်မှုများ၊ မျက်ခုံးဖြူငှက်ပြာခြောက် ကျက်စားရှင်သန်နေထိုင်မှု၊ သဘာဝနယ်မြေအတွင်း ဒေသခံပြည်သူများအတွက် ဆိုင်ရာဆိုင်ခွင့် ယာမြေလုပ်ကိုင်ခွင့်ပြုထားမှုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေတည်ရှိမှုများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သိရှိလိုသည်များကို မေးမြန်းသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ် မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်များအတွင်းတည်ရှိပြီး အမြင့်ပေ ၁၀၅၀၀ ရှိကာ စုစုပေါင်းဧရိယာအကျယ်အဝန်း ၁၇၆၂၀၂ ဧက (၂၇၅ ဒသမ ၃၅ စတုရန်းမိုင်) ရှိသည်။

နတ်မတောင်(ခေါ်နူးစုမ်)တောင်သည် ချင်းပြည်နယ်တွင် အမြင့်ဆုံးတောင်မကြီးတစ်ခုဖြစ်ပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရေးပါသည့် နယ်မြေတစ်ခုလည်းဖြစ်သည်။

**ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လွန်စွာအရေးပါ**

ရောဝတီမြစ်၏စီးဝင်မြစ်လက်တက်များမြစ်ဖျားခံရာ ရေဝေရေလဲတောင်ကြောများ တည်ရှိခြင်း၊ သစ်တောဂေဟစနစ်နှင့် တောင်ပေါ်ဂေဟစနစ်တို့အရ ထူးခြားအရေးပါသည့် မြေသားဖွဲ့စည်းမှုတောင်တစ်ခုဖြစ်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သည့် မျက်ခုံးဖြူငှက်ပြာခြောက် ကျက်စားရာ မူလနေရင်းဒေသဖြစ်ခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် လွန်စွာအရေးပါသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း သိရပြီး ပရဆေးပင် ၇၁ ပင်နှင့် သစ်ခွမျိုးစိတ် ၉၁ မျိုးပေါက်ရောက်ကြောင်း၊ အလားတူ နို့တိုက်သတ္တဝါ ၃၅ မျိုး၊ တောင်ပေါ်ငှက်မျိုးပေါင်း ၃၄၅ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၁၀၅ မျိုး၊ လိပ်ပြာ ၉၉ မျိုးနှင့် အခွံမာပိုးကောင် ၃၅ မျိုးတို့ကို တွေ့ရှိရပြီး Endemic နှစ်မျိုးတို့ကို မှတ်တမ်းတင်ထားကြောင်း သိရသည်။

**သတ်မှတ်ကာကွယ်ခဲ့**

နတ်မတောင်(ခေါ်နူးစုမ်)တောင်ကို ၁၉၃၆ ခုနှစ် သစ်တောနည်းဥပဒေ ၁၉ အရ မိုယ်းကြိုးဝိုင်းအမည်ဖြင့် သဘာဝသစ်တောများကို ထိန်းသိမ်းထားရန်နှင့် ဒေသခံပြည်သူများ မိရိုးဖလာထုတ်ယူသုံးစွဲခွင့်ပြုရန်သတ်မှတ်ခဲ့ပြီး ၁၉၃၆ ခုနှစ် တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးအက်ဥပဒေအရပါ သတ်မှတ်ကာကွယ်ခဲ့ကြောင်း သိရသည်။

**အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်**

၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၆၀/၉၇) ဖြင့် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေး ရည်ရွယ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆၄/ ၂၀၁၀) ဖြင့် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို တောင်ပေါ်ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းကာကွယ်ရန်၊ နိုင်ငံတော်၏အရေးပါသည့် ရေဝေရေလဲဒေသတစ်ခုကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ အမျိုးသားဥယျာဉ်တည်ထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိလာရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို အာဆီယံဒေသတွင်း နိုင်ငံအလိုက်ရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကန်ပက်လက်မြို့သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကန်ပက်လက်မြို့ အမှတ် (၂) ရပ်ကွက်၌ ခင်းကျင်းပြသထားသည့် ရိုးရာယဉ်ကျေးမှုပြခန်းများကို လေ့လာကြည့်ရှုစဉ်။ သတင်းစဉ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို လေ့လာကြည့်ရှုစဉ်။** ဓာတ်ပုံ-ကိုသာဗျော

- နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို ၂၀၁၀ပြည့်နှစ်တွင် သတ်မှတ် ဖွဲ့စည်းနိုင်ခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် အဆိုပြု တင်ပြခဲ့ရာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခုနစ်ခုမြောက် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့
- နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို ၂၀၁၄ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းဌာနချုပ်သို့ သဘာဝ အမွေအနှစ်နယ်မြေအဖြစ် လျာထားစာရင်းသို့ တင်ပြထားပြီးဖြစ်

*စာမျက်နှာ ၃ မှ*

များကို ကမ္ဘာ့အဆင့်မီဆောင်ရွက်နိုင်ရေး ပထမအဆင့်အနေဖြင့် အာဆီယံအဆင့် သဘာဝအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံ ပတ်ဝန်းကျင်ဝန်ကြီးများ အစည်းအဝေးက အတည်ပြုထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ အာဆီယံအမွေအနှစ်ဥယျာဉ် ခြောက်ခု အတည်ပြုသတ်မှတ်ခဲ့ကြောင်း၊ နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို ၂၀၁၀ ပြည့်နှစ်တွင် သတ်မှတ် ဖွဲ့စည်းနိုင်ခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် အဆိုပြုတင်ပြခဲ့ရာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခုနစ်ခုမြောက် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

**သဘာဝအမွေအနှစ်နယ်မြေအဖြစ် တင်ပြထားပြီးဖြစ်**

အလားတူ ယူနက်စကိုအဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်း သဘောတူညီချက်အရ ကမ္ဘာ့သဘာဝ အမွေအနှစ်နယ်မြေ၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နယ်မြေနှင့် ရောနှောပါဝင်နေသည့် အမွေအနှစ်နယ်မြေတို့ကို သတ်မှတ်လျက်ရှိကြောင်း၊ နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသား ဥယျာဉ်ကို ၂၀၁၄ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းဌာနချုပ်သို့ သဘာဝအမွေအနှစ်နယ်မြေ အဖြစ် လျာထားစာရင်းသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

**တာဝန်ရှိသူများနှင့် တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကောင်းကင်နန်းတော်ဟိုတယ် ခေါ်နူးစုမ်ခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖ ဦးမြမောင်းနှင့် ဦးစိုးမြင့်တို့က ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လမ်း၊ တံတား ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ကျောင်းများ၊ ဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ဆေးရုံများတွင် ပစ္စည်းကိရိယာများ ထောက်ပံ့ဖြည့်ဆည်းမှု၊ လျှပ်စစ်ဓာတ်အားရရှိရေး စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အကောင်အထည်ဖော်ရေးအစီအစဉ် (MSDP) ချမှတ်ဆောင်ရွက်မှုများနှင့် Project Bank တွင် စိစစ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျင်ခွေးရွာကို မြို့အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသဖြင့် မကြာမီ မြှင့်တင်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်း စိတ်ဝမ်းမကွဲဘဲ ချင်းပြည်နယ်သူ ပြည်နယ်သားများအားလုံး စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိကြရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးအလိုက် စဉ်တိုက်ဆက်တိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် ချင်းပြည်နယ်ကို တောင်ပိုင်းနှင့်မြောက်ပိုင်း မခွဲခြားဘဲ ညီညီညွတ်ညွတ်ရှိကြရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်း အလားအလာကောင်းမွန်သည့် နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ကို ပြည်နယ်သူ ပြည်နယ်သားများက အမြတ်တနိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် ကန်ပက်လက်မြို့မှ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။** သတင်းစဉ်

❐ *ကျောဖုံးမှ*

ပြည်သူလူထုအတွက် လိုအပ်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရပါကြောင်း၊ ခေတ်စနစ်နှင့် မကိုက်ညီသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းများကို ဆောင်ရွက်ရပါကြောင်း၊ ပြည်သူလူထုက တင်မြှောက်လိုက်ခြင်းမှာ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ပေးလိုက်ခြင်းဖြစ်၍ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒေသခံပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**တတ်နိုင်သမျှဖြည့်ဆည်းပေးရန်**

ထို့ကြောင့် ယခုလို လွှတ်တော်နားရက်တွင် ပြည်သူများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံခြင်းပင် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်း၊ တတ်နိုင်သည့်ဘက်မှ အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာပြည်သူများက ကျေးရွာအတွင်း လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ရေရရှိရေးနှင့် အခြားလိုအပ်ချက်များအား တင်ပြကြရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**လွှတ်တော်သို့ လေ့လာရန်ဖိတ်ခေါ်**

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအနေဖြင့် လွှတ်တော်သို့ လာရောက်လေ့လာကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲ့ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ရွှေကုက္ကိုလ်မြိုင်ကျေးရွာမှ ပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပူးပေါင်းဖော်ဆောင်ရေး ဂျပန်နိုင်ငံတွင် ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ ဂျပန်-မြန်မာ လွှတ်တော်ကိုယ်စားလှယ်များ ချစ်ကြည်ရေးအဖွဲ့၏ ဥက္ကဋ္ဌ Mr.Aisawa Ichiro နှင့် လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍



**(အောက်ဝဲပုံ)** နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီးဟောင်းဖြစ်သူ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အမှုဆောင် ကောင်စီဥက္ကဋ္ဌ Mr.Katsunobu နှင့် ယင်းပါတီဌာနချုပ်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေး၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်း၌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Tsukuba School for the Blind သို့ သွားရောက်၍ အမြင်အာရုံဆုံးရှုံးသူများနှင့် ချို့တဲ့သူများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များ လေ့ကျင့်သင်ကြားပေးနေမှုများအား သွားရောက်လေ့လာခဲ့ပြီး ယင်းကျောင်းတွင် မြန်မာနိုင်ငံမှ လာရောက်ပညာသင်ကြားနေကြသော သင်တန်းသားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနဝန်ကြီးဟောင်း Mr.Katsunobu နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ မသန်စွမ်းသူများအတွက်မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးမှုများအား လေ့လာ၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် Japan Air Lines (JAL) ၌ မသန်စွမ်းသူများအား အလုပ်ခန့်ထား၍ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်း လာအိုကို မထင်မှတ်ဘဲရှုံး

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှ ယူ -၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(စ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ လာအိုအသင်းက မြန်မာအသင်းကို လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ -၁၉ အမျိုးသမီးအသင်းအနေဖြင့် အလွယ်တကူ အနိုင်ရမည်ဟု ထင်မှတ်ထားသော်လည်း မထင်မှတ်ဘဲ လာအိုအသင်းကို အရှုံးပေးခဲ့ရသည်။ ထို့ကြောင့် မြန်မာယူ -၁၉ အမျိုးသမီးအသင်းသည် နောက်တစ်ဆင့် တက်ရောက်ရန် ရုန်းကန်ရတော့မည်ဖြစ်ပြီး အီရန်အသင်းကို ဂိုးပြတ်အနိုင်ကစားရတော့မည် ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ကစားပုံမကောင်းခဲ့သလို ခံစစ်ပိုင်း အမှားများကြောင့် လာအိုအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် စန်းသော်သော်၊ နွယ်နီဝင်း၊ မေဖူးကို၊ သီတာဝင်းစသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး တိုက်စစ်မှူး မြတ်နိုးခင်ကိုမူ မိနစ် ၃၀ ကျော်မှ လူစားဝင်ကစားစေခဲ့သည်။

မြန်မာအသင်းသည် ပွဲအစရှစ်မိနစ်တွင် စန်းသော်သော် သွင်းယူခဲ့သည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ အမှားများခဲ့သောကြောင့် လာအိုအသင်းကို အခွင့်အရေးပြန်ပေးခဲ့ရသည်။ ၂၉ မိနစ်တွင် လာအိုအသင်း ချေပဂိုးပြန်ရခဲ့ပြီး အသင်းခေါင်းဆောင် ချန်သန်ဗွန်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ကစားကွက်အပြောင်းအလဲမလုပ်နိုင်ခဲ့ဘဲ လာအိုအသင်း၏ ဆက်လက်ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၅၈ မိနစ်တွင် လာအိုအသင်း ဂိုးထပ်ရခဲ့ပြီး ပီကသွင်းယူခဲ့သည်။ မထင်မှတ်ဘဲ ဂိုးထပ်ပေးလိုက်ရသည့် မြန်မာအသင်းသည် ပို၍ရုန်းကန်ခဲ့ရပြီး ၇၅ မိနစ်မှသာ ချေပဂိုးပြန်ရခဲ့သည်။

ယင်းဂိုးကို တိုက်စစ်မှူး စန်းသော်သော်က သွင်းယူခဲ့သည်။ သရေရလဒ် ရသော်လည်း မြန်မာအသင်းသည် ပွဲကိုမထိန်းနိုင်ဘဲ ဂိုးများထပ်ပေးခဲ့ရသည်။ လာအိုအတွက် ဂိုးများကို မိနစ် ၈၀ တွင် ပီနှင့် ၈၃ မိနစ်တွင် ချန်သန်ဗွန်တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို အသင်းခေါင်းဆောင် စန်းသော်သော်က ၈၉ မိနစ်တွင် သွင်းယူခဲ့သည်။ အုပ်စု(စ)နောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် မြန်မာအသင်းနှင့် အီရန်အသင်းယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

မီတာ ၂၀၀ နှင့်မီတာ ၅၀၀ (၁၀) တက်လှော်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက " တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာ လှေလှော်ပြိုင်ပွဲကို တစ်နေရာတည်းမှာ ကျင်းပတာထက် တခြားမြို့တွေမှာကျင်းပတာက လှေလှော်အားကစားနည်းအပေါ် ပြည်သူလူထုက ပိုပြီးစိတ်ဝင်စားလာနိုင်ပါတယ်။ အခု တိုင်းဒေသကြီးနဲ့ပြည်နယ် လှေလှော်ပြိုင်ပွဲကို မန္တလေးမှာ လုပ်တဲ့အတွက် မန္တလေးဝန်းကျင်သာမကဘဲ အမရပူရ၊ စစ်ကိုင်းစတဲ့ အနီးအနားဝန်းကျင်တွေမှာရှိတဲ့ လူငယ်လူရွယ်တွေအနေနဲ့ လှေလှော်အားကစားနည်းအပေါ် စိတ်ဝင်စားလာတာက နေမျိုးဆက်သစ် အားကစားသမားတွေလည်း ထွက်ပေါ်လာနိုင်စေသလို အားကစားလုပ်တာကြောင့် အခြားလမ်း လွဲလမ်းမှားတွေအပေါ် ရောက်စေတာတွေ ကနေလည်း ရှောင်လွှဲပေးနိုင် လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ မန္တလေးကျုံးရေပြင်ဟာ လမ်းသွားလမ်းလာတွေ၊ အပန်းဖြေနားနေတဲ့သူတွေနဲ့ စည်ကားတဲ့နေရာပါ။ ဒီလိုနေရာမှာ ပြိုင်ပွဲလုပ်တဲ့အတွက် လှေလှော်အားကစားအပေါ် ပြည်သူလူထု စိတ်ဝင်စားမှု ပိုမိုရရှိမယ်လို့လည်း ယုံကြည်ပါတယ်။ အခုပြိုင်ပွဲကနေ လူငယ်ကစားသမားတွေ ထွက်ပေါ်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုပြိုင်ပွဲက အသက် ၂၃ နှစ်အောက်အဖြစ် ကျင်းပမှာဖြစ်ပြီး အလားအလာရှိတဲ့ ကစားသမားတွေကို ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်သွားမှာပါ" ဟု ပြောကြားသည်။

ယခုပြိုင်ပွဲတွင် ဆုရအသင်းများအား ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများကိုလည်း ထောက်ပံ့ကြေးများ ပေးအပ်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# နေပြည်တော်တွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ကြိုဆိုပါ၏

ရှင်မင်း

**အာဆီယံနှင့် အာဆီယံ၏ ဆွေးနွေးဖက်သုံးနိုင်ငံအကြား နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောက်တိုဘာလအတွင်း လက်ခံကျင်းပသွားမည် ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UNCTOC) နှင့် နောက်ဆက်တွဲစာချုပ် (Protocol) များ လက်မှတ်ရေးထိုးကာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ထားသည်။**

အာဆီယံဒေသတွင်းနိုင်ငံများရှိ ပြည်သူများ အကျိုးစီးပွားအတွက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးများကို ကျင်းပခြင်း ဖြစ်သည်။

အာဆီယံနှင့် အာဆီယံ၏ ဆွေးနွေးဖက်သုံးနိုင်ငံအကြား နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးများကို အဖွဲ့ဝင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပရာတွင် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးများမတိုင်မီ အကြိုညှိနှိုင်းသည့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဦးစွာကျင်းပသွားမည် ဖြစ်သည်။ (၁၂) ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအဆင့် အကြိုညှိနှိုင်းအစည်းအဝေး (SOMTC) ကို အောက်တိုဘာလ ၃၀ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

**အကြိုညှိနှိုင်းအစည်းအဝေး**

ထိုနေ့၌ပင် အာဆီယံ၏ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားတို့နှင့်လည်း (၉) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများအဆင့် အကြိုညှိနှိုင်းအစည်းအဝေးကိုလည်း ကျင်းပသွားမည် ဖြစ်သည်။

အဆင့်မြင့်အရာကြီးများအဆင့် အကြိုညှိနှိုင်းအစည်းအဝေးများ ကျင်းပပြီးလျှင် (၁၂) ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အစည်းအဝေး (AMMTC) ကို အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အစည်းအဝေးကျင်းပပြီးလျှင် (၉) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံအကြား အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။

အစည်းအဝေးများအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးသွားကြမည် ဖြစ်သည်။ အလားတူ လူမျိုးရေးခွဲခြားမှုနှင့် အစွန်းရောက်အကြမ်းဖက်မှု တိုးမြင့်လာခြင်းအား တားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၅) အား အတည်ပြုခြင်းနှင့်အတူ အဆိုပါစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအမံများကိုလည်း တစ်ပါတည်း ဆွေးနွေးသွားကြမည်ဖြစ်သည်။

ထို့ပြင် (၁၃) ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အစည်းအဝေး (AMMTC) ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ အတည်ပြုခြင်း၊ (၁၂) ကြိမ်မြောက် AMMTC အစည်းအဝေး ပူးတွဲကြေညာချက်အား သုံးသပ်ဆွေးနွေး အတည်ပြုခြင်းနှင့် အဆိုပါအစည်းအဝေး အစီရင်ခံစာအပေါ် စဉ်းစားသုံးသပ်ခြင်းတို့ကို ဆောင်ရွက်သွားကြမည် ဖြစ်သည်။

အလားတူ အာဆီယံဆွေးနွေးဖက် သုံးနိုင်ငံနှင့် ပူးပေါင်းကျင်းပသည့် (၁၀) ကြိမ်မြောက် အစည်းအဝေးကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး (၉) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ အစည်းအဝေး ပူးတွဲထုတ်ပြန်ချက်နှင့် အဆိုပါအစည်းအဝေး အစီရင်ခံစာအပေါ် သုံးသပ်အတည်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။




> **"နိုင်ငံဖြတ်ကျော် မှုခင်းကွန်ရက်များ ပိုမိုများပြားနေသည့် အခြေအနေကို တားဆီးနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်လည်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည့်နယ်ပယ်များတွင် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း (MoU) များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိ"**

မြန်မာနိုင်ငံအနေဖြင့် အခြားအဖွဲ့ဝင် အာဆီယံနိုင်ငံများနှင့်သော်လည်းကောင်း၊ အာဆီယံ၏ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတို့တွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယ၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ နီပေါ၊ ဘူတန်နိုင်ငံတို့နှင့်လည်း ငွေကြေးဆိုင်ရာ မှုခင်းသတင်းအချက်အလက်များဖလှယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း ( MoU) တို့ကို ဆောင်ရွက်ခဲ့ပါသည်။

**လက်မှတ်ရေးထိုး**

နိုင်ငံဖြတ်ကျော် မှုခင်းကွန်ရက်များ ပိုမိုများပြားနေသည့် အခြေအနေကို တားဆီးနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်လည်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည့်နယ်ပယ်များတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း (MoU) များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်တွင် (၉) ကြိမ်မြောက် အာဆီယံအဆင့်မြင့် အရာရှိကြီးအစည်းအဝေး၊ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမျိုးသားရဲအဖွဲ့ညီလာခံ၊ ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့သည်။

ထို့ပြင် အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ဦးဆောင်နိုင်ငံများအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းနှင့် အကြမ်းဖက်မှု စသည့် နယ်ပယ်ငါးရပ်ကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပြီး မှုခင်းများအလိုက် သီးခြားဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ကာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဗဟိုကော်မတီလေးခုဖွဲ့စည်းကာ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်တွင် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကို ၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဌာနကြီးအဖြစ် တိုးချဲ့ဖွဲ့စည်းကာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ သစ်တောနှင့် တောရိုင်းတိရစ္ဆာန်မှုခင်းများ တားဆီးနှိမ်နင်းရေးတွင် အထူး ဥပဒေများပြဋ္ဌာန်းပြီး သီးခြားတပ်ဖွဲ့ကြီးများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများကို နိုင်ငံတော်အဆင့် အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြဋ္ဌာန်းလျက် ၂၀၁၁ မှစ၍ ငါးနှစ်စီမံကိန်းများရေးဆွဲကာ နှစ်အလိုက်လုပ်ငန်းစီမံချက်များချမှတ်၍ ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး ဆောင်ရွက်လျက်ရှိပါသည်။

**စိန်ခေါ်မှုတစ်ရပ်**

နှစ်နိုင်ငံနယ်နိမိတ်များတစ်လျှောက်တွင် အုပ်စုဖွဲ့မှုခင်းများသည် တိုးတက်လာသော နည်းပညာများကို အသုံးပြုကာ တရားမဝင်ငွေကြေးခဝါချခြင်း၊ လူမှောင်ခိုခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးကုန်ကူးခြင်း၊ လက်နက်မှောင်ခိုခြင်း၊ တောရိုင်းတိရစ္ဆာန်ရှားပါးမျိုးစိတ်များ ကုန်ကူးခြင်း၊ နျူကလီးယား အသုံးပြုမှုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်ခြင်းတို့ကို အစီအစဉ်တကျ ချိတ်ဆက်ကာ နိုင်ငံတစ်ခုထက်ပိုသည့် ကွန်ရက်များဖြင့် ကျူးလွန်လျက်ရှိသည်။

ရာဇဝတ်ကောင်များ၏ အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်မှုများကြောင့် နိုင်ငံဖြတ်ကျော် မှုခင်းကွန်ရက်များ ပိုမိုတိုးတက်ဖြစ်ပေါ်လာပြီး အစိုးရများသည် နစ်နာသူများကို ထိရောက်စွာကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိသည်။ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းများသည် အာဆီယံဒေသသာမက ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားအားလုံးတို့အား ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်စေလျက်ရှိပါသည်။

ထို့ကြောင့် အာဆီယံအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံအလိုက်သော်လည်းကောင်း၊ ဆွေးနွေးဖက်နိုင်ငံများနှင့်သော်လည်းကောင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များချမှတ်ကာ တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများနှင့်သော်လည်းကောင်း တရားမျှတပြီး သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ပေါ်စေရေး၊ ပြည်သူများတည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်စေရေး အာမခံချက်ပေးနိုင်ရန် ပဋိညာဉ်စာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ (၅၁) နှစ်ပြည့်မြောက်ခဲ့ပြီးလည်း ဖြစ်သည်။

အာဆီယံမှ ဦးဆောင်၍ ဒေသဆိုင်ရာအစီအမံများကို ဆွေးနွေးဖက်နိုင်ငံများ၊ အဖွဲ့အစည်းများပါဝင်ပြီး ဒေသဆိုင်ရာဖိုရမ်များ၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးများ အစရှိသည့် အဆင့်ဆင့်သော ညှိနှိုင်းဆွေးနွေးမှုများဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကဏ္ဍများတွင် ထိရောက်မှုရှိခဲ့သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့ကာ ဆွေးနွေးဖက်နိုင်ငံများနှင့်လည်း မဟာဗျူဟာမြောက်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်မှု အောင်မြင်ရေးအတွက် ကျေပွန်ရမည့် တာဝန်နှင့် ဝတ္တရားများကို အလေးထားပြီး ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေးတို့ကို မျှဝေထမ်းဆောင်သွားမည်ဖြစ်သည့်အပြင် UNCTOC နှင့် နောက်ဆက်တွဲစာချုပ် (Protocol) များ လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

## ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

❖ နိုင်ငံတော်အစိုးရ မျှော်မှန်းထားသည့် ဒီမိုကရေစီစံနှုန်းများကို ရောက်အောင်သွားရန်၊ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် အချိန်အပိုင်းအခြားဖြင့် အဆင့်လိုက် ရှေ့ဆက်ရမည်ဖြစ်ပါသည်။ အခက်အခဲများ၊ စိန်ခေါ်မှုများ ရှိနေသော်လည်း ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်က တော့ ပျောက်ပျက်သွား၍ မရပါ။

❖ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးတွင် ခွဲမထွက်ရေးဆိုသည့် အချက်နှင့် တိုက်ရိုက်ဆက်စပ်နေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်များ၏ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲရေး စသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောတူထားပြီးမှ ချန်လှပ်ခဲ့ရခြင်းဖြစ်ပါသည်။ "ခွဲမထွက်ရေး"က အရေးကြီးသလို "ခွဲမထွက်ချင်သည့်၊ ခွဲထွက်စရာမလိုသည့် ပြည်ထောင်စုကြီးဖြစ်လာရန်" အားလုံး လက်တွဲပူးပေါင်းပြီး အကောင်အထည်ဖော်ရန်လည်း အင်မတန်အရေးကြီးပါသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**







### နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၆-** မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပုသိမ်)အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး



**ပုသိမ် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ပုသိမ်) ကျင်းပနိုင်ရေး အပြီးသတ်ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ပုသိမ်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကလေးစာပေပွဲတော် ကျင်းပရန် တစ်ပတ်သာလိုတော့သည်ဖြစ်ရာ ဝန်ကြီးဌာနအပိုင်းမှ ပေါင်းစပ်ဆောင်ရွက်ပေးရန်ရှိသည်များကို တင်ပြကြရန်နှင့် လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် ပြောကြားသည်။ **(ဓါတ်ပုံ)**

ထို့နောက် ကလေးစာပေပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ကျင်းပရန်စီစဉ်ထားရှိမှုများနှင့် အသုံးစရိတ်လျာထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဆပ်ကော်မတီ ၁၁ ခုမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်ကျင်းပမည့် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ ပြိုင်ပွဲ၊ ပြပွဲများ ကျင်းပပြုလုပ်မည့်နေရာနှင့် ဖဲကြိုးဖြတ်မည့်နေရာကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ်အသစ် ခန့်အပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် နည်းပြချုပ်သစ်ခန့်အပ်ခဲ့ပြီး လူငယ်အသင်းတွင် နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ဦးမင်းသူကို ပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် မက်ဆီဒိုးနီးယားနိုင်ငံသား နည်းပြချုပ် မာဂျန်ကို စာချုပ်သက်တမ်းထပ်မတိုးဘဲ ပြည်တွင်းနည်းပြဖြစ်သူ ဦးမင်းသူကို ပြောင်းလဲတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ဦးမင်းသူသည် ရှမ်းယူနိုက်တက်အသင်းတွင် လူငယ်အသင်းများ၌ နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး ၂၀၁၇ ရာသီတွင် ရှမ်းယူနိုက်တက် ယူ- ၁၉ အသင်းနှင့် အမှတ်ပေးချန်ပီယံဆု၊ ၂၀၁၈ ရာသီတွင် ရှမ်းယူနိုက်တက် ယူ-၂၁ အသင်းနှင့် ဒုတိယဆုရခဲ့သည်။

ဦးမင်းသူသည် လူငယ်အသင်းများကို ကိုင်တွယ်ရာတွင် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး စီနီယာအသင်းကို ပထမဆုံးကိုင်တွယ်ရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် နိုင်ငံခြားသားနည်းပြ ခန့်အပ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ပြည်တွင်းနည်းပြခန့်အပ်ခဲ့သောကြောင့် လာမည့်ရာသီတွင် ပြိုင်ပွဲဝင်အသင်းအားလုံး ပြည်တွင်းနည်းပြများဖြင့်သာ ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ထပ်မံအသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၅၃/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ထပ်မံအသိပေး ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၃.၉.၂၀၁၈ ရက်နေ့ နံနက် ၀၆း ၀၀ နာရီမှ ၁.၁၁. ၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီအထိ)** ဆောင်ရွက်ကြပါရန် ၂၄.၈.၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၂၁/၂၀၁၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား လွတ်လပ်စွာဆန္ဒပြုနိုင်ရန်အလို့ငှာ **၁.၁၁.၂၀၁၈ ရက်နေ့ ည ၁၂း ၀၀ နာရီအချိန်မှ ၃.၁၁.၂၀၁၈ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၁.၁၁.၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်သည်။ ယင်းသို့ ကြော်ငြာ/ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီက ရရှိတဲ့ဆန္ဒမဲလက်မှတ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကို မဲရုံမှူးက သီးခြားအိတ်တစ်လုံးစီမှာထည့်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်တဲ့အခါ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေက သူတို့ရဲ့အမှတ်အသား တံဆိပ်ပါတဲ့ ချိပ်တံဆိပ်ကို ရိုက်နှိပ်ခွင့်ရှိပါတယ်**

လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်

# မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များနှင့် ဥပဒေခေါင်းစဉ်ဖြင့် စကားဝိုင်း

**မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များနှင့် ဥပဒေခေါင်းစဉ်ဖြင့် စကားဝိုင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်၊ ဦးစီးအရာရှိ ဒေါ်ဇွန်ဖြိုးပွင့်နှင့် ဒေါ်နှင်းယုလွင်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**ဦးမြင့်နိုင်** ။ ။ လွှတ်တော် ကိုယ်စားလှယ်လောင်းက သူ့တာဝန်တွေကို ဆောင်ရွက်ဖို့ ရွေးကောက်ပွဲကိုယ်စားလှယ်ကို ခန့်တယ်။ ပြီးတော့ သူ့တာဝန်တွေကို မဲရုံထဲမှာ ဆောင်ရွက်ဖို့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေကိုလည်း ခန့်ထားဆောင်ရွက်တယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်ကတော့ တစ်ဦးပဲ ခန့်တာပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စပြီးတင်သွင်းတဲ့အချိန်ကစပြီး နောက်ဆုံးမဲရလဒ်တွေ ကြေညာတယ်၊ ကန့်ကွက်လွှာတွေ တင်သွင်းတယ်၊ အဆုံးထိ ရွေးကောက်ပွဲကိုယ်စားလှယ်က ဆောင်ရွက်ရတယ်။ ရွေးကောက်ပွဲကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေကျတော့ မဲပေးရတော့မယ့်အချိန် နီးကပ်လာတဲ့အချိန်မှာ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကိုယ်စား၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ကိုယ်စား မဲရုံတွေမှာ သွားရောက်ဆောင်ရွက်ဖို့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်ဆိုပြီး ခန့်ထားဆောင်ရွက်ပိုင်ခွင့် ရှိတယ်။ ဒါကြောင့် ဒီနေ့မှာ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဦးဇော်နောင်လတ်** ။ ။ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာလည်း ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ သင်တန်းတွေ ပေးကြတဲ့အခါမှာ မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေအတွက်ကိုသာ အဓိကထားပြီးတော့ သင်တန်းတွေ ပေးကျပါတယ်။ အခုလိုမျိုး မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်အတွက်ကို သီးခြားသင်တန်းပေးတာမျိုး မရှိခဲ့ပါဘူး။ ဒါကြောင့်မို့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေက သူတို့ဆောင်ရွက်ရမယ့် လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ သူတို့လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို သူတို့ကိုယ်တိုင်လည်း သိရှိနားလည်တာမျိုး မရှိပါဘူး။ နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကလည်းပဲ သူ့အနေနဲ့ ခန့်ထားမယ့် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေ ဆောင်ရွက်နိုင်တဲ့ အချက်တွေကို ဆွေးနွေးချင်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သင်တန်းတွေ ပေးတာက သက်ဆိုင်ရာ ရပ်ကျေးအပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွေကို သင်တန်းပေးတယ်။ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေကို သင်တန်းပေးတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေကျတော့ ကျွန်တော်တို့ရဲ့သင်တန်းထဲမှာ မပါကြဘူး။

## မဲရုံကိုယ်စားလှယ်ဆိုတာ ဘာလဲ

သို့သော်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ပါတီတွေက သူတို့ရဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေကို ပြောကြမယ်၊ သင်တန်းတွေပို့ချကြမယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဘက်ကလည်း တစ်ဖက်တစ်လမ်းကနေ သူတို့ သိသင့်သိထိုက်တဲ့ ဆောင်ရွက်ရမယ့် အချက်တွေကို အားဖြည့်ပြီး အခုလို ဆွေးနွေးရတယ်ဆိုတော့ သူတို့အတွက် ပိုကောင်းလာမယ်။ အဲဒီ ရည်ရွယ်ချက်ပါ။ ပထမဆုံး မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်ဆိုတာ ဘာကိုပြောတာလဲ၊ ဘယ်သူတွေကို ခေါ်တာလဲဆိုတာ နားလည်လွယ်အောင် ပြောပြပေးပါ။



> **“မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေရဲ့ အခွင့်အရေးတွေက သူတို့အနေနဲ့ မဲရုံဖွင့်ချိန်ကနေ စတင်ပြီးတော့ မဲလက်မှတ်တွေ ရေတွက်ပြီးတဲ့အချိန်အထိ မဲရုံထဲကို ဝင်ခွင့်ရှိပါတယ်။ ဥပဒေအရ မဲရုံဖွင့်ချိန်ကနေပြီးတော့ ရေတွက်ပြီးတဲ့အချိန်ထိ မဲရုံအတွင်းကို ဝင်ရောက်ခွင့်ရှိတယ်လို့ဆိုထားပေမယ့် မဲရုံအကျယ်အဝန်းပေါ်မူတည်ပြီးတော့ တစ်ဦးစီ လဲလှယ်ဝင်ရောက်နိုင်ပါတယ်။ သူတို့တွေက မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးကိုလည်း စောင့်ကြည့်လေ့လာခွင့် ရှိပါတယ်။ မဲရုံအတွင်းထဲမှာ ပြစ်မှုဆိုင်တဲ့အချက်တွေကို တွေ့ခဲ့ရင်လည်း မဲရုံမှူးကို သွားရောက်တင်ပြပြောဆိုခွင့် ရှိပါတယ်”**

**ဦးဇော်နောင်လတ်** ။ ။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက မဲရုံအသီးသီးမှာ သူ့ရဲ့ကိုယ်စား ဆောင်ရွက်ဖို့ ခန့်ထားခြင်းခံရသူကို ခေါ်တာဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက သူ့ကိုယ်စား ဆောင်ရွက်ဖို့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေ ဘယ်လိုခန့်ထားရမလဲဆိုတဲ့ နည်းလမ်းကို ပြောပြပေးပါဦး။

**ဦးဇော်နောင်လတ်** ။ ။ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးက မဲရုံတစ်ရုံမှာ မဲရုံကိုယ်စားလှယ်နဲ့ အကူကိုယ်စားလှယ်တစ်ဦးစီ ခန့်ထားခွင့်ရှိပါတယ်။ ခန့်ထားတဲ့နေရာမှာ ခန့်ထားခြင်းပုံစံ (၈) နဲ့ သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲကို ဖြည့်သွင်းပြီး တင်ပြရမှာ ဖြစ်ပါတယ်။ ဖြည့်သွင်းတဲ့ နေရာမှာလည်း ခန့်ထားမယ့် ရပ်ကွက်၊ ကျေးရွာအုပ်စုအမည်နဲ့ မဲရုံအမှတ်ကို ဖော်ပြရမှာ ဖြစ်ပါတယ်။

ခန့်ထားခြင်းခံရသူဟာ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ အုပ်စုထဲမှာ ပါတဲ့ မဲစာရင်းအမှတ်စဉ်ကိုလည်း ဖော်ပြရမှာ ဖြစ်ပါတယ်။ ပြီးတော့ ခန့်ထားခြင်းခံရသူက သူ့ကို ခန့်ထားခြင်းကြောင့် သဘောတူကြောင်းနဲ့ ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ ညွှန်ကြားချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ပါမယ်ဆိုတဲ့ ဝန်ခံချက်လည်း လိုအပ်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းဟာ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ် တစ်ဦးစီ ခန့်ထားမယ်ဆိုရင် သူတို့ရဲ့ခန့်ထားခြင်းပုံစံ နှစ်စောင်စီနဲ့ ဆန္ဒမဲပေးခြင်း မတိုင်မီ အနည်းဆုံး ခုနစ်ရက် ကြိုတင်ပြီးတော့ သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲကို တင်ပြရမှာဖြစ်ပါတယ်။

## ပြန်လည်အစားထိုးခန့်

သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီးတော့ လက်ခံတယ်ဆိုရင် ပုံစံ (၈) ထဲမှာ ကပ်ထားတဲ့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်ရဲ့ဓာတ်ပုံပေါ်မှာ ရုံးတံဆိပ် ရိုက်နှိပ်ပြီးတော့ တစ်စောင်စီကို လွှတ်တော်ကိုယ်စားလှယ်လောင်းကို ပြန်လည်ပေးအပ်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ခန့်ထားပြီးတဲ့နောက်မှာ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တစ်ဦးဦးက ခန့်ထားခြင်းမှ နုတ်ထွက်လိုရင်၊ ကွယ်လွန်သွားရင် ဒါမှမဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းက ခန့်ထားခြင်းမှ ရုပ်သိမ်းချင်တယ်ဆိုရင် ရုပ်သိမ်းလွှာပုံစံ (၈-က) နဲ့ သက်ဆိုင်ရာ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲကို တင်ပြရပါမယ်။ ရုပ်သိမ်းပြီးလို့ အသစ် တခြားတစ်ဦးကို ပြန်လည်အစားထိုးခန့်ထားချင်တယ်ဆိုရင် ခန့်စာပုံစံ (၈) နဲ့ ထပ်မံတင်ပြရမှာ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါကတော့ ခန့်ထားရမယ့် နည်းလမ်းပါ။ အခုကတော့ မဲဆွယ်စည်းရုံးကာလ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေ မဲဆွယ်စည်းရုံးနေပြီ။ မကြာခင်မှာ သူတို့ရဲ့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေကို ခန့်ထားတော့မယ်။ ခန့်ထားမယ့် နည်းလမ်းကို ပြောပြတော့ ကောင်းပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ယောက်စီတိုင်းမှာ မဲရုံကိုယ်စားလှယ်တစ်ဦး၊ အကူကိုယ်စားလှယ်တစ်ဦး စုစုပေါင်း နှစ်ဦး ခန့်ထားပိုင်ခွင့်ရှိတယ်။

အခုကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ် (၁၃) နယ်ပဲရှိတယ်။ အထွေထွေရွေးကောက်ပွဲကျတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ မဲဆန္ဒနယ်များတယ်။ မဲဆန္ဒနယ်များတဲ့အခါမှာ ပါတီတစ်ခုထဲက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းလည်း ယှဉ်ပြိုင်မယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းလည်း ယှဉ်ပြိုင်မယ်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းလည်း ယှဉ်ပြိုင်မယ်၊ (၃) ဦး တစ်ပြိုင်နက်တည်း မဲရုံတစ်ရုံမှာ ကိုယ်စားပြုယှဉ်ပြိုင်မယ်၊ အဲဒီအခါမျိုးမှာ ခန့်ထားပုံအခြေအနေတွေ မတူညီတာရှိတယ်။ အဲဒါကိုလည်း ပြောပြပေးပါ။

**ဦးဇော်နောင်လတ်** ။ ။ အထွေထွေရွေးကောက်ပွဲမှာတော့ ပါတီတစ်ခုက လွှတ်တော် (၃) ရပ်မှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေ ခန့်ထားတဲ့အခါမှာ လွှတ်တော်တစ်ရပ်စီအတွက် မဲရုံကိုယ်စားလှယ်တစ်ဦး၊ အကူကိုယ်စားလှယ်တစ်ဦး ခန့်ထားကြသလို လွှတ်တော် (၃) ရပ်လုံးကိုမှ မဲရုံတစ်ရုံမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက မဲရုံကိုယ်စားလှယ်တစ်ဦး၊ အကူကိုယ်စားလှယ်တစ်ဦးသာ ခန့်ထားတဲ့ ပါတီလည်း ရှိခဲ့ဖူးပါတယ်။

**ဦးမြင့်နိုင်** ။ ။ သူ့ပါတီမှာ (၃) ယောက် ယှဉ်ပြိုင်တော့ (၃) ယောက်လုံးအတွက်ကိုပဲ ဒီနှစ်ဦးထဲက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်ဆိုလည်း သူတို့ပဲ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်ဆိုလည်း သူတို့နှစ်ဦးပဲ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်လည်း နှစ်ဦးပဲ၊ ဒီနှစ်ဦးကပဲ မဲရုံတစ်ရုံမှာ (၃) ယောက်အတွက် ဆောင်ရွက်ရတယ်၊ တချို့ပါတီတွေကတော့ (၃) ယောက်အတွက် (၂) ဦးစီနဲ့ စုစုပေါင်း (၆) ယောက် ခန့်ထားတာရှိတယ်။ ဒါကတော့ အခြေအနေကြည့်ပြီးတော့ ခန့်ကြတာပါ။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ် ဖြစ်သွားတဲ့အခါမှာ သူတို့ဆောင်ရွက်ရမယ့် တာဝန်တွေရှိတယ်။

**ဒေါ်နှင်းယုလွင်** ။ ။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ် တစ်ဦးကဆိုရင် တာဝန်တွေလည်း ရှိပါတယ်။ ဒီအချက်တွေက ရွေးကောက်ပွဲအရ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ဆိုရင် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တစ်ဦးကဆိုရင် ကိုယ့်ကိုခန့်ထားတဲ့ ခန့်အပ်လွှာပုံစံ(၈) ကို ကိုယ့်ရဲ့ ကိုယ်စားလှယ်လောင်း ဒါမှမဟုတ်ရင် ရွေးကောက်ပွဲကိုယ်စားလှယ်ထံကနေ ရယူထားရမှာ ဖြစ်ပါတယ်။

## ညွှန်ကြားချက်ကို လိုက်နာ

တတိယအချက်အနေနဲ့ဆိုရင် ကိုယ့်ကိုခန့်ထားတဲ့ ခန့်အပ်လွှာကို ရွေးကောက်ပွဲ ကျင်းပတဲ့နေ့မှာ မဲရုံမှူးထံ အပ်နှံပေးရမှာ ဖြစ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ မဲရုံမှာလည်းပဲ မဲရုံမှူးရဲ့ တာဝန်အရ ညွှန်ကြားချက်ကိုလည်း သူတို့အနေနဲ့ လိုက်နာရမှာ ဖြစ်ပါတယ်။ ဒီအချက်လေးချက်ကတော့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တစ်ဦးရဲ့တာဝန်တွေပဲ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ တာဝန်တွေပြီးတော့အခွင့်အရေးတွေနဲ့ ပတ်သက်ပြီးတော့ ပြောပြပါဦး။

*စာမျက်နှာ ၉ သို့*

# မောင်တောဒေသဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတကာမီဒီယာများတွင် ဖော်ပြနေသည့် သတင်းအမှားများအား အမှန်သိရှိစေရန် ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတကာ မီဒီယာများတွင် ဖော်ပြနေသည့် သတင်းအမှားများအား အမှန်သိရှိစေရန်အတွက် သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့က ကြီးမှူး၍ The Hidden Reality of Rakhine Situation Behind The Media Mask ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ပြုလုပ်သည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့ တည်ထောင်သူနှင့် အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်အရေး လေ့လာသူ Mr.Rick Heizman က ရခိုင်ပြည်နယ်အခြေ အနေနှင့်စပ်လျဉ်းပြီး လေ့လာထားရှိမှုအား ဗီဒီယိုဖြင့်ပြသကာ ပစ်ခတ်မှုရပ်စဲရေးစောင့်ကြည့်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးမောင်မောင်ငြိမ်းက မောင်တောဒေသ မြေပြင်ကွင်းဆင်းလေ့လာထားရှိမှုအား ရှင်းလင်းပြောကြားသည်။

အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦးက "ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာမီဒီယာတွေမှာ သတင်းအမှားတွေ ထုတ်လွှင့်နေကြတယ်။ ရခိုင်ဒေသကို မြေပြင်ကွင်းဆင်းပြီးသွားခဲ့တဲ့ ပညာရှင်တွေ ရှိတယ်။ သူတို့ရခဲ့တဲ့ သတင်းအမှန်တွေကို သိစေချင်တယ်။ အဲ့ဒီအတွက် ဒီဆွေးနွေးပွဲကို စီစဉ်ခဲ့တာပါ" ဟု ပြောသည်။

ပါဝင်ဆွေးနွေးသူ ဦးမောင်မောင်ငြိမ်းက "မောင်တောဒေသဖြစ်စဉ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာမီဒီယာတွေက ရေးသားချက်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေကတင်ပြတဲ့ အစီရင်ခံစာတွေ ဖတ်ရတာရှိတယ်။ ကျွန်တော် မောင်တောဒေသကို သွားပြီး ဖြစ်ရပ်မှန်ကို မေးမြန်းခဲ့တယ်။ တကယ်ဖြစ်ရပ်မှန်တွေ တွေ့လာတယ်။ နိုင်ငံတကာ မီဒီယာတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက တင်ပြတာတွေနဲ့ ဖြစ်ရပ်မှန်တွေက တော်တော်ကွဲလွဲနေတယ်။ အဲ့ဒီကွဲလွဲမှုကို သိအောင်လာရောက်ဆွေးနွေးတာပါ" ဟု ပြောသည်။

သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး (International Criminal Court - ICC) သို့ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်စွဲဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးနှင့် ပတ်သက်သော Amicus Curiae (Friend of the Court) စာတမ်းကို တင်သွင်းခဲ့ရာ လက်မခံဘဲ ပယ်ချခံခဲ့ရကြောင်း ယနေ့ဆွေးနွေးပွဲမှ သိရသည်။

သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်းဦးက "ပြဿနာက ဘာမှမတုံ့ပြန်ဘဲနေမယ်ဆိုရင် အထူးသဖြင့် အနောက်မီဒီယာတွေ အင်အားများနေတဲ့အချိန် ကျွန်တော်တို့ဘက်က မှန်နေတဲ့အမှန်က အမှားဖြစ်နေတယ်။ ICC ကို အပြည့်ပြည့်ဆိုင်ရာ စာတမ်းတင်ခဲ့တယ်။ သူတို့ဘက်က လက်မခံခဲ့ဘူး" ဟု ပြောသည်။

သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့သည် ယခုနှစ်အတွင်း ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်ဒေသများသို့ မြေပြင်ကွင်းဆင်းသွားရောက်ကာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရသော ကျေးရွာများသို့သွားရောက်ကာ ဒေသခံ ရခိုင်၊ ဗမာ၊ မြို တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံကာ အကြမ်းဖက် တိုက်ခိုက်ခံရမှု ဖြစ်စဉ်များနှင့် ပတ်သက်ပြီး မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"သူတို့အချင်းချင်း ပုံမှန်နေထိုင်ကြတဲ့ သူတွေကြားမှာ ပြဿနာမရှိဘူး။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ ပြစ်မှုကျူးလွန်ပြီး ဒီဘက်ကို ထွက်ပြေးလာတဲ့သူတွေက ကြီးစိုးခဲ့တဲ့ အနေအထားတွေ့ရတယ်။ အဲဒီလိုဟာမျိုး နိုင်ငံတကာကို ထိထိမိမိ ရောက်အောင်ချပြဖို့ အရေးကြီးပါတယ်" ဟု သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်းဦးက ပြောသည်။

**မင်းသစ်(MNA)၊ ဓာတ်ပုံ - နေလင်း**

## မန္တလေး၊ လားရှိုး၊ မူဆယ် ဂုတ်တွင်းလမ်းပိုင်းပြုပြင်စဉ် လမ်းခေတ္တပိတ်မည်

**သီပေါ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချို ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၀၃/၄) ကွေ့ အမှတ် (၇) ကုလားမကွေ့တွင် တွဲယာဉ်၊ ဆီဘောက်ဆာယာဉ်နှင့် ကွန်တိန်နာတွဲယာဉ်များသည် ကွေ့ကြောအတွင်း ဗိုက်သားထဲသို့ တိမ်းမှောက်ခြင်း၊ ကွန်တိန်နာကုန်သေတ္တာများပြုတ်ကျ၍ တိမ်းမှောက်ခြင်းများ မကြာခဏဆိုသကဲ့သို့ ဖြစ်ပေါ်လျက်ရှိသဖြင့် လမ်းပိတ်ဆို့မှုများ အမြဲလိုဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ဖြစ်ပေါ်နေမှုကြောင့် မော်တော်ယာဉ်များသွားလာရာတွင် လွယ်ကူစေရန် ယင်းကွေ့အား အကွေ့ပြေလျှော့အောင်ညှိခြင်း၊ ထပ်ပိုးလွှာခင်းခြင်း စသည့်အကြီးစားပြင်ဆင်မှုလုပ်ငန်းများကို အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ လမ်းပိုင်းကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ ဦးသက်ဆွေက ပြောသည်။ လမ်းပိုင်းကို ပြင်ဆင်နေချိန်အတွင်း ယာဉ်ငယ်များကို အလျဉ်းသင့်သလို လွှတ်ပေးမည်ဖြစ်ပြီး ယာဉ်ကြီးများကို လမ်းပြုပြင်ချိန်အတွင်း ဖြတ်သန်းမှု ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ပြည်သူများအား သက်ငယ်မုဒိမ်း အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့က မှုခင်းအများဆုံးဖြစ်ပွားလေ့ရှိသည့် ဆိပ်ကမ်းမြို့နယ် (MGP) ညောင်တန်း ဆိပ်ကမ်းတွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေး ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီး၍ ယနေ့ နံနက်ပိုင်းက အသိပညာပေး ဟောပြောသည်။

အဆိုပါ သက်ငယ်မုဒိမ်း အသိပညာပေး ဟောပြောပွဲသို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဦး ဦးစီး၍ သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ချပြရှင်းလင်းခြင်း၊ သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး အသိပညာပေးဟောပြောခြင်းနှင့် ဆိပ်ကမ်းမြို့နယ်အတွင်း သက်ငယ်မုဒိမ်း မဖြစ်ပွားစေရေး ရှင်းလင်းပြောကြားရာ တက်ရောက်လာသော ပြည်သူများက သိလိုသည်များ ပြန်လည်မေးမြန်းကြသည်။

ယင်းနောက် သက်ငယ်မုဒိမ်းနှင့် ပတ်သက်၍ ပြည်သူများအကြား အသိပညာပြန့်ပွားစေရန် လက်ကမ်းစာစောင်များ ဝေငှခြင်းတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း မူးယစ်ဆေးဝါး သုံးစွဲပါက ဖြစ်ပေါ်မည့် လက္ခဏာများ၊ လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာမည့် အခက်အခဲများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား တက်ရောက်လာသော ပြည်သူများ အသိပညာတိုးစေရန် မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မင်းထက်**

*စာမျက်နှာ ၈ မှ*

**ဒေါ်ဇွန်ဖြိုးပွင့်** ။ ။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေရဲ့အခွင့်အရေးတွေက သူတို့အနေနဲ့ မဲရုံဖွင့်ချိန်ကနေစတင်ပြီးတော့ မဲလက်မှတ်တွေ ရေတွက်ပြီးတဲ့အချိန်အထိ မဲရုံထဲကို ဝင်ခွင့်ရှိပါတယ်။ ဥပဒေအရ မဲရုံဖွင့်ချိန်ကနေပြီးတော့ ရေတွက်ပြီးတဲ့အချိန်ထိ မဲရုံအတွင်းကို ဝင်ရောက်ခွင့်ရှိတယ်လို့ ဆိုထားပေမယ့် မဲရုံအကျယ်အဝန်းပေါ် မူတည်ပြီးတော့ တစ်ဦးစီ လဲလှယ်ဝင်ရောက်နိုင်ပါတယ်။

သူတို့တွေက မဲပေးခြင်းလုပ်ငန်းစဉ် တစ်လျှောက်လုံးကိုလည်း စောင့်ကြည့်လေ့လာခွင့်ရှိပါတယ်။ မဲရုံအတွင်းထဲမှာ ပြစ်မှုဆိုင်တဲ့ အချက်တွေကို တွေ့ခဲ့ရင်လည်း မဲရုံမှူးကို သွားရောက်တင်ပြပြောဆိုခွင့် ရှိပါတယ်။

### လိုက်ပါကြည့်ရှုခွင့်ရှိ

ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မဲရုံကို ကိုယ်တိုင်လာရောက်မဲမပေးနိုင်တဲ့ အသက်အရွယ်ကြီးရင့်သူတွေ၊ နာမကျန်းသူတွေ၊ အနာကြီးရောဂါစွဲကပ်နေသူတွေ၊ နေအိမ်မှာ မီးဖွားနေသူတွေ၊ မသန်စွမ်းသူတွေ၊ အချုပ်ခံနေရတဲ့သူတွေ၊ ဆေးရုံမှာ အတွင်းလူနာအနေနဲ့ တက်ရောက်နေတဲ့သူတွေအပြင် ရွေးကောက်ပွဲနေ့မှာ မဲဆန္ဒနယ်ပြင်ပကို ခရီးသွားရောက်မယ့်သူတွေ၊ မဲစာရင်းပါရှိရာဒေသကနေ ကျော်လွန်ပြီးတော့ သွားရောက်ထမ်းဆောင်ရမယ့် ဝန်ထမ်းတွေ၊ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေကို ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်တွေက သွားရောက် ကြိုတင်ဆန္ဒမဲရယူတဲ့ အခါမှာလည်း လိုက်ပါကြည့်ရှုခွင့် ရှိပါတယ်။

ပြီးတော့ မဲရုံမှာ ရေတွက်တဲ့ ကြိုတင်မဲနဲ့ ဆန္ဒမဲလက်မှတ်တွေကိုလည်း စောင့်ကြည့်လေ့လာခွင့်ရှိပါတယ်။ မဲရုံမှူးက ပယ်လိုက်တဲ့ ဆန္ဒမဲလက်မှတ်တွေကို စောင့်ကြည့် ကြည့်ရှုလို့ရသလို သဘောထားမှတ်ချက်ပေးပိုင်ခွင့်လည်း ရှိပါတယ်။

**ဦးမြင့်နိုင်** ။ ။ မဲရုံအတွင်းမှာပဲ သူတို့က တာဝန်ရှိတာမဟုတ်ဘူး။ မဲရုံမဖွင့်မီ နှစ်ရက်လောက်က ကြိုပြီးတော့ ကြိုတင်ဆန္ဒမဲပေးတာတွေကိုပါ လိုက်ကြည့်ခွင့်ရှိတယ်။ အဲဒါကို သိဖို့လိုအပ်တယ်။ မဲရုံထဲကျမှ လုပ်ရမှာမဟုတ်ဘဲ မဲရုံမဖွင့်မီ၊ မဲမပေးမီ ရပ်ကွက်ထဲမှာ နာမကျန်းတဲ့သူတွေ၊ မီးဖွားနေတဲ့သူတွေကို သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ကနေ သွားပြီးတော့ ကြိုတင်မဲယူတဲ့အခါမှာ လိုက်ကြည့်လို့ရတယ်။

ထူးခြားတဲ့အခွင့်အရေးတစ်ရပ် ရှိတယ်။ ဘာလဲဆိုတော့ ချိပ်တံဆိပ် ရိုက်နှိပ်တာပါ။ မဲရုံမှူးက ချိပ်တံဆိပ် ရိုက်နှိပ်တိုင်း သူတို့မှာလည်း ရိုက်နှိပ်ခွင့်ရှိတယ်။ အဲဒါကို ဆွေးနွေးပေးပါဦး။

**ဦးဇော်နောင်လတ်** ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီက ရရှိတဲ့ ဆန္ဒမဲလက်မှတ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်တွေကို မဲရုံမှူးက သီးခြားအိတ်တစ်လုံးစီမှာထည့်ပြီး လုံခြုံအောင်ပိတ်ပြီးတော့ ချိပ်တံဆိပ်ရိုက်နှိပ်တဲ့အခါမှာလည်း မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေက သူတို့ရဲ့ အမှတ်အသားတံဆိပ်ပါတဲ့ ချိပ်တံဆိပ်ကို ရိုက်နှိပ်ခွင့်ရှိပါတယ်။ မဲရုံမှူးက ပယ်မဲအားလုံးကို အထက်က တင်ပြခဲ့တဲ့ အိတ်သုံးမျိုးကို မဲရုံမှူးကစုစည်းပြီး အိတ်ကြီးတစ်လုံးထဲမှာထည့်ပြီးတော့ ချိပ်တံဆိပ်ရိုက်နှိပ်တဲ့အခါမှာလည်းပဲ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေက သူတို့ရဲ့အမှတ်အသားပါတဲ့ ချိပ်တံဆိပ်ကို ရိုက်နှိပ်ခွင့်ရှိပါတယ်။

**ဦးမြင့်နိုင်** ။ ။ ဒါတွေလည်း အရေးကြီးတယ်။ ကိုယ့်ရဲ့လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ကိုယ်က ချိပ်တံဆိပ်ရိုက်ရမယ်ဆိုတော့ ဘယ်လိုချိပ်တံဆိပ်ရိုက်မလဲဆိုတာ ကြိုပြီးတော့ ယူသွားကြပါ။ ကိုယ်ကလည်း ဒီအခွင့်အရေးရတယ်။ ကိုယ့်ချိပ်တံဆိပ်ရိုက် လို့ရှိရင် ဖောက်လိုက်ရင် ချိပ်တံဆိပ် ပျက် မပျက် လုံခြုံမှု ကောင်းသွားတာပေါ့။ နောက်တစ်ခါ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေ ဆောင်ရမယ့်၊ ရှောင်ရမယ့် အချက်တွေလည်း ရှိသေးတယ်။ ဆောင်ရမယ့်အချက်ကို ပြောပြပေးပါ။

**ဒေါ်နှင်းယုလွင်** ။ ။ မဲရုံကိုယ်စားလှယ် အကူကိုယ်စားလှယ်တစ်ဦးရဲ့ ဆောင်ရွက်ရန် အချက်တွေလည်း ရှိပါတယ်။ သူတို့တွေက မဲရုံဖွင့်ချိန် နံနက် ၆ နာရီမထိုးမီမှာ မဲရုံကို အရောက်သွားရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးခြင်းမစတင်မီ ဆန္ဒမဲလက်မှတ်တွေ ရေတွက်စစ်ဆေးခြင်း ပုံစံ (၁၁) မှာ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

### လက်မှတ်ရေးထိုးရမှာဖြစ်

တတိယအချက်အနေနဲ့ဆိုရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ဆန္ဒမဲစာရင်း ပုံစံ (၁၆) မှာ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတွေအတွက် ပုံစံ (၁၆ - က) မှာလည်း လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ဆိုရင် ရွေးကောက်ပွဲပြီးတဲ့နောက်မှာ အသုံးမပြုဘဲ ကျန်ရှိနေတဲ့ ဆန္ဒမဲစာရင်းပုံစံ (၁၆-၁) မှာ လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒီအချက်တွေကတော့ သူတို့တွေ ဆောင်ရွက်ရန်အချက်တွေ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်** ။ ။ လက်မှတ်ရေးထိုးရမယ်ဆိုတာက သူတို့ကလည်း ကြည့်ရှုစစ်ဆေးခွင့် ရှိတယ်။ မဲစာရင်းထုတ်ပေးတာတွေ မှန်၊ မမှန်၊ မဲလက်မှတ်ထုတ်ပေးတာတွေ မှန်၊ မမှန်၊ ပုံစံတွေ ဖြည့်တာတွေ မှန်၊ မမှန် ကြည့်ရှုပြီးတော့ သူတို့ကလည်း တွေ့ရှိတာကို လက်မှတ်ရေးထိုးပေးရတာ ဖြစ်တယ်။ ရှောင်ဖို့အတွက်ကရော ဘာတွေရှောင်ရမလဲ။

**ဒေါ်ဇွန်ဖြိုးပွင့်** ။ ။ မဲရုံအတွင်းထဲမှာ မဖွယ်မရာ အပြုအမူတွေကို မပြုလုပ်ရပါဘူး။ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေက သူတို့ရဲ့တာဝန်ဝတ္တရားတွေကို ဆောင်ရွက်နေချိန်မှာ နှောင့်ယှက်ခြင်း မပြုရပါဘူး။ မဲပေးဖို့ လာရောက်တဲ့ မဲဆန္ဒရှင်တွေကို စိတ်ပြောင်းသွားအောင် မပြုလုပ်ရပါဘူး။

မဲရုံအတွင်းမှာ ဖြစ်ဖြစ်၊ မဲရုံကနေ ကိုက် ၅၀၀ အတွင်းမှာပဲဖြစ်ဖြစ် သူတို့တွေက မဲဆွယ်စည်းရုံးခွင့်မပြုရသလို မဲဆန္ဒရှင်တွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို မဲပေးဖို့ တောင်းဆိုတာမျိုးတွေ၊ မဲမပေးဖို့ တိုက်တွန်းတာမျိုးတွေကို ရှောင်ကြဉ်ရပါမယ်။ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း (၁၃) မှာ ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်တာမျိုးတွေနဲ့ အခန်း (၁၄) မှာ ပြဋ္ဌာန်းထားတဲ့ တရားမဲ့ပြုကျင့်မှု တစ်ခုခုကို ပြုလုပ်တာတွေမျိုးကို မလုပ်မိအောင် ရှောင်ကြဉ်ရပါမယ်။

**ဦးမြင့်နိုင်** ။ ။ ပြီးတော့ အသေးစိတ်လုပ်ရမယ့် လုပ်ငန်းတွေ ရှိသေးတယ်။ မမျှော်လင့်ဘဲ ပေါ်လာနိုင်တယ်။ အဲဒီဟာကိုလည်း ပြောပြပါဦး။

**ဦးဇော်နောင်လတ်** ။ ။ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးစီတိုင်းရဲ့မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေက ဆန္ဒမဲပေးတဲ့နေ့မှာ မဲရုံတွေအတွင်းထဲမှာ ရှိနေရပါမယ်။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တွေရဲ့ တာဝန်တွေကလည်း များပြားလွန်းပါတယ်။ အချို့လုပ်ငန်းတာဝန်တွေက ကြိုတင်မှန်းဆထားလို့ မရပါဘူး။

ကြုံတွေ့လာတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး ဖြေရှင်းဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကို ထိခိုက်စေတဲ့ ဆောင်ရွက်မှုမျိုးမပြုလုပ်ရဘဲ အကျိုးရှိစေမယ့် လုပ်ဆောင်ချက်မျိုးသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

### စောင့်ကြည့်ပေးရမှာဖြစ်

တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာလည်း ဝတ်စားဆင်ယင်မှု၊ နေထိုင်ပြောဆိုမှုတွေဟာ ကိုယ့်ရဲ့လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် မဲဆွယ်စည်းရုံးတဲ့ပုံစံမျိုး မဖြစ်ရပါဘူး။ အခြားသူတွေကလည်း မဲရုံအတွင်း၊ မဲရုံပြင်ပတွေမှာ အခုလိုမျိုး မဲဆွယ်စည်းရုံးတာတွေ ရှိ မရှိကို စောင့်ကြည့်ပေးရမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးဖို့ လာရောက်တဲ့သူတွေကလည်း အစစ်အမှန် မဲဆန္ဒရှင် ဟုတ်၊ မဟုတ်၊ မဲလက်မှတ်ထုတ်ပေးတဲ့အခါမှာလည်းပဲ မှန်ကန်မှု ရှိ၊ မရှိ၊ မဲပေးတဲ့နေရာမှာလည်းပဲ လျှို့ဝှက်မဲပေးတဲ့စနစ် ဖြစ်၊ မဖြစ်၊ အယောင်ဆောင်မဲပေးတာ၊ ကိုယ်စားမဲပေးတာ ရှိ၊ မရှိ၊ ဒါတွေကို စောင့်ကြည့် အကဲခတ်နေရမှာ ဖြစ်ပါတယ်။ မမှန်မကန်တွေ့ရင်တော့ သက်ဆိုင်ရာ မဲရုံမှူးကို တင်ပြကန့်ကွက်ရမှာ ဖြစ်ပါတယ်။

မဲစာရင်းရေတွက်တဲ့အခါမှာလည်းပဲ အထူးဂရုပြုပြီးတော့ လေ့လာဂရုစိုက်ရမှာ ဖြစ်ပါတယ်။ ရေတွက်တာ မှန်၊ မမှန်၊ ပယ်မဲသတ်မှတ်ချက်က ဥပဒေနဲ့ ညီ၊ မညီ၊ မဲစာရင်း ရေးသွင်းတဲ့အခါမှာလည်း မှန်ကန်မှု ရှိ၊ မရှိ၊ ဥပဒေ၊ နည်းဥပဒေတွေနဲ့ ညီညွတ်မှု ရှိ၊ မရှိ လေ့လာစောင့်ကြည့်နေရမှာ ဖြစ်ပါတယ်။

### မှတ်သားထားကြရမှာဖြစ်

မမှန်မကန်တွေ့ရင် သက်ဆိုင်ရာမဲရုံမှူးကို တင်ပြကန့်ကွက်ရမှာ ဖြစ်ပါတယ်။ အမှန်ကို ထောက်ပြရမှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ဆောင်ရွက်သမျှအားလုံးကိုလည်း သူတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းနဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်ထံကို အစီရင်ခံစာ တင်ပြရမှာဖြစ်သလို သူတို့ရဲ့ မှတ်စုစာအုပ်ထဲမှာလည်းပဲ မှတ်သားထားကြရမှာ ဖြစ်ပါတယ်။

**ရှင်မင်း**

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သံတွဲမြို့၌ ကလေးစာပေပွဲတော်ကျင်းပရန် ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**သံတွဲ အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် သံတွဲမြို့သို့ ရောက်ရှိပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သံတွဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား လှည့်လည်နှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကလေးစာပေပွဲတော်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ၎င်း၌ စုဝေးရောက်ရှိနေကြသော စာရေးဆရာများနှင့် တွေ့ဆုံကာ စာပေရေးရာများကို ဆွေးနွေးသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ သံတွဲမြို့တွင် လူထုအခြေပြုဗဟိုဌာန ဆောက်လုပ်နိုင်မည့် အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုံးနှင့် စာကြည့်တိုက်ကို "လူထုအခြေပြုဗဟိုဌာန" အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ စာရေးဆရာများနှင့် တွေ့ဆုံကာ စာပေရေးရာများ ဆွေးနွေးစဉ်။** သတင်းစဉ်

# သံတွဲကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

သံတွဲ အောက်တိုဘာ ၂၆

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် (သံတွဲ) ကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သံတွဲမြို့ ဒွါရာဝတီခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**




ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများ၊ ပြခန်းများ ပါဝင်မည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ပြီး သံတွဲမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဖျော်ဖြေတင်ဆက်သွားမည့်အပြင် ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား ကျောက်ဆည်ဆင်အကများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။

ထို့ပြင် ကလေးစာပေပွဲတော် ကျင်းပမည့် ရက်များတွင် စာပေဟောပြောပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး "အနာဂတ်ရဲ့ ပန်းကလေးများ" ခေါင်းစဉ်ဖြင့် ဦးထွန်းတင် (ထိုက်တန်- သံတွဲ) ကလည်းကောင်း၊ "ကွက်လပ်ဖြည့်ပါ" ခေါင်းစဉ်ဖြင့် ဦးလှမြင့်အောင် (လှမြင့်အောင်- တောင်ကုတ်) တို့က ပါဝင်ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာနှင့် ရန်ကုန်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေချစ်မြတ်နိုးသူများနှင့် စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်းကာ ခရိုင်မြို့ကြီး ၃၃ မြို့၌လည်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ဖြစ်သည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ-တင်ထွန်းဦး**

# သံတွဲကလေးစာပေပွဲတော် အထိမ်းအမှတ် အကြို အားကစားပွဲများ ကျင်းပ



**သံတွဲ အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကလေးစာပေပွဲတော်ကို သံတွဲမြို့ ဒွါရာဝတီခန်းမ၌ အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်အထိမ်းအမှတ်အား ကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ကလေးစာပေပွဲတော် အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပရာ ယနေ့ နံနက်ပိုင်းတွင် အမျိုးသားဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားကွင်း၌ အထက (၁)နှင့် အထက(၂)အသင်းတို့က လည်းကောင်း **(ယာပုံ)**၊ ခရိုင်အားကစားခန်းမ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကို င/ကျော်တောင် အထက(ခွဲ)နှင့် ကင်းမော် အထကတို့က လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။



ထုပ်ဆီးတိုး အားကစားပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဦးဥတ္တမပန်းခြံ၌ ကျင်းပရာ မူလတန်းလွန်(မြပြင်)နှင့် အထက(ခွဲ) မြို့မ အသင်းတို့က ယှဉ်ပြိုင်ကစားကြသည်။

ကလေးစာပေပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစား ဗိုလ်လုပွဲများကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပမှုနှင့် စပ်လျဉ်း၍ သံတွဲ အထက (၁)မှ ဆရာမဒေါ်ခင်ထွေးရီက "ကလေးတွေအတွက် အားကစားဆိုတာ အရေးကြီးပါတယ်။ ဒီလိုပွဲမျိုးတွေကတစ်ဆင့် ဗဟုသုတလည်းရသလို အားကစားနည်းတွေ ပါတဲ့အတွက် စုပေါင်းဆောင်ရွက်တတ်သွားပါတယ်။ အသင်းအဖွဲ့နဲ့ စည်းစည်းလုံးလုံး နေတတ်သွားပါတယ်။ ဒါမျိုးတစ်ခါမှ မကြုံဖူးတဲ့အတွက်ကြောင့် ဆရာမတစ်ဦးအနေနဲ့ ကလေးတွေကို ဒါမျိုးတွေ အတွေ့အကြုံ ရစေချင် တယ်"ဟု ပြောကြားသည်။

**အောင်မင်းဟန်**

**ကလေးစာပေပွဲတော်အထိမ်းအမှတ် ထုပ်ဆီးတိုးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။**

# တာချီလိတ်၌ ကျပ်သိန်းပေါင်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မယ်ယန်းရွာ၌ မူးယစ်ဆေးဝါး သယ်ဆောင်သူ လူငယ်တစ်ဦးကို ကျပ်သိန်းပေါင်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က တာချီလိတ်မြို့နယ် ဒေင်ရွာအေးရိပ်မြိုင်လမ်းမပေါ်တွင် မိုင်းဆတ်မြို့ မိုင်းတွမ်းအုပ်စု လော့ပါရင်(ခ)လွယ်ပါရင်ရွာဘက်မှ တာချီလိတ်မြို့ မယ်ယန်းရွာဘက်သို့ ကျလဲ မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆိုင်ကယ်ကို လှဲချခဲ့ပြီး လာရာလမ်းအတိုင်း ထွက်ပြေးသွားခဲ့သည်။

ပူးပေါင်းအဖွဲ့များက လိုက်လံဖမ်းဆီးခဲ့ရာ ကိုက် ၃၀၀၀ ခန့်အကွာရှိ ရော်ဘာခြံ ရှေ့လမ်းယာဘက်ချုံတောအတွင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းလှဲချခဲ့သည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ (တန်ဖိုးငွေကျပ်သိန်း ၄၀၀ ခန့်)နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျလဲ (၁၈ နှစ်) လွယ်ပါရင်ရွာ မိုင်းဆတ်မြို့နေသူ**(ယာပုံ)**အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၀-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - ပန်းပျိုးခင်း (အပိုင်း- ၅၀) ပွင့်သောပန်းများ လန်းစေချင်
- ၉း၃၅ - တစ်ခါတစ်ခေါက်ရောက် အောင်လာပါ မြို့လပ္ပတ္တာ
- ၁၁း၂၅ - ဆေးဖက်ဝင် ဟင်းသီး ဟင်းရွက်နှင့် ကျန်းမာရေး လက်တွေ့အသုံးချ ဆေးနည်းတိုများ(အပိုင်း- ၁၈)
- ၁၃း၄၅ - ဟိုတုန်းက...ကက်ဆက် ဇာတ်လမ်းများ အညာမိ သွားတဲ့ အညာသားလေး
- ၁၄း၅၅ - မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ (Video Clip)

**ညပိုင်း**

- ၁၆း၃၅ - ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၈၁)
- ၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၇း၂၀ - NHK Programme ပညာရှင်တို့ရဲ့လမ်း (အိပ်မက်တစ်ခု အသက်ဝင်စေရန် ကမ္ဘာမြေပေါ်မှ အောက်သို့ဆင်းကြည့်ခြင်း)
- ၁၇း၄၅ - နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ (ရှမ်းပြည်နယ်)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ၂၀၁၈ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ နိုင်ငံရေး ပါတီများ၏ဟောပြောချက် ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစု ပါတီ

# အေအေ အီလက်ထရွန်နစ်ပစ္စည်းစက်ရုံ မီးကြွင်းမီးကျန်များအား ညနေပိုင်းထိ ဆက်လက်ငြိမ်းသတ်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ အုပ်စု စက်မှုဇုန်(၃) ကျန်စစ်သားလမ်းနှင့် ဒီပဲယင်းဝန်ထောက် ဦးမြဲလမ်းဆုံရှိ အေအေအီလက်ထရွန်နစ် စက်ရုံတွင် အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ရာ Level-5 ယာဉ်အုပ်စု၏ ညလုံးပေါက် ငြိမ်းသတ်မှုကြောင့် အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး စက်ရုံအတွင်းရှိ အကြွင်းအကျန်မီးများကို ညနေ ၄ နာရီကျော်အထိ ဆက်လက်ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

အေအေအီလက်ထရွန်နစ် ပစ္စည်းစက်ရုံ မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ ရောက်ရှိ၍ မီးအမြန်ငြိမ်းသတ်နိုင်ရေးအတွက် မီးငြိမ်းသတ်ယာဉ် ၄၇ စီး၊ ရေသယ်ယာဉ် ၂၉ စီး၊ အထောက်အကူပြုယာဉ် ၁၉ စီး၊ မီးသတ်စက်ယာဉ်တစ်စီးနှင့် ကွပ်ကဲမှုယာဉ် ကိုးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၇ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။ မီးကြွင်းမီးကျန်များကို ညနေပိုင်းအထိ ဆက်လက် ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

ထိုမီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းလျက် မီးလောင်ရခြင်း အကြောင်းရင်းကို လတ်တလောတွင် စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးထံမှ သိရသည်။

**(၁၆၄)၊ ဓာတ်ပုံ -သစ္စာ**



အေအေ အီလက်ထရွန်နစ်စက်ရုံ မီးကြွင်းမီးကျန်များကို မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းထိ ငြိမ်းသတ်နေကြစဉ်။

# ဘားအံမြို့နယ်တွင် နေအိမ်တစ်လုံး မီးလောင်

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့တာကျေးရွာတွင် အောက်တိုဘာ ၂၅ ရက် ညဦးပိုင်းက နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့နယ် ကော့တာကျေးရွာနေ နန်းသိန်းကြည်(၄၆ နှစ်)သည် ည ၇ နာရီခန့်က မိခင်ဖြစ်သူနေအိမ်သို့ မိသားစုနှင့်အတူ သွားရောက်ခဲ့စဉ် နေအိမ်ညှော်ခန်းအတွင်း သမီးဖြစ်သူ စာကြည့်ရန်ထွန်းထားသော ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်ခဲ့ခြင်း ဖြစ်သည်။ မီးလောင်ရာသို့ အိန္ဒိုနယ်မြေရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ အိန္ဒိုမီးသတ်တပ်ဖွဲ့မှ ဒုတပ်ကြပ် စောဆဲကလိုမှူးထူး ဦးစီးအဖွဲ့နှင့် ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် နှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသဖြင့် နန်းသိန်းကြည်အား အိန္ဒိုနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မိုးကောင်းနှင့် ပုသိမ်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ည ၉ နာရီခွဲက မိုးကောင်းမြို့ ကျွန်းတောရပ်ကွက် အမှတ်(၇)အုပ်စုနေ လနူး ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မဒေါင်မွန်းကို တွေ့ရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀ ၊ ဘိန်းစိမ်း ၁ ဒသမ ၅ ဂရမ်နှင့် မြန်မာငွေကျပ် ၁၃၅၀၀၀၀ တို့အား လည်းကောင်း။

အလားတူ အောက်တိုဘာ ၂၆ ရက် နံနက် ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခုံအမှတ် S-25 တွင် လိုက်ပါလာသည့် ခရီးသည် နော်ဘောက်၏ S-25 လေဘယ်လ်ကတ် ချိတ်ထားသော အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဘိန်းဖြူအလေးချိန် ၆၆၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူစစ်ဆေးရေးအဖွဲ့ ကျောက်စိမ်းဖြတ်စများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၉၅၃ သန်း၊ စုစုပေါင်းတားဆီးမှုသုံးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁ ဒသမ ၇၅၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တိုယိုတာဝှစ် ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏ အနောက်ထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၃၁၆ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော် အကြည်ညိုပျက်စေမှုနှင့် စွပ်စွဲခံထားရသည့် Eleven Media မှ သတင်းသမားသုံးဦး အာမခံရရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တရားရုံးတွင် အောက်တိုဘာ ၉ ရက်က နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲခံထားရသော Eleven Media မှ သတင်းသမားသုံးဦးအား တစ်ဦးလျှင် ငွေကျပ် သိန်းတစ်ရာနှုန်းနှင့် သုံးဦးအတွက် ငွေကျပ်သိန်းသုံးရာဖြင့် ယနေ့နံနက်က အာမခံအမိန့် ချမှတ်လိုက်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

တာမွေမြို့နယ်တရားရုံး မြို့နယ်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒေါ်တင်ဝါဝါသိန်းက “ဒီကနေ့ တာမွေမြို့နယ်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၈၅၆/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) နိုင်ငံတော်အကြည်ညိုပျက်စေမှုနဲ့ စွပ်စွဲခြင်းခံရတဲ့ Eleven Media က ဦးဖြိုးဝေ(ခ)ဖြိုးဝေဝင်း၊ ဦးကျော်ဇော်လင်းနဲ့ ဦးနရီမင်း(ခ)ဒေါက်တာမင်းလွင်တို့က အာမခံလျှောက်ထားတာကို အာမခံအမိန့် ချမှတ်ခဲ့တာပါ။ တရားလိုဘက်ကို လာမယ့်ရုံးချိန်းမှာ စစ်မယ်ဆိုတာကို မှာကြားလိုက်ပါတယ်။ နိုဝင်ဘာ ၉ ရက် သောကြာနေ့ကို ချိန်းဆိုထားပါတယ်”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရံ့ချောင်း ရဲကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၃၄) BGB တပ်ရင်း Mongjoypara ကင်းစခန်းမှ Naib Subedar Md. Shahidul Islam ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်မှ ၁၁ နာရီခွဲအထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၄၁/၂)မှ (၄၂)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ဖယ်ခုံမြို့နယ်၌ ဘိန်းခင်း ၄၁ ဧက ဖျက်ဆီးရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၆** ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး လင်းနိုင် ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် လအိကျေးရွာ၏ အရှေ့တောင် ဘက် ၂ မိုင်ခန့်အကွာ၌ လည်းကောင်း၊ လတိန်ကျေးရွာ မြောက်ဘက် ၂ မိုင်ခန့်အကွာနှင့် ဘောရန်ကျေးရွာ တောင်ဘက် ၂ မိုင်ခွဲခန့်အကွာတို့၌ လည်းကောင်း အမြင့် နှစ်ပေမှ နှစ်ပေခွဲ ခန့်ရှိ ဘိန်းခင်း ၄၁ ဧကကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၌ သတင်းရယူ

**စစ်တွေ အောက်တိုဘာ ၂၆**

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့ရှိ သင်္ကေပြင်ကယ်ဆယ်ရေး စခန်းသို့ ရောက်ရှိကြပြီး စခန်းအတွင်း နေထိုင်ကြသူများနှင့် တွေ့ဆုံကာ ပြန်လည်နေရာချထားပေးမည့် အစီအစဉ်များ၊ ၎င်းတို့၏ လတ်တလော နေထိုင်စားသောက်မှု၊ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများကို မေးမြန်းသတင်းရယူကြသည်။ **(ယာပုံ)**



သတင်းမီဒီယာအဖွဲ့တွင် Yomiuri Shimbun၊ MIR၊ Mizzima Weekly၊ Channel 4 News ၊ Swiss TV ၊ MRTV ၊ MITV ၊ MNA တို့မှ သတင်းမီဒီယာသမားများ လိုက်ပါလာကြသည်။

သင်္ကေပြင် ကယ်ဆယ်ရေးစခန်းသည် ၂၀၁၂ ခုနှစ်မှ စတင်တည်ရှိခဲ့ပြီး လက်ရှိတွင် အိမ်ထောင်စုတစ်ထောင်ကျော်၊ လူဦးရေ ခြောက်ထောင်ခန့် ရှိကြောင်း သိရသည်။

**အောင်ရဲသွင်၊ ဓာတ်ပုံ - ဝင်းမင်းစိုး (ပြန်/ဆက်)**

## စားသုံးသူပြည်သူများနှင့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာ

### “ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း”


စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် အစားအသောက်များ၊ အိမ်သုံးပစ္စည်းများ၊ ကလေး အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဆေးဝါးဖြည့်စွက်စာများ၊ ဓာတုဗေဒပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများစသည့် ကုန်စည် (၉) မျိုးတို့တွင် အောက်ပါအချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက် ဖြစ်စေ ဖော်ပြရမည်ဖြစ်ပါသည်-

- ☞ သုံးစွဲပုံအညွှန်း၊
- ☞ ထားသိုသိမ်းဆည်းပုံအညွှန်း၊
- ☞ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊
- ☞ ဘေးထွက်ဆိုးကျိုး၊

ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ ၆ လပြည့်မြောက်သည့်နေ့တွင် စတင်အာဏာ သက်ရောက်စေရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၁၉ အရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။ **စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၁-၇-၂၀၁၇) မှ (၃၀-၉-၂၀၁၈) ရက်နေ့အထိ**




တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှု စုစုပေါင်း ၃၈၅၆၈.၆၂၄ ကျပ်သန်း ဖြစ်ပါသည်။
ခာစ်မြစ် ‡ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ❋ ကျော့ဖုံးမှ

ထိုးသတ်ရင်း ခရာခီက အောင်လအန်ဆန်အား ဝင်ချုပ်ရာ အောင်လ အောင်မြင်စွာ ရုန်းထွက်နိုင်ခဲ့ပြီး လက်သီးတွဲလုံးများဖြင့် လိုက်လံထိုးသတ်မှုကြောင့် ခရာခီ ကြမ်းပြင်သို့လဲကျကာ ဒိုင်ပွဲရပ်ဖြင့် လက်ရှိချန်ပီယံ အောင်လအန်ဆန်က ပထမအချီမှာပင် အလဲထိုး အနိုင်ယူလိုက်သည်။

လက်ရှိချန်ပီယံ ရွှေခါးပတ်ကို ကာကွယ်အနိုင်ယူခဲ့သော အောင်လက အဆိုပါပွဲနှင့် ပတ်သက်ပြီးပွဲအပြီးတွင် “အားပေးတဲ့ မြန်မာပရိသတ်ကြီး အထူးကျေးဇူးတင်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ အစပဲရှိသေးတယ်။ ဒီထက်ကောင်းတဲ့ပွဲတွေ ကြည့်ရဦးမှာပါ။ စည်းစည်းလုံးလုံးနဲ့ ကြိုးစားရင် ဘာမဆိုအောင်မြင်နိုင်တယ်ဆိုတာ သက်သေပြလိုက်တာပဲ။ ဒီပွဲအတွက် အထူးပြောချင်တာကတော့ အားပေးတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်တယ်”ဟု ပြောကြားသည်။

ဖိုးသော်နှင့် မလေးရှားနိုင်ငံမှ ဆူဘားတို့ပွဲတွင် ပထမအချီမှာပင် ဖိုးသော် ချုပ်ကွက်မိသွားသဖြင့် ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲ ဆူဘားကို အရှုံးပေးလိုက်ရသည်။ အခြားပွဲစဉ်များတွင် ပထမဆုံး ယှဉ်ပြိုင်ထိုးသတ်သည့် အင်ဒိုနီးရှားမှ ရူဒီနှင့် ဖိလစ်ပိုင်မှ အီဗင်တို့ ပွဲတွင် ပထမအချီ၌ပင် ရူဒီကဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲစဉ်တွင် တရုတ်မှ မာရှုဒေါင်နှင့် အာဖဂန်နစ္စတန်မှ အာမက်တို့ပွဲတွင် ပထမအချီ၌ လက်ရည်တူ ကစားခဲ့သော်လည်း ဒုတိယအချီအစတွင် အာမက်က ဘယ်၊ ညာတွဲလုံးများဖြင့် မာရှုဒေါင်ကို အလဲထိုးအနိုင်ယူခဲ့သည်။

ဂျိုးဇက်(အီတလီ)နှင့် တိုနာ(သြစတြေးလျ) တို့ပွဲတွင်လည်း ပထမအချီ၊ ဒုတိယအချီတို့တွင် သူတစ်ပြန်၊ ကိုယ်တစ်ပြန် အလဲထိုးပွဲသိမ်း အနိုင်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း တစ်ဦးနှင့်တစ်ဦး အလဲထိုးအနိုင်ယူခြင်းမရှိဘဲ အမှတ်ဖြင့် ဆုံးဖြတ်ရာ သြစတြေးလျနိုင်ငံမှ တိုနာက အနိုင်ရခဲ့သည်။ လူးဝစ်(ဘရာဇီး)နှင့် ဒိုင်ချီ(ဂျပန်)တို့ပွဲတွင် ပထမအချီမှာပင် လူးဝစ်က ဘယ်ခြေကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။ တစ်ဖန် ပြည်တွင်းပွဲစဉ်ဖြစ်သော မိုက်ရိုင်းနှင့် ရဲသွေးနီတို့ပွဲတွင် ရိုးရာလက်ဝှေ့သမားများပီပီ လက်သီးနှင့် ခြေကန်ချက်များကိုသာ သုံးချီအသုံးပြုသွားသဖြင့် တစ်ဖက်နှင့်တစ်ဖက် အလဲထိုးနိုင်ခြင်းမရှိဘဲ အမှတ်ဖြင့် ဆုံးဖြတ်ရာ ရဲသွေးနီ အနိုင်ရခဲ့သည်။


ဆက်လက်ပြီး ဟန်ဇီ(တရုတ်)နှင့် ရိုင်ယန်(ဖိလစ်ပိုင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပွဲစသည်နှင့် ရိုင်ယန်က လိုက်လံထိုးသတ်ခဲ့သော်လည်း ဟန်ဇီ ညာဝိုက်လက်သီးမိ၍ ကြမ်းပြင်သို့ မှောက်ကျကာ အရှုံးပေးခဲ့ရသည်။ ဂျပန်နိုင်ငံမှ မာဆာကာဆူနှင့် စင်ကာပူနိုင်ငံမှ ရာမာန်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ မာဆာကာဆူက ပထမပွဲအစမှာပင် ဂျူဂျစ်စုနည်းဖြင့် အနိုင်ရခဲ့သည်။ တစ်ဖန် မော်ရိုကိုနိုင်ငံမှ တာရစ်ခ်နှင့် အီဗရာဟင်တို့ပွဲတွင်လည်း တာရစ်ခ် သုံးချီပြည့် လိုက်လံထိုးခဲ့သဖြင့် သုံးချီမြောက်တွင် အီဗရာဟင် ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးလိုက်ရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- The Fight Nation**

ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံ အောင်လအန်ဆန် စိန်ခေါ်သူ လက်ဘနွန်နိုင်ငံသား မိုဟာမက် ခရာခီကို အနိုင်ယူပြီး အောင်ပွဲခံနေစဉ်။




**ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ**




ခာစ်မြစ် ။ အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၏ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ လှိုင်ကော်၊ မုံရွာ)ကျောင်းများ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အားကစားပြိုင်ပွဲများအား ယနေ့နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ပိုက်ကျော်ခြင်း အားကစားရုံတွင် ကျင်းပသော အမျိုးသား အမျိုးသမီးလေးယောက်တွဲ အသင်းလိုက် ဗိုလ်လုပွဲ စားပွဲတင်တင်းနစ် ပြိုင်ပွဲများအဖြစ် အမျိုးသား/ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများ၊ အမျိုးသား/ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ၊ အမျိုးသား/ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ယင်းနောက် ရေကူးအားကစား ပြိုင်ပွဲများအဖြစ် မီတာ(၂၀၀) အမျိုးသား/ အမျိုးသမီး တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ မီတာ(၁၀၀)အမျိုးသား/ အမျိုးသမီး ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ(၁၀၀) အမျိုးသား/ အမျိုးသမီး ပက်လက်ကူးပြိုင်ပွဲ၊ မီတာ(၅၀) အမျိုးသား/ အမျိုးသမီး လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ(၅၀) အမျိုးသား/ အမျိုးသမီး ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် မီတာ (၅၀) အမျိုးသား/ အမျိုးသမီး လွန်းပျံ အလွတ်ကူးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ဘောလုံး(ကျား)၊ ဘတ်စကက်ဘော(ကျား/မ)၊ လက်ဝှေ့၊ တင်းနစ် (ကျား/မ)၊ ဘော်လီဘော (ကျား/မ)၊ ကြက်တောင်၊ အလေးမ ပြိုင်ပွဲနှင့် ဝူရှူးပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားကွင်း/ရုံ ၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို အောက်တိုဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၇ နာရီခွဲမှစတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# လိုင်လင်းပီမြို့၌ ပါးချိတ်ရောင်ရောဂါဖြစ်သူ ၄၀ ခန့်ရှိ

**လိုင်လင်းပီ အောက်တိုဘာ ၂၆**

ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ သြဂုတ်လမှစတင်ကာ ပါးချိတ်ရောင် (Mumps)ရောဂါဖြစ်ပွားမှုကြောင့် ယနေ့အထိ ဆေးခန်းလာပြသူ ၄၀ ခန့် ရှိကြောင်း သိရသည်။

“ပါးချိတ်ရောင်(Mumps)ရောဂါက လေကနေတစ်ဆင့် ကူးတာဖြစ်ပြီး ကူးစက်လွယ်တဲ့ရောဂါဖြစ်ပါတယ်။ လူကြီးလူငယ်မရွေး ဖြစ်ပွားနိုင်ပြီးတော့ ဆေးထိုး၊ ဆေးသောက်မှသာ သက်သာတဲ့ရောဂါတစ်မျိုးဖြစ်တယ်။ ဆေးထိုး၊ ဆေးသောက်မလုပ်တဲ့သူတွေဆိုရင် အဲဒီပါးချိတ်ရောင်တာကနေစပြီး တခြားရောဂါတွေ ဆက်ဖြစ်တာကိုလည်း တွေ့ရပါတယ်။ ဆေးထိုး၊ ဆေးသောက်လုပ်မယ်ဆိုရင် အကြာဆုံးကုသချိန်က တစ်ပတ်လောက်ရှိပါတယ်”ဟု လိုင်လင်းပီတိုက်နယ်ဆေးရုံမှ ဆရာမတစ်ဦးက ပြောသည်။

အဆိုပါ ပါးချိတ်ရောင်ရောဂါဖြစ်ပွားပြီး ဆေးခန်းလာပြသူ ၄၀ ခန့်ရှိကြောင်း၊ ဖြစ်ပွားမှုများနေစဉ်တွင် တစ်ရက်တည်းတွင် ၁၀ ဦးကျော်ရှိကြောင်းနှင့် ယခု အောက်တိုဘာလကုန်ပိုင်းတွင် ဆေးခန်းလာပြသူ နည်းသွားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အသိပေးတင်ပြချက်

အစိုးရဌာနအဖွဲ့အစည်းများရဲ့
တည်ဆောက်ခြင်း၊
ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊
ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ
ပြုလုပ်လိုတဲ့အခါ တင်ဒါခေါ်ယူလေ့ရှိပါတယ်။

တင်ဒါခေါ်ယူတဲ့အခါ
အရေးတကြီးသိထားသင့်တဲ့
ဒီအချက်တွေကို
သင်သိပြီးပြီလား ?




နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ဖြင့်
တင်ဒါလုပ်ထုံးလုပ်နည်းများကို
အခုလိုထုတ်ပြန်ထားပါတယ်။

နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ
လေလွင့်ဆုံးရှုံးမှုမရှိစေရန်။




---

- အဂတိလိုက်စားမှုများ မရှိစေရန်။
  - တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ




မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်။




---

- နိုင်ငံတော်နှင့်ပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်စေရန်တို့ပဲ ဖြစ်ပါတယ်။




တင်ဒါခေါ်ယူတဲ့အခါ ကော်မတီများကိုလည်း
စနစ်တကျဖွဲ့စည်းရပါမယ်။

- တင်ဒါကော်မတီ
- ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ
- တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
- အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ

စသည်ဖြင့် သတ်မှတ်ချက်နှင့်အညီဖွဲ့စည်းပြီး
တာဝန်များကို ခွဲဝေဆောင်ရွက်ရပါမယ်။




---

တင်ဒါလုပ်ငန်းစဉ်များ
ဆောင်ရွက်ရာတွင်လည်း

- ရန်ပုံငွေခွင့်ပြုချက် ရှိ၊ မရှိ စိစစ်ခြင်း
- ဝယ်ယူရေးအစီအစဉ်ရေးဆွဲတင်ပြ အတည်ပြုချက်ရယူခြင်း
- စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း
- တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြေညာခြင်း
- တင်ဒါများကို အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် ကန့်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ ပါဝင်သည့်အစီရင်ခံစာများ တင်ပြခြင်း
- တင်ဒါအောင်မြင်သူများအား ထုတ်ပြန်ကြေညာခြင်း
- စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း
- စာချုပ်ငွေ ပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း စသည့် တင်ဒါလုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ရပါမယ်။




တင်ဒါလုပ်ငန်းစဉ်တွင်ပါဝင်သည့်
တင်ဒါအောင်မြင်သူများအား
ထုတ်ပြန်ကြေညာခြင်းလုပ်ငန်းတွင်

တင်ဒါစာရွက်စာတမ်း၌ ဖော်ပြပါရှိသည့်
နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း
တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရပါမည်။




---

စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ
စိစစ်အကဲဖြတ်၍ နည်းပညာစံချိန်
စံညွှန်းကိုက်ညီသော တင်ဒါ
တင်သွင်းသူများအနက်မှ ဈေးနှုန်း
အနည်းဆုံးတင်သွင်းသူများအား ရွေးချယ်၍
တင်ဒါ အောင်/ရှုံးကို ဆုံးဖြတ်ပြီး

တင်ဒါအောင်မြင်သူများကို
ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်
တင်ဒါခေါ်ယူသည့် ဝန်ကြီးဌာန၏
Website တွင် တရားဝင်ထုတ်ပြန်ကြေညာပြီး
ကန်ထရိုက်အပ်နှင်းခြင်းကို
ဆောင်ရွက်ရမည်။




တင်ဒါမအောင်မြင်သော
တင်ဒါတင်သွင်းသူများအား
တရားဝင်အကြောင်းကြားပြီး
တင်ဒါအာမခံကြေးကို
(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။




တင်ဒါလုပ်ငန်းစဉ်များအားလုံးကို
မှတ်တမ်းများထားရှိပြီး အနည်းဆုံး
၃ နှစ် ထိန်းသိမ်းထားရှိရပါမယ်။

- လက်ခံရရှိသည့်တင်ဒါများ
- စိစစ်အကဲဖြတ်မှုအစီရင်ခံစာ
- တင်ဒါကော်မတီ၏မှတ်တမ်း
- လက်မှတ်ရေးထိုးပြီးစာချုပ်
- ငွေပေးချေမှုဆိုင်ရာအချက်အလက်များ
- လက်ခံရရှိကြောင်း အသိအမှတ်ပြုစာ
- အခြားဆက်စပ်စာရွက်စာတမ်းများ စသည်တို့ ဖြစ်ပါတယ်။

---

တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင်
နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ကို ဖောက်ဖျက်လျက်
နိုင်ငံတော်၏ ငွေကြေးပစ္စည်း
ထိခိုက်နစ်နာဆုံးရှုံးလျှင်
အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်သည့်အတွက်
အရေးယူခံရနိုင်ကြောင်း ရှင်းရှင်းလင်းလင်း
နားလည်သဘောပေါက်သင့်ပါတယ်။




ဒါကြောင့် တင်ဒါလုပ်ထုံးလုပ်နည်း
၁/၂၀၁၇ ကို
တိကျစွာ လိုက်နာနိုင်မည်ဆိုလျှင်
အဂတိလိုက်စားမှု မဖြောက်နိုင်ကြောင်း
တင်ပြအပ်ပါတယ်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ဒေါ်နယ်ထရမ့်အား ဝေဖန်သူများထံ လိပ်မူပေးပို့သည့် အထုပ်ပို့သူများကို မကြာမီဖော်ထုတ်နိုင်တော့မည်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ဝေဖန်ပြောဆိုသူများထံ လိပ်မူပြီး ဗုံးဟုယူဆရသည့်အထုပ်များ ပို့သည့်သူကို မကြာမီအချိန်အတွင်း ဖော်ထုတ်နိုင်တော့မည်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့သည်။

အခုလို လုပ်ရပ်များကို ကျူးလွန်သူတစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသူများကို ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း နယူးယောက် ရဲမင်းကြီး ဂျိမ်းစ်အိုနေးလ်က မကြာသေးမီတွင် သတင်းထောက်များကို ပြောခဲ့သည်။

ယခုအချိန်အထိ ဖော်ထုတ်ရသမျှသော ဖောက်ခွဲရေးပစ္စည်းဟု သံသယရှိသည့် အထုပ်များအားလုံးကို ဗာဂျီးနီးယားပြည်နယ် ကွမ်တီကိုမြို့ အမေရိကန်မရိန်းတပ်စခန်းရှိ အက်ဖ်ဘီအိုင်ဓာတ်ခွဲခန်းကို ပို့ပြီးဖြစ်ကြောင်း ရဲမင်းကြီးက ဆက်လက် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် တစ်ဦးအပေါ် တစ်ဦးမလိုမုန်းထားသည့် နိုင်ငံရေးဝန်းကျင်မျိုး ရှိနေသောကြောင့် ယခုလိုလုပ်ရပ်မျိုးကို ပြုလုပ်ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားခဲ့သည်။

အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမား၊ ဒုတိယသမ္မတ ဂျိုးဘိုင်ဒန်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီ ကလင်တန်၊ ရှေ့နေချုပ်ဟောင်း အဲရစ် ဟိုဒါ၊ ဒီမိုကရက်တစ် အောက်လွှတ်တော်အမတ် နှစ်ဦး၊ စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဂျွန်ဘရန်နာ၊ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး အန်ဒရူးကိုမိုနှင့် ဟောလိဝုဒ်ရုပ်ရှင်မင်းသားကြီး ရောဘတ် ဒီနီရိုတို့ထံ သံသယဖြစ်ဖွယ် အထုပ်များကို လိပ်မူပြီး ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့အားလုံးသည် အမေရိကန် သမ္မတထရမ့်ကို ဝေဖန်ပြောဆိုထားသူများဖြစ်ကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**



နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလက်စီရို၊ ရဲမင်းကြီး ဂျိမ်းစ်အိုနေးလ်နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုတို့ နယူးယောက်မြို့မန်ဟက်တန်ရှိ တိုင်းမ်ဝါနာစင်တာအပြင်ဘက်တွင် အောက်တိုဘာ ၂၄ ရက်က သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။

# အီသီယိုးပီးယား၌ ပထမဆုံး အမျိုးသမီးသမ္မတ ခန့်အပ်

**အဒစ္စအဘာဘာ အောက်တိုဘာ ၂၆**

အာဖရိက၏ ဒုတိယလူဦးရေ အထူထပ်ဆုံးနိုင်ငံဖြစ်သည့် အီသီယိုးပီးယားတွင် အစိုးရအဖွဲ့အတွင်း အမျိုးသမီးအစိုးရအဖွဲ့ဝင်များ ခန့်အပ်လာရာ ကြာသပတေးနေ့တွင်လည်း ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးသမ္မတကို ခန့်အပ်ခဲ့သည်။ အသက် ၆၈ နှစ်အရွယ် ဆေးလ်ဟယ် ဝေါ့ခ်ဇုဒ်ကို လွှတ်တော်အမတ်များက တညီတညွတ်တည်း မဲပေးကာ သမ္မတအဖြစ် မဲပေးခဲ့ကြခဲ့သည်။

အီသီယိုးပီးယား၏ ပြုပြင်ပြောင်းလဲရေးသမားဖြစ်သူ ဝန်ကြီးချုပ် အဘီအာမတ်သည် လွန်ခဲ့သော သီတင်းပတ်ကလည်း လူ ၂၀ ဖြင့် ကျစ်လျစ်သော အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်။ ထိုလူ ၂၀ တွင် ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်သည်။

လက်ရှိ အီသီယိုးပီးယားတွင် အမျိုးသားရော အမျိုးသမီးပါ တူညီသောအခွင့်အရေးရှိကြောင်း၊ အီသီယိုးပီးယား၌ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှု၊ လူမျိုးစုနှင့် ကျား/မ ခွဲခြားဆက်ဆံမှုမရှိအောင် ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း ကြာသပတေးနေ့တွင် ဆေးလ်ဟယ်ဝေါ့ခ်က ပြောသည်။

ဆေးလ်ဟယ်ဝေါ့ခ်သည် အီသီယိုးပီးယားမြို့တော် အဒစ္စအဘာဘာတွင် မွေးဖွားခဲ့သူဖြစ်ပြီး ပြင်သစ်နိုင်ငံရှိ တက္ကသိုလ်တွင် တက်ရောက်ခဲ့သူ ဖြစ်သည်။ ထို့နောက် အီသီယိုးပီးယားဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ် ဖြစ်လာသည်။ သမ္မတအဖြစ် ခန့်အပ်ခြင်းမခံရမီ ၎င်းသည် အာဖရိကသမဂ္ဂဆိုင်ရာ ကုလသမဂ္ဂ အဆင့်မြင့်အရာရှိကြီး တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် အင်္ဂလိပ်၊ ပြင်သစ်နှင့် အီသီယိုးပီးယား အဓိက လူမျိုးစု၏ ဘာသာစကားဖြစ်သော အမ်ဟာရစ် ဘာသာစကားတို့ကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။

အီသီယိုးပီးယားနိုင်ငံတွင် နိုင်ငံရေးပါဝါမှာ ဝန်ကြီးချုပ်တွင်သာရှိပြီး သမ္မတမှာ အခမ်းအနားများ တက်ရောက်ရန်၊ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန် ကန့်သတ်ထားမှုများ ရှိသည်။ **အေအက်ဖ်ပီ**



အီသီယိုးပီးယားသမ္မတအဖြစ် ခန့်အပ်ခံရသူ ဆေးလ်ဟယ်ဝေါ့ခ်နှင့် ဝန်ကြီးချုပ် အဘီအာမတ်တို့ကို ကြာသပတေးနေ့က တွေ့ရစဉ်။

# ဂျော်ဒန်၌ ရေကြီးရေလျှံဖြစ်မှုများကြောင့် ၂၁ ဦး သေဆုံး

**အမ္မန် အောက်တိုဘာ ၂၆**

ဂျော်ဒန်နိုင်ငံတွင် မိုးသက်လေပြင်းကျရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားနေသောကြောင့် အလည်အပတ်ခရီးထွက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်ကြုံတွေ့ကာ လက်ရှိအချိန်တွင် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအပါအဝင် စုစုပေါင်း ၂၁ ဦး သေဆုံးနေပြီး လူပေါင်းဒါဇင်ကျော်ပျောက်ဆုံးနေကြောင်း ဂျော်ဒန်ဝန်ကြီးချုပ်ရုံးက မကြာသေးမီတွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၂၅ ရက်က ဂျော်ဒန်နိုင်ငံတစ်ဝန်း မိုးသက်လေပြင်း ကျရောက်ခဲ့ကြောင်း သိရသည်။ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၁၈ ဦး သေဆုံးနေပြီး လူပေါင်း ဒါဇင်ကျော်ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သည့်နေရာသည် မြို့တော် အမ္မန်အနောက်တောင်ပိုင်း ကီလိုမီတာ ၆၀ ခန့်ရှိ ဇာရာမအီရေပူစမ်းတစ်လျှောက်ဖြစ်သည်။ အဆိုပါနေရာတွင် လျှိုမြောင် များစွာရှိရာ မိုးသက်လေပြင်းကျရောက်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် မြေပြိုမှုများလည်း ဆက်လက် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမ္မန်ရှိ ပုဂ္ဂလိကကျောင်းတစ်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ဇာရာမအီရေပူစမ်းသို့ အလည်အပတ်ခရီးသွားပြီး လျှိုမြောင်အတွင်း ပျော်ပွဲစားလုပ်နေစဉ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါနေရာတွင် အခြားပျော်ပွဲစားလုပ်သူ ခရီးသွားများလည်းရှိကြောင်း သိရသည်။

နောက်ဆက်တွဲ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်ကို မသိရသေးကြောင်း သိရသည်။

သေဆုံးသူအများစုမှာ ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သိရပြီး ဂျော်ဒန်အစိုးရက ကူညီကယ်ဆယ်မှုများပြုလုပ်ရန်အတွက် အခင်းဖြစ်ပွားရာနေရာသို့ရဟတ်ယာဉ်များ၊ သင်္ဘောများနှင့် ရေငုပ်သမားများ စေလွှတ်ထားကြောင်း၊ ယခုအချိန်အထိ လူ ၃၄ ဦးကို ကယ်ဆယ်ထားပြီးဖြစ်ကြောင်း သိရသော်လည်း လူပေါင်း ဒါဇင်နှင့်ချီကာ ပျောက်ဆုံးလျက်ရှိနေသေးကြောင်း သိရ သည်။

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ က လိုအပ်သည့် အကူအညီများနှင့်ကယ်ဆယ်မှုများ အစွမ်းကုန်ပြုလုပ်နိုင်ရန် ဝန်ကြီးချုပ် အိုမာရာဇတ်အား တိုက်တွန်းမှာကြားထားကြောင်း သိရသည်။

**ဆင်ဟွာ**

---

# အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံး အပြင်ဘက်တွင် ဆန္ဒပြမှုများ ပေါ်ပေါက်

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၆**

အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးရှေ့တွင် ကြာသပတေးနေ့ ညက ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။ ကောင်စစ်ဝန်ရုံးအတွင်း ဆော်ဒီဂျာနယ်လစ် အသတ်ခံရမှုအတွက် မည်သည့်ညှိနှိုင်းမှုမျိုးကိုမျှ လက်ခံလိမ့်မည်မဟုတ်ဟု ဆန္ဒပြသူများက ကြွေးကြော်ခဲ့ကြသည်။

အသတ်ခံရသူ ခါရှော့ဂီ၏သူငယ်ချင်းဟု ပြောသူတစ်ဦးက ၎င်းသည် အမှုမှန်မပေါ်မချင်း၊ ပြစ်မှုကျူးလွန်သူ ပြစ်ဒဏ်မခံရမချင်း ကျေနပ်မည် မဟုတ်ဟု ပြောကြားခဲ့သည်။ ဆော်ဒီအိမ်ရှေ့မင်းသားကို ဝေဖန်မှုပြုခဲ့သော ခါရှော့ဂီသေဆုံးသွားမှုအတွက် ဆန္ဒပြသူများသည် ဖယောင်းတိုင်များထွန်းကာ ဆုတောင်းပေးခဲ့ကြသည်။

ယင်းဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော ဂျာနယ်လစ်တစ်ဦးက အာဏာပိုင်အစိုးရကို လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ထိခိုက်လာသည်ကို စိုးရိမ်မိကြောင်း ပြောသည်။ ထို့အပြင် အခြားသော ဂျာနယ်လစ်အားလုံးသည်လည်း လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ထိခိုက်လာပြီး အန္တရာယ်အတွင်းကျဆင်းမည်ကို စိုးရိမ်သင့်ကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ယခင်ကတ်တလန်ခေါင်းဆောင်ဟောင်းများကို ရုံးတင်စစ်ဆေးရန် စပိန်နိုင်ငံတော် တရားရုံးချုပ်မှ အမိန့်ချ

**မက်ဒရစ် အောက်တိုဘာ ၂၆**

စပိန်နိုင်ငံတော်တရားရုံးချုပ်မှ ယခင်ကတ်တလန် အစိုးရအဖွဲ့ဝင်ဟောင်း ၁၈ဦးကို လွန်ခဲ့သောနှစ်က ကတ်တလန်လွတ်လပ်ရေးကြေညာခဲ့သည့်အတွက် ရုံးတင်စစ်ဆေးရန် ကြာသပတေးနေ့က အမိန့်ချခဲ့သည်။ ရုံးတင်စစ်ဆေးမှုကို ၂၀၁၉ အောက်တိုဘာလအစောပိုင်းတွင် စတင်ရန် ခန့်မှန်းထားပြီး ကတ်တလန်အစိုးရနှင့် စပိန်ဗဟိုအစိုးရတို့ကြား သဘောထားတင်းမာမှုများ ထပ်မံပေါ်ပေါက်လာနိုင်သည်။

ကတ်တလန် ဒုတိယဥက္ကဋ္ဌဟောင်း အော်ရီယို ဂျွန်ကွာရပ်စ်အပါအဝင် ဖမ်းဆီးထားသော ခေါင်းဆောင်ကိုးဦးမှာ တော်လှန် ပုန်ကန်မှုဖြင့် ထောင်ဒဏ် ၂၅ နှစ်အထိ ချမှတ်နိုင်ကြောင်း တရားရုံးက ပြောသည်။ တော်လှန်ပုန်ကန်မှုဖြင့် စွပ်စွဲခံထားရသော ကတ်တလန်ဥက္ကဋ္ဌဟောင်း ချားလ်ပူဒီမောင့်မှာမူ ယခု ရုံးတင်စစ်ဆေးမှုတွင်မပါဝင်သေးပေ။ လွန်ခဲ့သောနှစ် အောက်တိုဘာလတွင် ကတ်တလန်ပါလီမန်မှ လွတ်လပ်ရေးကြေညာခဲ့ပြီးနောက် လူထုဆန္ဒပြပွဲများပေါ်ပေါက်လာပြီး စပိန်နိုင်ငံတွင် အဆိုးရွားဆုံးသော နိုင်ငံရေးပဋိပက္ခ ပေါ်ပေါက်လာခဲ့သည်။

ကတ်တလန်ဒုတိယဥက္ကဋ္ဌဟောင်း အော်ရီယိုဂျွန်ကွာရပ်စ်အပါအဝင် အခြားသော ကတ်တလန်အစိုးရအဖွဲ့ဝင်များကို ၂၀၁၇ နိုဝင်ဘာလမှစကာ ဖမ်းဆီးခဲ့ပြီး တရားမဝင်လူထု ဆန္ဒခံယူပွဲ ကျင်းပရန်စုစည်းမှုများ၊ လွတ်လပ်ရေးကြေညာမှုများ ဖြစ်ပေါ်လာခဲ့သည့်အတွက် ရုံးတင်စစ်ဆေးရန် ဆိုင်းငံ့ထားခဲ့သည်။ ကြွယ်ဝချမ်းသာသော မြောက်ပိုင်းဒေသဖြစ်သည့် ကတ်တလန်ဒေသကို အပြည့်အဝထိန်းချုပ်နိုင်ရေး စပိန်ဗဟိုအစိုးရသည် ကတ်တလန်အစိုးရကိုထုတ်ပယ်ခဲ့ပြီး ရုတ်တရက်ရွေးကောက်ပွဲကျင်းပခဲ့သည်။

**အေအက်ဖ်ပီ**




လွန်ခဲ့သောလက ကတ်တလန် ဒုတိယဥက္ကဋ္ဌဟောင်း အော်ရီယိုဂျွန်ကွာရပ်စ် လွတ်မြောက်ရေးအတွက် ချီတက်ဆန္ဒပြကြသော လူအုပ်ကြီးကိုတွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်ဝန်ကြီးချုပ် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

**ပေကျင်း အောက်တိုဘာ ၂၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကြာသပတေးနေ့တွင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ၎င်းသည် ခုနှစ်နှစ်အတွင်း တရုတ်ပြည်သို့ သွားရောက်သည့် ပထမဦးဆုံး ဂျပန်ခေါင်းဆောင်ဖြစ်သည်။

ယခုနှစ်သည် ဂျပန်-တရုတ်ချစ်ကြည်ရေး အနှစ် ၄၀ ပြည့်သည့်နှစ် ဖြစ်သည်။ မစ္စတာအာဘေးသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ်လီခချန်တို့နှင့် ပေကျင်းမြို့တွင် တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့အပြင် သမ္မတရှီကို လာမည့်နှစ် အိုဆာကာတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားသွားရန် အစီအစဉ်ရှိသည်။ ထို့အပြင် တောင်တရုတ်ပင်လယ်ရှိ သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်နှင့် ပတ်သက်၍ ခေါင်းဆောင်နှစ်ဦးက ပြန်လည်ဆွေးနွေးသွားမည်ဟု ယူဆရသည်။

**အင်န်အိတ်ချ်ကေ**

### စားစာခံအဖြစ် ဖမ်းဆီးခံထားရသူ ယာဆူဒါ ဂျပန်သို့ ပြန်လည်ရောက်ရှိ

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်အလွတ်တန်းဂျာနယ်လစ် တစ်ဦးဖြစ်သူ ဂျန်ပိုင်ယာဆူဒါသည် ဆီးရီးယားရှိ စစ်သွေးကြွများ၏ ဖမ်းဆီးမှုကို သုံးနှစ်ကြာ ခံရပြီးနောက် ကြာသပတေးနေ့ညတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်သည်။ ကြာသပတေးနေ့ နံနက်ပိုင်းတွင် ယာဆူဒါသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မှ ထွက်ခွာခဲ့ပြီးနောက် ကြာသပတေးနေ့ ညပိုင်းတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

လေယာဉ်ပေါ်သို့မတက်မီ မစ္စတာယာဆူဒါသည် ဖြည်းဖြည်းမှန်မှန် လေယာဉ်ပေါ်တက်သွားသည်ကို တွေ့ရသည်။ လေယာဉ်ပေါ်ရောက်သောအခါ၌လည်း ၎င်းသည် ၎င်း၏ ဇနီးဖြစ်သူနှင့် ဖုန်းပြောခဲ့ကြောင်း သတင်းထောက်များကို ပြောခဲ့သည်။ စစ်သွေးကြွများသည် ၎င်းကို နယ်စပ်သို့ခေါ်ဆောင်သွားပြီး တူရကီအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ယာဆူဒါက သတင်းထောက်များကို ပြောသည်။

ကာတာနှင့် တူရကီကဲ့သို့သော ဆီးရီးယားရှိ အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များအပေါ် ဩဇာလွှမ်းမိုးမှုရှိသော နိုင်ငံများသည် မစ္စတာယာဆူဒါ လွတ်မြောက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း အများက ယုံကြည်ကြသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့အပူချိန်ကို အချိန်မီလျှော့ချနိုင်ဖို့ စွမ်းဆောင်နိုင်ပါ့မလား

**ခြူးစန္ဒီနွေး**



အပူဒဏ်နှင့် မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရသည့် အိန္ဒိယကျေးလက်ပြည်သူတစ်ဦးကိုတွေ့ရစဉ်။

အခုနှစ်အတွင်း ကမ္ဘာ့နေရာအတော်များများမှာ အပူဒဏ်ကို ခံစားခဲ့ရပါတယ်။ အပူပိုင်းဒေသတွေတင် မဟုတ်တော့ဘဲ ကမ္ဘာ့အအေးပိုင်းနိုင်ငံတွေမှာပါ အပူလှိုင်းဒဏ် ခံစားခဲ့ရတာကို ကမ္ဘာ့မီဒီယာတွေမှာ ဖော်ပြခဲ့ကြပါတယ်။

**ချက်ချင်းပြောင်းလဲသွားမှာ မဟုတ်သေး**

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ဆောင်ရွက်မှုအဖွဲ့လို့ခေါ်တဲ့ အိုင်ပီစီစီရဲ့ အစီရင်ခံစာအရ လက်ရှိကြုံတွေ့နေရတဲ့ ကမ္ဘာကြီးပူနွေးလာမှုရဲ့ နောက်ဆက်တွဲ ဆိုးကျိုးပြဿနာတွေဟာ ချက်ချင်းပြောင်းလဲသွားဦးမှာ မဟုတ်သေးဘူးလို့ သတိပေးထားပါတယ်။ လက်ရှိမှာ ကမ္ဘာကြီးပူနွေးလာတဲ့ဒဏ်ကို အိန္ဒိယအပါအဝင် တောင်အာရှ တစ်ခွင်လုံးမှာခံစားနေရပါတယ်။ အခုလအစောပိုင်းက ထုတ်ပြန်ခဲ့တဲ့ အိုင်ပီစီစီရဲ့ အစီရင်ခံစာအရ ကမ္ဘာကြီးပူနွေးမှုကြောင့် ပေါ်ပေါက်လာရတဲ့ ထိခိုက်နစ်နာမှုတွေကို အရေးပေါ် သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။ အိုင်ပီစီစီရဲ့ အစီရင်ခံစာမှာ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် ထိခိုက်ခံစားနေရတဲ့ အိန္ဒိယနဲ့ တောင်အာရှနိုင်ငံတွေရဲ့ အခက်အခဲကို အလေးပေး ဖော်ပြထားပါတယ်။

**ကမ္ဘာကြီးပူနွေးလာမှုရဲ့ ရိုက်ခတ်မှု**

ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဆဲလ်စီးရပ်တိုးလာခဲ့ရင် လူသားတွေဟာ စားနပ်ရိက္ခာပြဿနာ၊ အစားအသောက် ဈေးကြီးမြင့်လာမှုပြဿနာ၊ ဝင်ငွေလျော့နည်းလာမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဆုံးရှုံးလာမှု၊ အုပ်စုလိုက်ရွှေ့ပြောင်းလာမှုနဲ့ နောက်ဆုံးကျန်းမာရေးကို ထိခိုက်လာမှုဆိုတဲ့ ပြဿနာတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ဆင်းရဲချမ်းသာ မညီမျှတဲ့ အိန္ဒိယမှာ ကမ္ဘာကြီးပူနွေးလာမှုရဲ့ ရိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရပါတယ်။ ဥပမာတစ်ခုပြောရမယ်ဆိုရင် အိန္ဒိယမှာ ရှည်လျားတဲ့ ကမ်းရိုးတန်းရှိပြီး ပင်လယ်ပြင်နဲ့ အနီးတစ်ဝိုက်မှာနေထိုင်တဲ့ ပြည်သူတွေဟာ ပင်လယ်အပေါ်မှာ မှီခိုပြီး သူတို့ရဲ့ စားဝတ်နေရေးကို ဖြေရှင်းရပါတယ်။ ဒါကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုဟာသူတို့အတွက် ဆိုးရွားတဲ့ အကျိုးဆက်ကို ဖြစ်ပေါ်လာစေမှာပါ။

**လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးရ**

တခြားဘက်က ကြည့်မယ်ဆိုရင်လည်း ၂၀၁၅ ခုနှစ်မှာ ကြောက်မက်ဖွယ်ရာ အပူလှိုင်းဖြစ်မှုကြောင့် အိန္ဒိယနဲ့ ပါကစ္စတန်တို့မှာ လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ အိန္ဒိယမှာဆိုရင် ကိုလ်ကတ္တားနဲ့ ပါကစ္စတန်မှာဆိုရင်တော့ ကရာချိမြို့တို့ဟာ အပူလှိုင်းဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရပါတယ်။ ဒါဟာ အပူချိန်မြင့်တက်လာမှုကြောင့် ခံစားရတဲ့ဆိုးကျိုးတွေပါပဲ။ အိုင်ပီစီစီရဲ့ ဖော်ပြချက်မှာတော့ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကိုလျှော့ချဖို့ အခုအချိန်ဟာ အလွန်နောက်မကျသေးဘူးလို့ ဆိုပါတယ်။ ဒါပေမယ့်လည်း တောင်အာရှနိုင်ငံတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေများလို့ အပူချိန်ကို လျှော့ချဖို့ဆိုရင် အခက်အခဲတွေ အများကြီးရှိမှာပါ။ အစီရင်ခံစာထဲမှာ ခန့်မှန်းတွက်ချက်ထားမှုအရ ၂၀၁၅ ခုနှစ်နဲ့ ၂၀၅၀ ပြည့်နှစ်ကြား ကမ္ဘာ့အပူချိန်ကို ကန့်သတ်ဖို့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဒေါ်လာ ၉၀၀ ဘီလီယံနီးပါး ကျသင့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါတောင် လျှော့တွက်ထားတာပဲ ရှိပါသေးတယ်။

**ကုန်ကျစရိတ်ဘယ်သူပေးမလဲ**

အဲဒီအတွက် ကုန်ကျစရိတ်တွေကို ဘယ်သူတွေက ကျခံပေးမှာလဲဆိုတာကတော့ အဖြေမရှိတဲ့မေးခွန်းတစ်ခုလိုပါပဲ။ အစိမ်းရောင်ရာသီဥတုရန်ပုံငွေအဖွဲ့ကလည်း ရန်ပုံငွေတွေကို စုစည်းပေးရမယ့် နောက်ဆုံးရက်သတ်မှတ်တဲ့နေ့အထိ ရန်ပုံငွေတွေ မစုစည်းပေးနိုင်ပါဘူး။ အိန္ဒိယဟာလည်း ရာသီဥတုပြောင်းလဲမှုအတွက် မမျှတတဲ့ဝန်ကို ထမ်းနေရတယ်လို့ ပြောဆိုကြောင်း အိုင်ပီစီစီရဲ့ နောက်ဆုံးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ အိန္ဒိယဟာလည်း အပူထုတ်လွှတ်ခြင်းကို ထိန်းချုပ်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေဖို့အတွက် ဖိအားတွေကြားမှာ ရုန်းကန်နေရပါတယ်။ ရေရှားပါးမှု၊ မိုးခေါင်မှု၊ ရေလွှမ်းမိုးမှု၊ ဆိုင်ကလုန်းမုန်တိုင်းနဲ့ တခြားသော သဘာဝဘေးအန္တရာယ်တွေ ထပ်ဖြစ်မလာအောင် ထိန်းညှိဖို့ဆိုရင် လုပ်ကိုလုပ်ဆောင်ရမယ့်အရာပါပဲ။ အိန္ဒိယဟာ သဘာဝဘေး စီမံခန့်ခွဲမှုမှာ ကောင်းမွန်တဲ့အနေအထားရှိပေမယ့် ရေရှည်အတွက်ဆိုရင်တော့ ဆက်လက်လုပ်ဆောင်ရမယ့် အရာတွေအများကြီးရှိနေပါတယ်။ ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။

**အပူချိန်ကို ဘယ်လိုလျှော့ချကြမလဲ**

ကမ္ဘာ့နိုင်ငံတွေဟာ ပိုလိုနိုင်ငံ ခက်တိုဝိစ်မြို့မှာ ရာသီဥတုပြောင်းလဲ မှု အစီရင်ခံစာနဲ့ပတ်သက်ပြီး ဆွေးနွေးကြဖို့ရှိပါတယ်။ တောင်အာရှနိုင်ငံတွေအတွက် အဓိကထားပြီး ဆွေးနွေးသွားကြမှာပါ။ ပထမဦးဆုံးအချက်ကတော့ ကမ္ဘာ့အပူချိန်ကို လျှော့ချဖို့အတွက် သတ်မှတ်ချက်ထိရောက်အောင် ဘယ်လိုဆောင်ရွက်ကြမလဲ ဆိုတာပါပဲ။ နည်းလမ်းတစ်ခုကတော့ တိုင်းပြည်တွေမှာ အပူချိန် ၁ ဒသမ ၅ ဆဲလ်စီးရပ်ကိုကျော်လွန်လာပြီဆိုရင် လေထုထဲကကာဗွန်ဓာတ်ငွေ့ကိုဖယ်ရှားခြင်းဖြင့် သတ်မှတ်အပူချိန်ထိရောက်အောင် ကြိုးစားတာမျိုးပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုလေထုထဲက ကာဗွန်ပမာဏအများကြီးကို ဖယ်ရှားတာဟာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒုတိယအချက်ကတော့ ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာကြီးဟာ အပူထုတ်လွှတ်မှုမရှိအောင် စွမ်းဆောင်ရမယ့်ကိစ္စပါ။ ဒါဟာလည်း ခက်ခဲတဲ့ကိစ္စတစ်ခုပါပဲ။

**အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်**

အိန္ဒိယနိုင်ငံဟာ သူ့အတွက် သတ်မှတ်ထားတဲ့ အပူချိန်လျှော့ချဖို့ သတ်မှတ်ချက်ကို မပြည့်မီသေးပါဘူး။ ပြီးတော့ အိန္ဒိယနိုင်ငံမှာ သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်ချက်က ကြီးမားပါတယ်။ လက်ရှိမှာတော့ တိုင်းပြည်မှာ စက်ဘီးစီးသူ အရေအတွက် များပြားပါတယ်။ ဒါပေမယ့်လည်း ဝင်ငွေမြင့်လာတာနဲ့အမျှ မော်တော်ဆိုင်ကယ်စီးသူတွေ များလာပါတယ်။ မီးခိုးထုတ်လွှတ်မှုကို လျှော့ချဖို့ဆိုရင် အိန္ဒိယမှာ လျှပ်စစ်ဆိုင်ကယ်တွေ အသုံးများအောင် ဆောင်ရွက်တာမျိုး၊ ဘတ်စ်ကား၊ မီးရထားလမ်းအစရှိတဲ့ ပြည်သူ့ သယ်ယူပို့ဆောင်ရေးတွေမှာ အားကောင်းလာအောင် လုပ်တာမျိုးတွေ လိုအပ်ပါတယ်။

**တောင်အာရှနိုင်ငံတွေရဲ့အခက်အခဲ**

အပူချိန်လျှော့ချမှုနဲ့ ပတ်သက်လို့ ဖြေရှင်းဖို့ရာ တောင်အာရှနိုင်ငံတွေမှာ အခက်အခဲတွေအများကြီး ရှိပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ များတဲ့အတွက် နည်းပညာနဲ့ ဘဏ္ဍာငွေမှာ အခက်အခဲတွေရှိပါတယ်။ ဒီတော့ အပြည်ပြည်ဆိုင်ရာရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ မလွဲမသွေ လိုအပ်လာမှာပါ။ ကမ္ဘာ့အပူချိန်ကို သတ်မှတ်ထားတဲ့ ရည်ရွယ်ချက်အတိုင်း မလွဲမသွေ လျှော့ချနိုင်ဖို့ဆိုရင် တောင်အာရှနိုင်ငံတွေနဲ့ အပြည်ပြည်ဆိုင်ရာရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း အရေးပါတဲ့နေရာကနေ ပါဝင်လာမှာပါပဲ။

**ဘဏ္ဍာရေးကိစ္စတွေမှာ အခက်တွေ့လာနိုင်**

ရာသီဥတုပြောင်းလဲမှု ဒဏ်ကို ကမ္ဘာ့နေရာအနှံ့အပြားက ခံစားနေရပေမယ့် ချမ်းသာတဲ့ နိုင်ငံတွေထက် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပိုပြီးတော့ ဒဏ်ခံရပါတယ်။ ကမ္ဘာ့အပူချိန်ကို လျှော့ချဖို့ နိုင်ငံအများအပြားက ဆွေးနွေးပွဲ မကြာခဏလုပ်ကြပေမယ့် လက်တွေ့အကောင်အထည်ဖော်ဖို့ ဘဏ္ဍာငွေရှာဖွေရေးမှာတော့ အကျပ်ရိုက်ကုန်ပါတယ်။ တကယ်တမ်း ထောက်ပံ့ရေးရမယ့်အချိန်မှာ အရင်ကသတ်မှတ်ထားတဲ့ ရန်ပုံငွေကိုပေးဖို့ ပျက်ကွက်လာကြပါတယ်။ ဒီကြားထဲ ပါရီရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုကနေ အမေရိကန်က နုတ်ထွက်ထားတော့ နောက်ပိုင်း ဘဏ္ဍာရေးကိစ္စတွေမှာ ပိုပြီးအခက်တွေ့လာနိုင်ပါတယ်။

**ပူးပေါင်းဆောင်ရွက်ဖို့လို**

ကမ္ဘာ့အပူချိန်ကို လျှော့ချဖို့ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြရင်ဖြင့် သတ်မှတ်ထားတဲ့အပူချိန်ထိ လျော့လာနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒီလိုမှမဟုတ်ဘဲ အပူချိန်တွေ တိုးတိုးလာမယ်ဆိုရင် ကိုယ်နေထိုင်ရာအိမ်ကို ကိုယ်တိုင်ဖျက်ဆီးမိသလိုဖြစ်ပြီး သဘာဝဘေးအန္တရာယ်တွေကို ရင်စည်းခံရတော့မှာပါ။ ။

**ကိုးကား -ဘီဘီစီ**

> “၂၀၁၅ ခုနှစ်မှာ ကြောက်မက်ဖွယ်ရာ အပူလှိုင်းဖြစ်မှုကြောင့် အိန္ဒိယနဲ့ ပါကစ္စတန်တို့မှာ လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ အိန္ဒိယမှာဆိုရင် ကိုလ်ကတ္တားနဲ့ ပါကစ္စတန်မှာဆိုရင်တော့ ကရာချိမြို့တို့ဟာ အပူလှိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရ”

# အထူးစောင့်ရှောက်ရန်လိုအပ်သော ကလေးငယ်များအား နေ့ပိုင်းစောင့်ရှောက်မှုစင်တာ (မန္တလေး) တွင် အခမဲ့စောင့်ရှောက်ပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၆**

အထူးစောင့်ရှောက်ရန်လိုအပ်သော ကလေးငယ်များအား NEW HOPE ASSOCIATION (NHA) Mandalay မှ နေ့ပိုင်းစောင့်ရှောက်မှုစင်တာ အခမဲ့ဖွင့်လှစ်၍ လက်ရှိတွင် ကလေးငယ် ၂၃ ဦးကို နွေးနွေးထွေးထွေး ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း NHA (မန္တလေး) တာဝန်ခံ ဦးအောင်မြင့်ဦးက ပြောသည်။

ကလေးသူငယ်တိုင်းတွင် ကလေးသူငယ်အခွင့်အရေးများ ခံစားရမည်ဖြစ်ကြောင်း၊ ကလေးတိုင်းတွင် ကလေးသူငယ်အခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်များ ရရှိရန်လိုအပ်ကြောင်း၊ အထူးစောင့်ရှောက်ရန်လိုအပ်သည့် ကလေးငယ်များအတွက်လည်း ထိုအခွင့်အရေးများရရှိရန်နှင့် ကလေးငယ်များကို ခွဲခြားဆက်ဆံခြင်းများ မရှိစေရန်အတွက် NHA (မန္တလေး)မှ ပါဝင်သူများက ပရဟိတစိတ်အပြည့်ဖြင့် ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး NHA(မန္တလေး) နာယက ဒေါက်တာယုယုမေက ပြောသည်။

ဖွံ့ဖြိုးမှုနောက်ကျသည့် ကလေးငယ်စာရင်း အတိအကျမရှိသော်လည်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက ပြဟ္မစိုရ်လူမှုကူညီရေးအသင်းရုံးတွင် ကျင်းပသည့် NHA အသင်း နှစ်ပတ်လည်အခမ်းအနားတွင် ဖွံ့ဖြိုးမှုနောက်ကျသော ကလေးငယ် ၁၀၀၀ ခန့်လာရောက်ကြောင်း၊ လက်ရှိ နေ့ပိုင်းစောင့်ရှောက်မှုစင်တာတွင် ကလေးငယ် ၂၃ ဦးရှိကြောင်း၊ အထူးစောင့်ရှောက်ရန်လိုအပ်သော ကလေးငယ်များရှိပါက မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းရုံး၊ ကျောက်ကပ်ဆေးရုံ အပေါ်ထပ်ရှိ NHA ရုံးတွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ ငါးနှစ်နှင့်အထက် ကလေးငယ် ကျား/မ မရွေး လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း NHA (မန္တလေး) တာဝန်ခံက ဆက်လက်ပြောသည်။

အထွေထွေဖွံ့ဖြိုးမှုနောက်ကျ၍ အထူးစောင့်ရှောက်မှု လိုအပ်သော ကလေးငယ်များ နေ့ပိုင်းစောင့်ရှောက်မှုစင်တာ(မန္တလေး)ကို မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းတွင် ကလေးငယ် ၂၃ ဦးတို့ကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ နေ့ပိုင်းစောင့်ရှောက်မှုစင်တာ အခမဲ့ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# လိုင်လင်းပီမြို့၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**လိုင်လင်းပီ အောက်တိုဘာ ၂၆**

ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက (၁) ကျောင်း ခန်းမ၌ ကျင်းပသည်။

လိုင်လင်းပီမြို့သည် မတူပီမြို့နယ် အတွင်းတွင်ရှိပြီး ငလျင်ဖြစ်ပေါ်ရန် အနီးရောင်အဆင့်တွင် ရောက်ရှိနေသဖြင့် ယခုကဲ့သို့ ကြိုတင်ဟောပြောပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ယင်းဟောပြောပွဲတွင် ငလျင်မဖြစ်ပေါ်မီ ဆောင်ရွက်ရမည်များ၊ ဖြစ်ပေါ်စဉ် ဆောင်ရွက်ရမည်များနှင့် ဖြစ်ပေါ်ပြီးပါက ဆောင်ရွက်ရမည်များကို ဟောပြောခဲ့ကြပြီး သရုပ်ပြလေ့ကျင့်မှုများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



အဆိုပါဟောပြောပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် UNDP အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လိုင်လင်းပီမြို့တွင် (NGO) အဖွဲ့အစည်းများဖြစ်သည့် Together for Sustainable Development နှင့် Chin Youth Organization တို့မှ တာဝန်ယူ၍ ဟောပြောပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်း (၁၆) နှစ်ပြည့် ဓမ္မပူဇာသဘင်တရားပွဲ ကျင်းပမည်

**မကွေး အောက်တိုဘာ ၂၆**

မကွေးဆရာတော်ကြီး ဦးစီးတည်ထောင်ခဲ့သည့် ကရုဏာရှင်များ နာရေးကူညီမှုအသင်း (၁၆) နှစ်ပြည့် ဓမ္မပူဇာသဘင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ တရားပွဲ ၃၆ ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း မကွေးကရုဏာရှင်များ နာရေးကူညီမှုအသင်းမှ သိရသည်။

ယခုနှစ် အထူးဓမ္မပူဇာသဘင်အဖြစ် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်ပေးသွားရန်ပါဝင်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ တရားပွဲ ၃၆ ပွဲ ကျင်းပမည်ဖြစ်ကြောင်း မကွေးကရုဏာရှင်များ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းရွှေက အောက်တိုဘာ ၂၀ ရက်က ပြောသည်။

ယမန်နှစ် (၁၅) နှစ်ပြည့် ဓမ္မပူဇာသဘင်ပွဲတွင် စုစုပေါင်း အလှူငွေကျပ် ၃၇၁၃၁၅၀၀ ရရှိခဲ့ကြောင်း၊ တရားဟောကြွလာကြသည့် ဓမ္မကထိက ဆရာတော်ကြီးများ၏ သွားလာမှုစရိတ်များကို နာရေးကူညီမှုအသင်းကြီးမှ ကျခံကြောင်း၊ အသင်း၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှာ နာမှု၊ အသက်ကယ်အောက်ဆီဂျင်၊ အခမဲ့ဆေးခန်း အစရှိသည့် လိုအပ်သည့်အလှူငွေများကို တရားပွဲသို့ တရားလာရောက်နာယူကြသည့် မကွေးမြို့နယ်အပါအဝင် အနီးဝန်းကျင် အခြားမြို့နယ်များနှင့် ကျေးလက်ဒေသနေပြည်သူများမှ လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလှူငွေများ လိုအပ်ကြောင်း၊ ကရုဏာရှင်များ နာရေးကူညီမှုအသင်းအား ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၁ ရက်အထိ အသင်းကြီး၏ (၁၆) နှစ်တာအပြီး လက်ကျန်ငွေကျပ် သိန်းပေါင်း နှစ်ထောင့်သုံးရာကျော်ရှိကြောင်း ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောသည်။

**ကျော်ဇေယျ**



# ဝမ်ကန်ကျေးရွာ အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်း အောင်မြင်မှုရရှိ၍ ပြည်သူများအဆင်ပြေ

**မယ်စဲ့ အောက်တိုဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်သူလူထုအခြေပြု ရေမီတာသုံးပိုက်လိုင်း ရေပေးရေးစနစ်ဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသအနှံ့အပြား၌ ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရာသီမရွေး စိမ့်စမ်းရေရရှိသည့် ဝမ်ကန်ကျေးရွာ အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ရေရရှိသဖြင့် ကျေးရွာနေပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အရင်တုန်းက ကျေးရွာမှာရှိတဲ့ လက်တူးတွင်းရေကိုသာ အားထားအသုံးပြုရပြီး နွေရာသီရေခန်းခြောက်တဲ့အချိန်ဆိုရင် ရေအနည်းငယ် ရှားပါးတယ်။ အခုတော့ အိမ်တိုင်ရာရောက် ရေရရှိပြီး ရာသီမရွေးလည်း ရေရတဲ့အတွက် အလွန်အဆင်ပြေတယ်" ဟု ဝမ်ကန်ကျေးရွာနေ ပြည်သူတစ်ဦးက ပြောသည်။

ဝမ်ကန်ကျေးရွာသည် အိမ်ခြေ ၇၈ အိမ်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅၂၅ သန်းဖြင့် ကျေးရွာ အရှေ့ဘက် ဟွေစလွက်ချောင်းရှိ စိမ့်စမ်းရေမှ ကျေးရွာအရောက် ၂ လက်မ PVC ပိုက်၊ အရှည် ပေ ၁၅၈၄၀ သွယ်တန်းပေးခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ပထမခြောက်လ) တွင် ကျေးလက်ဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၇၂ သန်းဖြင့် ၂ လက်မ PVC ပိုက်၊ အရှည်ပေ ၅၀၀၀ နှင့်အတူ အိမ်တိုင်ရာရောက် ရေပေးဝေရေး လုပ်ငန်းကို စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်သည်။ ရေမီတာအလုံး ၃၀ တပ်ဆင်ပြီး တစ်ယူနစ် ငွေကျပ် ၂၀၀ ကောက်ခံလျက်ရှိကြောင်း သိရသည်။

ရေမီတာနှင့် ရေပေးရေးစနစ် မှန်ကန်စေရန်၊ အလေအလွင့်နည်းပါးပြီး စည်းကမ်းတကျထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ကျေးလက်ဦးစီးဌာနနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ထားသည့်စနစ်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ရာသီမရွေး စိမ့်စမ်းရေရရှိသည့် ကျေးရွာဖြစ်ရန်လိုအပ်ကြောင်း၊ ကျေးရွာရေပေးရေးကော်မတီဖွဲ့စည်းပြီး လည်ပတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ လိုအပ်သော နည်းပညာ ပိုင်းဆိုင်ရာပံ့ပိုးမှုများကို ဌာနမှ ပေးပြီး ကျေးရွာကို စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် ကျန်ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

# မိတ္ထီလာတွင် ဒေသခံများ နေ့စဉ်အသုံးပြုနေသည့် လမ်း သုံးလမ်း မိုးရေဝပ်ခြင်းကြောင့် ပျက်စီး

**မိတ္ထီလာ အောက်တိုဘာ ၂၆**

မိတ္ထီလာမြို့ ပြည်သာယာရပ် ဝန်ထမ်းအိမ်ရာနယ်မြေတွင် တည်ရှိပြီး ပြည်သာယာတောင်ရပ်ကွက်၊ ပြည်သာယာမြောက်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာဒေသခံများ ဖြတ်သန်းသွားလာအသုံးပြုသည့် ၂ လမ်း၊ ၃လမ်းနှင့် ၄ လမ်းတို့မှာ မိုးရေဝပ်ခြင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာမှ ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"လမ်းပေါ်မှာ မိုးရေဝပ်တာကြောင့် လမ်း သုံးလမ်းစလုံး ပျက်စီးနေပါတယ်။ ဝန်ထမ်းအိမ်ရာနယ်မြေထဲက လမ်းတွေဆိုပေမယ့် ဒီလမ်းပေါ်ကနေ ပြည်သာယာတောင်ရပ်ကွက်၊ ပြည်သာယာမြောက်ရပ်ကွက်နဲ့ အနီးပတ်ဝန်းကျင်က မကျီးစု၊ ညောင်ကုန်း၊ ကမ်းနီ(အရှေ့) စတဲ့ ကျေးရွာတွေက ဒေသခံတွေ အများစုက ဒီလမ်းကို ဈေးရောင်းဈေးဝယ်၊ နေ့စဉ် ဖြတ်သန်းသွားလာကြတာပါ။ ၂ လမ်း၊ ၃ လမ်းနဲ့ ၄ လမ်းစလုံး ပျက်စီးနေတာ။ မိုးရေဝပ်တာကြောင့်ချည်းတော့ မဟုတ်ပါဘူး။ မော်တော်ယာဉ်ကြီး/ငယ်တွေနဲ့ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ ယာဉ်အမျိုးမျိုး ဖြတ်သန်းသွားလာ အသုံးပြုမှုတွေကြောင့်လည်း ဖြစ်ပါတယ်။ လမ်းတွေပျက်စီးနေတာကြောင့် ဒေသခံတွေ အနေနဲ့ နေ့စဉ်ဖြတ်သွားလာရာမှာ အခက်အခဲကြုံတွေ့နေရတာမို့ သက်ဆိုင်ရာက ဒီလမ်းတွေ ပျက်စီးနေတာကို ပြုပြင်ပေးစေချင်ပါတယ်" ဟု ပြည်သာယာရပ် ဝန်ထမ်းအိမ်ရာ ၂ လမ်းနေ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ပြည်သာယာရပ် ဝန်ထမ်းအိမ်ရာနယ်မြေရှိ လမ်းများမှာ ပြည်သာယာတောင်ရပ်ကွက်၊ ပြည်သာယာမြောက်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာဒေသခံများ မဖြစ်မနေ နေ့စဉ်ဖြတ်သန်းသွားလာရသည့် လမ်းများဖြစ်ပြီး ၁ လမ်းမှ ၈ လမ်းအထိ လမ်းများရှိသော်လည်း သွားလာရေး အဆင်ပြေဆုံးဖြစ်သည့် ၂ လမ်း၊ ၃ လမ်း၊ ၄ လမ်းတို့မှာသာ အများဆုံးအသုံးပြုသွားလာနေကြပြီး ယင်းလမ်းများမှာ ပျက်စီးနေခြင်းကြောင့် ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# လွမ်းတတ်ပါစေ ဇာတိမြေ

## အေးအေးသန်း (ခရမ်း)

**“အလွမ်းဝေဒနာ ဝင့်ကြွေးပါ”**

- **အလွမ်းလေးလာ**
  **အနာနဲ့ဆိုမယ်ပြင်**
  **စိတ်ကူးလေးယဉ်။ ။**
- **ယဉ်သာယဉ်**
  **ပီပြင်ဘူး သည်အတွေး**
  **ပိုလို့သာ သည်မယ်လွမ်းတယ်**
  **တမ်းတမှိုင်ငေး။ ။**

စာရေးသူ ငယ်စဉ်က စပ်ခဲ့ဖူးတဲ့ကဗျာလေးပါ။ ယုဝတီဂျာနယ်မှာ ပါခဲ့ခြင်းပါ။ ဤကဗျာလေးဟာ စာရေးသူငယ်စဉ်က အချစ်ဝေဒနာနဲ့ စပ်ဆိုခဲ့တဲ့ ကဗျာတစ်ပုဒ်ပါ။ စာရေးသူ အလွမ်းဝါသနာပါခဲ့ပါသည်။

**လွမ်းစကိုင်**
**လွမ်းပင်ကိုပျိုး**
**လွမ်းမိုးစွေရွာ**
**လွမ်းကမ္ဘာမှာ**
**လွမ်းပဒေသာဖြစ်အောင်**
**လွမ်းပြီးရင်း လွမ်းခဲ့ဖူးသူပါ။**

ယခုစာရေးသူ အသက် (၈၀) ကျော်ပါ။ ပင်စင်စား ဆရာမတစ်ဦးပါ။ ဝေဒနာ တန်းလန်းနဲ့ ဘဝနေဝင်ချိန် နီးနေသူတစ်ဦးပါ။ ထို့ကြောင့် လွမ်းစရာလည်း မကျန်၊ လွမ်းဟန်တွေလည်းပျောက် သေမင်းခေါ်တဲ့နောက် ကောက်ကောက်ပါအောင် လိုက်ဖို့ပဲ စောင့်နေရပါပြီ။

တစ်နေ့တွင် တပည့်မလေးတစ်ဦးက “ဇာတိမြေအလွမ်း” ဆိုသည့် ကဗျာလေး တစ်ပုဒ် လာပြပါသည်။

### အလွမ်းဗီဇလေး ပြန်ပေါ်လာ

သူ့ကဗျာလေးကို ဖတ်ပြီး စာရေးသူ၏ အလွမ်းဗီဇလေး ပြန်ပေါ်လာပါသည်။ စာရေးသူရင်ထဲပေါ်လာသည့် အလွမ်းမှာ အရောင်ပြောင်းသွားသည်ဟု ဆိုပါရစေ။ သားသမီးမြေးမြစ် ချစ်သူမုန်းသူများကို လွမ်းခြင်းမဟုတ်တော့ပါ။ တောင်ဆီမှ မိုးညိုလျှင် ဘယ်ဆီ ဘယ်ဝယ်မသိ မုန်းဆလွမ်းတခြင်းမျိုးလည်း မဟုတ်တော့ပါ။ စာရေးသူ၏ အလွမ်းက တရားနှင့်ယှဉ်ပြီး လောကကို အလှဆင်ချင်သည့် အလွမ်းမျိုးပါ။

### လွမ်းလို့မဝနိုင်

နန္ဒာခင်က သူ၏ ကဗျာလေးထဲတွင် ဇာတိမြေဆိုတာ သေသည်အထိ မေ့မရနိုင်ကြောင်း၊ မွေးရပ်မြေမြို့ကလေးကို လွမ်းသည့်အကြောင်း၊ ဇာတိမြို့မှာ ကျန်ခဲ့သော ငယ်ချစ်ဦး၊ ငယ်စဉ်က နှစ်သက်ပန်ဆင်ခဲ့ဖူးသော ပန်းကလေးများ၊ ငယ်စဉ်က ပညာသင်ပေးခဲ့သော ဆရာ ဆရာမများ၊ လည်ပင်းဖက်ပေါင်းသင်းခဲ့ကြသော ငယ်ချစ်ဆွေများ၊ မြို့ဦးစေတီ၊ မြို့ဦးဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကစားကွင်း စသည်စသည် ငယ်ရိပ်ငယ်သွင် လွမ်းချင်စရာများကို လွမ်းလို့မဝနိုင်ဘူးတဲ့။ လွမ်းမဝနိုင်သည့်အလျောက် ဇာတိမြို့သို့ မကြာခဏ ပြန်ဖြစ်ပါသည်။ မြို့၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ငယ်ပေါင်းတို့၏ လူမှုဒုက္ခများကို တတ်အားသရွေ့ ကူညီဖြည့်ဆည်းပေးမိပါသည်တဲ့။

နန္ဒာခင်၏ လွမ်းခြင်းမျိုးက လောကကို အလှဆင်လိုသည့် အလွမ်း၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေမည့် အလွမ်းများပင် မဟုတ်ပါလား။

စာရေးသူငယ်ရွယ်စဉ်ဘဝ အတွေ့အကြုံထဲမှ ဇာတိမြို့ကို လွမ်းတတ်သူများကို ပြန်လည်ဂုဏ်ပြု ဖော်ပြချင်ပါသည်။

### ဂုဏ်ပြုပွဲလေး ကျင်းပ

ခရမ်းမြို့ အ.ထ.က(၁)ကို အင်္ဂလိပ်ကျောင်းကြီးဟုလည်း ခေါ်ကြပါသေးသည်။ ထိုကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများကို တစ်နှစ်တစ်ခါ လာရောက်၍ ဂုဏ်ပြုပွဲလေး ကျင်းပပေးပါသည်။ ဦးဇော်ဝင်းက ကျောင်းသို့လာရောက်ပြီး ဆရာ ဆရာမများအားလုံးကို ကြာဆံချက် (သို့မဟုတ်) မုန့်ဟင်းခါး စသည်ဖြင့် ကျွေးမွေးလှူဒါန်းပါသည်။ ပြီးလျှင် တွေ့ဆုံနှုတ်ဆက်ပွဲလေး လုပ်ပါသည်။ ပြီးလျှင် ကံစမ်းမဲ ဖောက်ပါသေးသည်။

> **“ယခုအချိန်သည် ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်နေချိန်ဖြစ်၍ ကိုယ့်မြို့ ကိုယ့်ဇာတိ ထိုမှတစ်ဆင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာ၊ သာသနာများကို မဝနိုင်လောက်အောင် လွမ်းဆွတ်တသခြင်းမျိုးနှင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ကူညီဖြည့်စွမ်းနိုင်ကြပါစေ”**

### ပျော်ခဲ့ကြရ

ကံစမ်းမဲက ဗလာမပါ။ ပြက္ခဒိန်၊ ပေါင်ဒါဘူး၊ ပိုက်ဆံအိတ်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ မုန့် စသည်တို့ပါ။ အကောင်းဆုံးမဲမှာ တက်ထရက်တစ်စနှင့် ပလေကပ်ပုဆိုးတစ်ထည် ပါပါသည်။ တစ်ခါတွင် စာရေးသူက ပလေကပ်ပုဆိုးလေး ပေါက်ပါသည်။ ဆရာတစ်ဦးက စာရေးသူကို “ဆရာမ၊ ဆရာမရဲ့ပေါက်မဲနဲ့ ကျွန်တော့်ပေါက်မဲလဲပါလား။ ကျွန်တော်က မုန့်ပဲလှော်ပေါက်ပါတယ်။ ဆွမ်းတော်ကပ်ရင် ကုသိုလ်ရတာပေါ့ဗျာ” တဲ့။ စာရေးသူက “မလဲပါဘူး ဆရာရယ်၊ ပုဆိုးလေးကိုလည်း အဖေ့ကိုလှူမှာမို့ ကုသိုလ်ရမှာပါ” လို့ပြန်ပြောပြီး ရယ်မောကြရပါသည်။ ပျော်ခဲ့ကြရပါသည်။ ဆရာတစ်ဦးကတော့ “ကျွန်တော်က ကံကောင်းတယ်ဗျာ၊ ခင်သန်းနုပေါက်တယ်” တဲ့ ပြက္ခဒိန်ကိုပြ၍ ပြောဆိုကြည်နူးခဲ့ကြပါသည်။ သြော်... ဇာတိမြို့ ဇာတိမြေကို မမေ့မလျော့ လွမ်းခြင်း ပေပဲဟု ပြန်လည်ခံစား ပီတိပွားမိပါသည်။

### ဝမ်းမြောက်စရာ

စာရေးသူ မှတ်မိသလောက် ခရမ်း အ.ထ.က (၁) သို့ မမေ့နိုင်ဘဲ ပြန်လည် လွမ်းဆွတ်ခဲ့သူတစ်ဦးကို သတိရမိပြန်ပါသည်။ သူကတော့ ခရမ်းသား ဦးမြတ်စိုးပါ။ သူတက်ခဲ့ဖူးသော ခရမ်း အ.ထ.က (၁) သို့ နာရီကြီးတစ်လုံး လာရောက်လှူခဲ့ပါသည်။ ယခုတော့ တပ်မတော်(ရေ)မှ ဒုတိယဗိုလ်မှူးကြီးအဆင့်နှင့် ပင်စင်ယူထားပြီးပါပြီ။ သူ့ကိုလည်း ဇာတိမြို့ဇာတိမြေကို မမေ့မလျော့ ပြန်လည်လွမ်းတတ်သူလို့ ကျေးဇူးတင် ဂုဏ်ပြုရမှာပါ။

ယခုအချိန်အထိ ခရမ်းမြို့ဇာတိ၊ ခရမ်းသားများ အခြားအရပ်ဒေသတွင် နေထိုင်ကြသော်လည်း ဇာတိမြို့ကို မမေ့နိုင်၊ မြို့၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားဖွံ့ဖြိုးကြောင်းတို့ကို ကောင်းနိုးရာရာ ကူညီဖြည့်ဆည်းပေးနေသူများ ရှိနေသည်မှာ ဝမ်းမြောက်စရာပါ။

ခရမ်းမြို့ရှိ အ.ထ.က (၁)၊ အ.ထ.က (၂) တို့တွင် ခရမ်းသားများက ပြန်လည် လာရောက် ထောက်ပံ့မှုတွေ၊ လိုအပ်သောကဏ္ဍများတွင် ထည့်ဝင်လှူဒါန်းမှုတွေ ပြုနေကြဆဲပါ။

### လွမ်းခြင်းသရုပ် အလှုဂုဏ်ပုဒ်များ

အ.ထ.က (၂) ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကျောင်းသားဟောင်း မောင်ကျော်သွင်က မတည်ငွေ ထည့်ဝင်လှူဒါန်းသွားခဲ့သည်။ အဝေးရောက် ခရမ်းသားများဖြစ်ကြသော မောင်ဇော်လင်း၊ မောင်အုန်းဆိုင်၊ ဒေါက်တာရီရီနွယ်တို့ကလည်း ဖြည့်စွက်ထည့်ဝင် လှူဒါန်းခဲ့ကြပါသည်။ နောက်ထပ်တိုးချဲ့ဆောင်ဆောက်လုပ်ရန် ကိုလည်း ဒေါက်တာမြင့်ကျော်၊ ဒေါက်တာချိုချိုဝင်းဇနီးမောင်နှံက မတည်ငွေ ကျပ်သိန်းတစ်ရာ လှူဒါန်းထားကြောင်း သိရပါသည်။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်စရာပါ။ ဤသည်တို့မှာ ဇာတိမြေကို လွမ်းကြသူများ၊ ဇာတိမြေကို ချစ်ကြသူများ၏ လွမ်းခြင်းသရုပ် အလှုဂုဏ်ပုဒ်များဟုဆိုက မှားမည်မထင်ပါ။

ထို့အတူ ဇာတိမြေကို ချစ်သူများ၊ ကိုင်းကုန်းစာသင်တိုက်ကြီးတွင် ဆွမ်းစားဆောင်လှူသော ဦးအောင်ဘာလေမိသားစု၊ တရားရိပ်သာများတွင် ရေသန့်ဘူး၊ ရေသန့်စည် လှူဒါန်းကြသူများ၊ ရိပ်သာများတွင် နတ်လမ်း၊ အဆောက်အအုံလှူသူများလည်း များစွာရှိနေပါသည်။

### ဂုဏ်ပြုအလွမ်းဟု မှတ်တမ်းတင်

မကြာသေးခင်က အနိစ္စရောက်သွားသော ခရမ်းသား ဦးတင်မောင်ဆွေ၏ ဇနီးနှင့် သားများကလည်း ဖခင်ကြီးကို ရည်စူး၍ ခရမ်းမြို့ရှိ ကိုင်းကုန်းစာသင်တိုက်ဆရာတော်ကို သင်္ကန်း စသည်လာရောက်လှူဒါန်းခဲ့ပါသည်။ ဇာတိမြေကို ဂုဏ်ပြုအလွမ်းဟု မှတ်တမ်းတင်ရပါသည်။

စာရေးသူဆိုလိုသည်မှာ လူတိုင်းလူတိုင်း ဇာတိမြို့နှင့် ဝေးသည်ဖြစ်စေ၊ ဇာတိမြို့မှာပင် နေသည်ဖြစ်စေ၊ ဇာတိမြေ ဇာတိမြို့ကို လွမ်းတတ်ကြပါစေ။ ချစ်တတ်ကြပါစေ။ ဇာတိမြို့တိုးတက်စည်ပင်ရေးကို မျက်ခြည်မပြတ် သတိချပ်၍ စွမ်းနိုင်သမျှ ထောက်ပံ့ ချီးမြှင့်ရင်း လွမ်းနိုင်ကြဖို့ပါ။

ယခုအချိန်သည် ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်နေချိန်ဖြစ်၍ ကိုယ့်မြို့ ကိုယ့်ဇာတိ ထိုမှတစ်ဆင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာ၊ သာသနာများကို မဝနိုင်လောက်အောင် လွမ်းဆွတ်တသခြင်းမျိုးနှင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ကူညီဖြည့်စွမ်းနိုင်ကြပါစေဟု တိုက်တွန်းရေးသား မုဒိတာပွားလိုက်ရပါသတည်း။ ။

## ကယားပြည်နယ်အတွင်းရှိ ဒေသခံများအား အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ မျက်စိ၊ သွားရောဂါများ အခမဲ့ကုသပေးမည်

**မယ်စဲ့ အောက်တိုဘာ ၂၆**

သီတဂူဆရာတော်ကြီး၏ ညွှန်ကြားမှု၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် သီတဂူသာသနာပြုအဖွဲ့နှင့် ဘယ်လ်ဂျီယံနိုင်ငံ အထူးကုသမားတော် ဒေါက်တာပက်ထရစ် လန်းဘာ့ထ် တန်းနာ့ထ် ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ သီတဂူ တက်လမ်းစက္ခုဒါန ဆေးရုံနှင့် လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးတို့တွင် ပလတ်စတစ်ဆာဂျရီ၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ မျက်စိ၊ သွားရောဂါများကို အခမဲ့လာရောက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် မြို့နယ်များအနက် မယ်စဲ့မြို့နယ်အတွင်းရှိ ပလတ်စတစ်ဆာဂျရီ၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ မျက်စိ၊ သွားရောဂါဝေဒနာရှင်များအနေဖြင့် သီတဂူ တက်လမ်းစက္ခုဒါနဆေးရုံ ထေးသမရပ် လွိုင်ကော်မြို့ ဖုန်း ၀၉-၇၇၈၀၀၀၅၄ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၃ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၈ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၃ ・ ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၀၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ・ ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၈၄၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျိုးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# အကယ်ဒမီ ထွန်းအိန္ဒြာဗို သရုပ်ဆောင်အလုပ်ကို စွန့်လွှတ်၍ ထုတ်လုပ်ရေးသာ ဆက်လုပ်သွားတော့မည်



၁၉၉၉ ခုနှစ်က ထွက်ရှိခဲ့သည့် 1999 ဟုအမည်ပေးထားသော ပထမဆုံး တစ်ကိုယ်တော်စီးရီးဖြင့် အောင်မြင်မှုများရရှိခဲ့ပြီး အဆိုတော်အဖြစ်နှင့် သာမက သရုပ်ဆောင်အဖြစ်နှင့်ပါ ပရိသတ်၏ အားပေးမှုများကို ရရှိခဲ့သည့် အဆိုတော် သရုပ်ဆောင် ထွန်းအိန္ဒြာဗိုက အသက်အရွယ်ကြောင့် သရုပ်ဆောင်အလုပ်ကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်းနှင့် ထုတ်လုပ်ရေးကိုသာ ဆက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအချိန်အထိ ပရိသတ်လက်ခံနေဆဲ အနုပညာရှင်တစ်ယောက် ဖြစ်နေသော်လည်း အနုပညာအလုပ်များ ရပ်နားနေရသည့်ကိစ္စနှင့် ပတ်သက်၍ ထွန်းအိန္ဒြာဗိုက "ကျွန်မရဲ့ Fan စစ်စစ်တွေကိုတော့ တောင်းပန်ပါတယ်။ ကျွန်မ ရှောင်လွှဲလို့မရတဲ့စကားကိုတော့ ကျွန်မပြောရ တော့မှာပါပဲ။ အသက်အရွယ်ကြောင့် အနုပညာ သရုပ်ဆောင်အလုပ်ကနေ နားပါတော့မယ်။ ထုတ်လုပ်ရေးကတော့ ဆက်လုပ်ဖြစ်ပါမယ်၊ ထုတ်လုပ်ရေးကိုတော့ ပုံမှန် မခိုင်တို့ လုပ်ဖြစ်မှာပါလေ၊ စီးပွားဖြစ်လုပ်တာဆိုတာထက် ကိုယ့်ရဲ့ အနုပညာသူငယ်ချင်းတွေနဲ့လည်း အဆက်မပြတ်တွေ့နေရမယ်၊ စုစည်းမှုလည်း ရနေမယ်လေ၊ သရုပ်ဆောင်အလုပ်ကို ငြီးငွေ့လာတာတော့ မဟုတ်ပါဘူး"ဟု ထွန်းအိန္ဒြာဗိုက ပြောသည်။

"တကယ်တမ်းပြောမယ်ဆို ဒီအလုပ်က ကိုယ်စပြီး သရုပ်ဆောင်တော့မယ်ဆို စိတ်ဝင်စားမှုက အဓိကကျပါတယ်၊ မလုပ်ခင်လေးခဏမှာတော့ တော်တော် ဝန်လေးတယ်၊ အရွယ်ကောင်းတုန်းကတော့ စိတ်ကသိပ်ပြီး အလုပ်အပေါ် အာရုံစိုက်နိုင်တယ်၊ စိတ်ဓာတ်ကလည်း တက်ကြွနေတာကို၊ အဲဒီတုန်းက ကိုယ့်ဟာကို ဘရိတ်မနည်းအုပ်ထားရတယ်၊ အခုချိန်မှာတော့ စိတ်တွေက ဟိုအောက်ဆုံးကိုရောက်နေတယ်၊ အဲဒီတော့နားပြီး ဘာသာရေးလေးလုပ်မယ်၊ စီးပွားရေးလုပ်မယ်၊ ချမ်းသာလွန်းလို့တော့ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ အသက်က တဖြည်းဖြည်း စကားပြောလာပြီလေ၊ အဲဒီတော့ လုပ်သင့်တာကိုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ပိုခိုင်မာပါတယ်၊ ဒီအလုပ်ကို စွန့်လွှတ်တော့မှာပါ"ဟုလည်း ထွန်းအိန္ဒြာဗိုက ဆက်လက်ပြောဆိုခဲ့သည်။

ထွန်းအိန္ဒြာဗိုသည် ၁၉၉၉ ခုနှစ်တွင် ပထမဆုံးစီးရီး အောင်မြင်ခဲ့သည့်အပြင် ထိုနှစ်မှာပင် နှောင်းတမြေ့မြေ့ ရုပ်ရှင်ဇာတ်ကားဖြင့် သူ့ဘဝ၏ အောင်မြင်မှုနောက်တစ်ခုအဖြစ် ရုပ်ရှင်သရုပ်ဆောင်တိုင်း တောင့်တသည့် အကယ်ဒမီရွှေစင်ရုပ်တုကို ဆွတ်ခူးနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၂ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို အမေ့နို့ဖိုး ရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍ ရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်းရရှိခဲ့ပြီး ဂီတရော၊ ရုပ်ရှင်သရုပ်ဆောင်ဘက်တွင်ပါ အထူးအောင်မြင်သည့် အနုပညာရှင်တစ်ယောက်ဖြစ်ခဲ့သည်။

**ကိုလင်း**

# စန္ဒီမြင့်လွင်က ငါးခွေမြောက် တစ်ကိုယ်တော်အခွေထွက်ရန် ပြင်ဆင်နေ



ဆေးရောင်လှလှ ဟုအမည်ရသည့် တေးစီးရီးထွက်ခဲ့ပြီးနောက် အမျိုးသမီး ရက်ပ် အဆိုရှင်အဖြစ် ပရိသတ်လက်ခံလာခဲ့သူ စန္ဒီမြင့်လွင်အနေဖြင့် ရှော့ခ် ၊ ကလီယိုပတ်ထရာ စသည့် စီးရီးများဖြင့်လည်း အောင်မြင်မှုရခဲ့ပြီး လက်ရှိအချိန်တွင် ငါးခွေမြောက် တစ်ကိုယ်တော်အခွေကို ထွက်ရှိနိုင်ရန် သီချင်းများပြင်ဆင်နေကြောင်း သိရသည်။

စန္ဒီမြင့်လွင်အနေဖြင့် အိမ်ထောင်ကျပြီးနောက်ပိုင်း ဂီတအလုပ်များကို လုပ်နိုင်မှု နည်းလာသလို ပရိသတ်နှင့် အလှမ်းဝေးလာသလို ခံစားရခြင်းကြောင့် ထပ်မံ၍ ပရိသတ်ထံ သူ့ဂီတများ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် စီစဉ်နေကြောင်း၊ ဂီတလောကတွင် အဆိုတော်များအနေဖြင့် ဈေးကွက်ပျက်နေသည့်ကြားမှ ရုန်းကန်ပြီး မိမိ၏ ဝါသနာကို မစွန့်လွှတ်နိုင်သောကြောင့် တေးစီးရီးများ ထွက်ရှိနိုင်ရန် ကြိုးစားပြင်ဆင်နေကြရာ ထိုသို့ ကြိုးစားနေသူများထဲတွင် သူလည်းပါဝင်ကြောင်း စန္ဒီမြင့်လွင်က ဆိုသည်။

"ဒီဒီ ရဲ့ ငါးခွေမြောက် တစ်ကိုယ်တော်ခွေ ထွက်နိုင်ဖို့ သီချင်းတွေ ပြင်ဆင်နေပါတယ်၊ ၂၀၁၉ လောက်တော့ ထွက်နိုင်မှာပါ။ အခုထွက်မယ့်အခွေမှာ ပုံမှန်မြင်နေကျ အတိုင်း ချစ်ကြိုက်၊ ညားကွဲတဲ့ပုံစံမျိုး မြင်ချင်မှ မြင်ရမှာပါ။ ဒီဒီက သီချင်းခွေ တစ်ခွေထွက်တိုင်း ပရိသတ်အတွက် ရသတစ်ခုမဟုတ်တစ်ခုကျန်ခဲ့တာ အားလုံးသိပြီးသားပါ၊ အခု ငါးခွေမြောက်ကိုလည်း ရုပ်ရှင်ဆန်ဆန်လေးလုပ်မှာပါ၊ MTV ကို အဲလိုလေး ရိုက်မှာပေါ့နော်၊ ပတ်ဝန်းကျင်ကိုအကျိုးပြုတဲ့ သီချင်းလေးတွေပဲ လုပ်ချင်တော့တယ်၊ နောက်ပြီး ဒီဒီရဲ့ဘဝနဲ့သက်ဆိုင်တဲ့ ပုံစံလေးတွေ မြင်ရမယ်လေ၊ ပြီးတော့ ပတ်ဝန်းကျင်ကလူတွေရဲ့ ဘဝအကြောင်းတွေ ပါအောင်ထည့်မယ်လို့ စိတ်ကူးထားပါတယ်" ဟု အခွေသစ်အတွက် ပြင်ဆင်နေမှုကို ပြောပြသည်။

"အမှန်အတိုင်းပြောမယ်ဆို ဒီဒီတို့လည်း မကိုက်ပါဘူး၊ ပိုက်ဆံကုန်ပေမယ့် ကိုယ့်ပရိသတ်အတွက်၊ ကိုယ့်ဝါသနာအတွက် မစွန့်လွှတ်နိုင်တာပါ ၊ စီးရီးတစ်ခွေလုံးထုတ်လိုက်ရတာထက် သီချင်းတစ်ပုဒ်ချင်း အွန်လိုင်းကနေဖြန့်လိုက်တာ ပိုထိရောက်မယ်လို့ ထင်တယ်၊ တကယ်ထိရောက်ပါတယ်၊ စီးရီးတစ်ခွေလုံးဝယ်ပြီး နားထောင်မယ့်နေ့ကိုတော့ မျှော်လင့်မိတာအမှန်ပါပဲ၊ ဘာပဲပြောပြော ဒီဒီကတော့ ပရိသတ်အတွက် အခွေတွေအများကြီး ထုတ်နိုင်ခဲ့တယ်၊ ပရိသတ်အားပေးမှုလည်း ရခဲ့တယ်၊ ဒီအတွက်ကြောင့် နောက်ထပ် သီချင်းငါးပုဒ်နဲ့ တစ်ကိုယ်တော်အခွေ ထွက်လာဦးမှာပါ" ဟုလည်း စန္ဒီမြင့်လွင်က ဆက်ပြောသည်။

**ကိုလင်း**

# ငါမုန်းတဲ့အက္ခရာ ရုပ်ရှင်ဇာတ်ကားကြီး စတင်ရိုက်ကူးမည်

ငါမုန်းတဲ့အက္ခရာ ရုပ်ရှင်ဇာတ်ကားကြီးကို ကျော်ဇောရုပ်ရှင်ထုတ်လုပ်ရေးက ပထမဆုံးအနေဖြင့် နိုဝင်ဘာ ပထမပတ်ထဲတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်းထက်ထက်ကျော်ဇော၊ ဇာတ်ညွှန်း ဆဲဗင်းဒေးတို့က ရေးသားကာ ဒါရိုက်တာညွှန့်မြန်မာညီညီအောင် ဖန်တီးရိုက်ကူးသွားမည်ဟု သိရသည်။ အဆိုပါဇာတ်ကားတွင် အောင်ရဲလင်း၊ တိုင်ရှွန်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်းလည်း သိရသည်။

ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က "ဒီကားလေးရိုက်ကူးဖြစ်တာကတော့ ထုတ်လုပ်သူကနေစတာလို့ ပြောရမယ်၊ သူကိုယ်တိုင်ရွေးထားတဲ့ဇာတ်လို့ ပြောနိုင်ပါတယ်၊ ဇာတ်လမ်းက အလွန်ကောင်းတယ်၊ ကျွန်တော်လည်းကြိုက်တယ်၊ အဓိပ္ပာယ်ကတော့ချစ်တယ်ဆိုတဲ့ စကားစုလေးကို မုန်းတယ်လို့ပြောတာပါ၊ အချစ်ဆိုတဲ့ အက္ခရာစကားစုလေးက အမုန်းတွေဖြစ်သွားတာပေါ့နော်၊ အချစ်ကို အလွန်ဦးစားပေးလွန်းရင် ဘေးထွက်ဆိုးကျိုးရှိတတ်တယ် ဆိုတာလေးကို ပြချင်တဲ့သဘောပါ"ဟု ပြောသည်။

အဆိုပါ ဇာတ်ကားကို နိုဝင်ဘာလဆန်းတွင် နေပြည်တော်၌ စတင်ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ကားမှာ အချစ်အသားပေးဇာတ်လမ်းဖြစ်ကြောင်း သိရသည်။ "သီချင်းလေး တစ်ပုဒ်ရှိတယ်၊ အဘိုးကလည်း အဘွားကို ချစ်တယ်၊ အဖေကလည်း အမေ့ကို ချစ်တယ် ၊ ကိုယ်ကလည်း သူ့ကိုချစ်တယ် ဆိုတဲ့အတိုင်းပေါ့နော်၊ ဒီဇာတ်ကားလေးကလည်း အချစ်ကို အသားပေးထားတာပါ၊ ဇာတ်လမ်း ရိုက်တော့မယ်ဆိုတော့ ဇာတ်ကောင်တွေရွေးကြတဲ့အခါ ဘယ်သူက ဘယ်ကာရိုက်တာနဲ့ လိုက်ဖက်တယ်ဆိုတာကို ကျွန်တော်ရယ်၊ မန်နေဂျာရယ်၊ ထုတ်လုပ်သူတွေရယ် သေချာတိုင်ပင်ပြီး ရွေးကြတာပါ၊ ဇာတ်တစ်ခုကို ရိုက်တော့မယ်ဆို ကျွန်တော်တို့က ဘယ်လိုမျိုးကြိုက်လဲ၊ ပရိသတ်ကရော ဘယ်လိုမျိုးကိုကြိုက်ကြလဲဆိုတာကို ကြည့်တယ်၊ အဲလို အားလုံး အဘက်ဘက်က ကြည့်ပြီး ကြိုက်နိုင်တယ်ဆိုမှ ဇာတ်လမ်းကိုတည်ပြီး ရိုက်ကြတာပါ"ဟုလည်း ညွှန့်မြန်မာ ညီညီအောင်က ဆက်လက်ပြောကြားသည်။

**ကိုလင်း**



# လျှို့ဝှက်စာမျက်နှာဇာတ်ကားတွင် လူငယ်အဆိုတော် ရဲရင့်အောင် ပါဝင်မည်

လူငယ်အဆိုတော် ရဲရင့်အောင်အနေဖြင့် ပထမဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ငါ့ကိုနမ်းတဲ့မုန်တိုင်း ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ယခု လျှို့ဝှက်စာမျက်နှာ အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင်လည်း ဒုတိယအကြိမ် ထပ်မံပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ လျှို့ဝှက်စာမျက်နှာ ဇာတ်ကားကို ဒါရိုက်တာ အောင်ဇော်လင်းက ပုံဖော်ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင် မော်ဒယ် ခါရာ၊ သင်ဇာဝင့်ကျော်တို့နှင့်အတူ သရုပ်ဆောင်သွားမည်ဟု သိရသည်။

"ငါ့ကိုနမ်းတဲ့ မုန်တိုင်း တုန်းကတော့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းတစ်ပုဒ်ပေါ့နော်၊ အခု ဒီကားကတော့ လျှို့ဝှက်စာမျက်နှာဆိုတဲ့အတိုင်း လျှို့ဝှက်စွာနဲ့ပဲ ရိုက်ကူးချင်လို့ပါ၊ ဇာတ်လမ်းကတော့ ပြောလို့မရသေးဘူးဗျာ၊ ဒီဇာတ်ကားမှာ ကျွန်တော့်အတွက် နည်းနည်းအကျပ်ရိုက်စေမယ့်အခန်းတွေပါတယ်၊ သိပ်ကြီးမားတာမျိုး မဟုတ်ပေမယ့် ကျွန်တော်အတွက် ခက်တဲ့ဟာလေးမို့ စိတ်ဝင်စားလို့ လက်ခံဖြစ်တာပါ ၊ ပထမဆုံး ငါ့ကိုနမ်းတဲ့ မုန်တိုင်းလောက်တော့ မခက်ဘူး၊ အဲဒီတုန်းကဆိုခက်တာက ကျွန်တော်က တစ်ခါမှ ချစ်သူကောင်မလေးနဲ့ကြည်နူးတဲ့ဇာတ်ဝင်ခန်းမျိုး မရိုက်ဖူးတာကို ရိုက်ရတာပဲ၊ ပြောရမယ့်စကားတွေကို တွေးတွေးပြီးတော့ကို ကျွန်တော် ရှက်စိတ်က ဝင်လာတာပါ၊ အခုကားကတော့ ပထမကားလောက် ချစ်ခန်းမပါဘူး။ အချစ်ရိုမန့်ဆန်ဆန် ရိုက်ကူးသွားမယ့် ဇာတ်ကားလေးတစ်ကားပါပဲ၊ လျှို့ဝှက်စာမျက်နှာဆိုတဲ့အတိုင်း ဇာတ်လမ်းအကျဉ်းကိုတော့ လက်ရှိအချိန်မှာ လျှို့ဝှက်ထားချင်လို့ပါ"ဟု ရဲရင့်အောင်က ပြောသည်။

ရဲရင့်အောင်အနေဖြင့် မကြာခင်က ရုံတင်ပြသခဲ့ပြီး ပရိသတ်အားပေးမှု များစွာရရှိခဲ့သည့် ငါ့ကိုနမ်းတဲ့ မုန်တိုင်း ရုပ်ရှင်ကားတွင်လည်း အကောင်းဆုံး ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ရာ ယခု လျှို့ဝှက်စာမျက်နှာ ဇာတ်လမ်းတွင်မူ မည်ကဲ့သို့ ကာရိုက်တာနှင့် မြင်တွေ့ရမည်ဆိုသည်ကို ပရိသတ်အတွက် လျှို့ဝှက်ထားကြောင်းနှင့် ဇာတ်ကားကို ယခု အောက်တိုဘာလအတွင်း စတင်ရိုက်ကူးတော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# မယ်ကမ္ဘာကိုယ်စားပြု အလှမယ်ဟန်တီအား Honor Product Hero အဖြစ် တရားဝင်ခန့်အပ်

မယ်ကမ္ဘာ ၂၀၁၈(Miss World 2018)တွင် မြန်မာနိုင်ငံအားကိုယ်စားပြုရန် ရွေးချယ်ခံထားရသော ဟန်တီအား Honor စမတ်ဖုန်းများ၏ Product Hero အဖြစ် Honor က တရားဝင်ခန့်အပ်ခဲ့ကြောင်း သိရသည်။ အလှမယ်ဟန်တီ အပါအဝင် ယှဉ်ပြိုင်မည့်အလှမယ် ၁၁၆ ဦးအထိ အတည်ပြုထားပြီးဖြစ်သော မယ်ကမ္ဘာ ၂၀၁၈ (Miss World 2018) အလှမယ်ပြိုင်ပွဲတွင် နိုင်ငံ ၁၂၀ မှ အလှမယ်များ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဟန်တီအနေဖြင့် မြန်မာနိုင်ငံကို ကိုယ်စားပြု၍ ၆၈ ကြိမ်မြောက် ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အလှမယ်ပြိုင်ပွဲကို တရုတ်နိုင်ငံ Sanya မြို့၌ ယခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဂျနီဖာဂါနာတစ်ယောက် အချစ်သစ်တွေ့နေပြီဆိုတဲ့ သတင်းတွေထွက်ပေါ်

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးချော ဂျနီဖာဂါနာဟာ ဘင်အက်ဖလက်နဲ့လမ်းခွဲပြီးနောက် အခုအခါမှာတော့ အချစ်သစ်တွေ့သွားပြီပဲ ဖြစ်ပါတယ်။ ခယ်လီအုပ်စုမှ စီအီးအိုတစ်ဦး ဖြစ်သူ ဂျွန်မေလာနဲ့ ချစ်သူသက်တမ်း ခြောက်လရှိပြီလို့ ယူအက်စ်ဝီခ်ကလီးမှာ ဖော်ပြထားပါတယ်။ အသက် ၄၀ ရှိပြီဖြစ်တဲ့ ဂျွန်မေလာဟာ အနုပညာလောကထဲက မဟုတ်ပါဘူး။

ခယ်လီအုပ်စုဟာ စားသောက်ကုန်လုပ်ငန်း အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစုဖြစ်ပြီး စားသောက်ဆိုင်ပေါင်း ၅၀ ခန့် ပိုင်ဆိုင်ပါတယ်။ ဂျနီဖာဂါနာလိုပါပဲ၊ ဂျွန်ဟာလည်း အိမ်ထောင်ကွဲတစ်ယောက်ပါပဲ။ သူတို့နှစ်ဦးရဲ့သတင်းတွေ ဖော်ပြရာမှာတော့ "သူတို့ဘယ်လိုတွေ့ဆုံခဲ့ကြတယ်ဆိုတာ မသိရပေမယ့် သူတို့အလွန်ချစ်နေကြတာကတော့ အတိအကျပါပဲ" လို့ဖော်ပြကြပါတယ်။ ခင်ပွန်းဟောင်းဖြစ်သူ ဘင်အက်ဖလက်နဲ့ အပြီးသတ်ကွာရှင်းမှုအပြီးမှာတော့ ဂျနီဖာနဲ့ဂျွန်တို့ရဲ့အချစ်ဇာတ်လမ်းသတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဘင်အက်ဖလက်နဲ့ ဂျနီဖာဂါနာတို့ဟာ ၂၀၁၅ ခုနှစ်ကတည်းက ကွာရှင်းခဲ့တာ ဖြစ်ပေမယ့် ၂၀၁၇ ဧပြီလအထိ အပြီးသတ်ကွာရှင်းမှု မပြုရသေးပါဘူး။

ကွာရှင်းထားပေမယ့် သူတို့နှစ်ဦးမှာ ရင်းနှီးတဲ့ဆက်ဆံရေးတွေကတော့ ရှိနေဆဲပါပဲ။ မကြာသေးခင်ကပဲ ဘင်အက်ဖလက်ကို ဂျနီဖာကိုယ်တိုင်ပဲ ပြန်လည်ထူထောင်ရေးစခန်းကို အရက်ဖြတ်ဖို့ လိုက်ပို့ပေးခဲ့တာပါ။ ဘင်အက်ဖလက်နဲ့ ဂျနီဖာဂါနာတို့မှာ အသက် ၁၂ နှစ်အရွယ် ဗွိုင်အိုလက်၊ အသက် ၉ နှစ်အရွယ် ဆာရာဖီနာနဲ့ အသက် ၆ နှစ်အရွယ် ဆမြူဆိုတဲ့ကလေးသုံးဦး ရှိပါတယ်။

**ဟယ်လို**



### ဘရစ်တနီစပီးယားက ပရိသတ်များကို ကျေးဇူးတင်စကားဆို


ပေါ့ပ်အဆိုတော် ဘရစ်တနီစပီးယားဟာ သူ့ရဲ့ Baby One More Time ဆိုတဲ့ သီချင်းထွက်ရှိပြီး အနှစ် ၂၀ အကြာမှာ အင်စတာဂရမ်ကနေတစ်ဆင့် သူ့ပရိသတ်တွေကို ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။ "ရှင်တို့ရဲ့အားပေးထောက်ခံမှုဟာ ကျွန်မ အတွက်တော့ ကမ္ဘာတစ်ခုပါပဲ" လို့ ဘရစ်တနီက ပြောခဲ့ပါတယ်။

ဒီဇာလို့ခေါ်တဲ့ အင်တာနက်အခြေစိုက်သီချင်း ဝန်ဆောင်မှုလုပ်ငန်းကတော့ ဘရစ်တနီစပီးယားရဲ့ လက်ရှိပရိသတ် လေးပုံပုံတစ်ပုံဟာ သူ့ရဲ့ပထမသီချင်းထွက်ရှိတုန်းက မွေးတောင်မမွေးသေးဘူးလို့ စာရင်းကောက်ယူထားပါတယ်။

ဘရစ်တနီဟာအသက် ၁၆ နှစ်အရွယ်မှာ ပထမဆုံး သီချင်းထွက်ရှိခဲ့တာဖြစ်ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာလမှာ ထွက်ရှိခဲ့တာပါ။ ဗြိတိန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှာ ထိပ်ဆုံးကနေ ရပ်တည်နိုင်ခဲ့ပါတယ်။ "ပရိသတ်တွေကို ကျွန်မရဲ့ ဂီတနဲ့ ထိတွေ့ပေးခဲ့တာ အခုဆိုရင် အနှစ် ၂၀ ရှိပါပြီ" လို့ ဘရစ်တနီကပြောပါတယ်။ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရစ်တနီဟာ ဂီတသက်တမ်းအနှစ် ၂၀ ရှိလာပြီ ဖြစ်ပါတယ်။ အခုနှစ်အတွင်းမှာ ဘရစ်တနီရဲ့ သီချင်းကို နားထောင်ကြတဲ့ လူ ၂၈ ရာခိုင်နှုန်းဟာ အသက် ၁၈ နှစ်နဲ့ ၂၄ နှစ်ကြား လူငယ်ပရိသတ်တွေပဲ ဖြစ်တယ်။

အဲဒီအထဲက လူအချို့ဟာ ဘရစ်တနီပထမဆုံးအကြိမ် သီချင်းခွေထွက်တော့ မွေးတောင်မမွေးကြသေးဘူးလို့ ဒီဇာကကောက်ခံထားတဲ့ အချက်အလက်တွေအရ သိရပါတယ်။

**ဘီဘီစီ**



ဩး

# စကားလုံးနှင့် အနက်အဓိပ္ပာယ်(၆)



## မောင်ခင်မင် (ဓနုဖြူ)

"သမီးစဉ်းစားမိတာ တစ်ခုမေးချင်ပါတယ် ဘဘ"

"မေးလေသမီးရဲ့"

"ဟိုတစ်ခါ အသုံးရှေ့လို့ အနက်ကွဲသွားတဲ့စကားလုံးတွေအကြောင်း ဘဘ ပြောတာ သမီးမှတ်ထားပါတယ်။ 'စာ' ဆိုတဲ့ စကားလုံးက အသုံးကိုလိုက်ပြီး အက္ခရာစာလုံး၊ ပေးစာ၊ ကဗျာ၊ ပညာရပ်ဆိုတဲ့အနက်တွေ ကွဲပြားသွားတဲ့အကြောင်းပါ"

"ဟုတ်တယ်လေ"

"သမီးစဉ်းစားမိတာက 'စာ'ဆိုတာ ငှက်တစ်မျိုးကိုလည်း 'စာ'လို့ ခေါ်တယ် မဟုတ်လား ဘဘ"

"ဟုတ်တယ်လေ။ စာဘုန်းကြီးတို့၊ စာဝတီးတို့ဆိုတဲ့ ငှက်ကလေးတွေကို စာကလေးတွေလို့ ခေါ်တာသမီးကြားဖူးမှာပါ။ စာဆိုတာ ငှက်တစ်မျိုးပဲလေ"

"ဟုတ်ကဲ့၊ သမီးသိချင်တာက အဲဒီငှက်ကိုခေါ်တဲ့ 'စာ' ကရော ဘဘပြောတဲ့ စာလုံးတို့၊ ကဗျာတို့ကိုခေါ်တဲ့ 'စာ' နဲ့ ဘယ်လိုဆက်စပ်သလဲဆိုတာ သိချင်တာပါ"

"ကောင်းပါ့ကွယ်။ သမီးမေးခွန်းက မေးသင့်တဲ့ မေးခွန်းပါ။ စာလုံးလို့ အဓိပ္ပာယ်ရတဲ့ 'စာ' နဲ့ ငှက်ကလေးလို့ အဓိပ္ပာယ်ရတဲ့ 'စာ'က အသံချင်းတူပေမယ့် အဓိပ္ပာယ်ချင်းတော့ အဆက်အစပ်မရှိဘူးကွဲ့"

"ဩော်"

"သမီးမြင်သာအောင် ပြောရရင် 'စာ'ဆိုတာ ငှက်ကလေးကို ခေါ်တဲ့စကားလည်းဖြစ်သလို တခြားအဓိပ္ပာယ်တွေလည်း ရှိတယ်လေ။ 'ကိုယ်ချင်းစာ'တို့၊ 'စာနာ' တို့မှာပါတဲ့ 'စာ'အဓိပ္ပာယ်ကတစ်မျိုး၊ 'အသံစာစာ' မှာပါတဲ့ 'စာ'ကလည်း အဓိပ္ပာယ်တစ်မျိုး၊ ပြီးတော့ 'ဆေးတစ်ခွက်စာ၊ နှစ်ခွက်စာ' ဆိုတဲ့ စာကလည်း အဓိပ္ပာယ်တစ်မျိုးလေ။ အဲဒီ'စာ'တွေက အသံတော့တူတယ်။ အဓိပ္ပာယ်ချင်းတော့ အဆက်အစပ် မရှိဘူးလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုစကားလုံးတွေကို မြန်မာစာပေမှာ 'သံတူကြောင်းကွဲ' လို့ ခေါ်တယ်ကွဲ့။ အသံတူပြီး အကြောင်းအရာကွဲတယ်လို့ ဆိုလိုတာပါ။ ဘဘကတော့ 'အသွင်တူ အနက်ကွဲ'လို့ ခေါ်ထားတယ်။ စကားလုံးအနက်အဓိပ္ပာယ် လေ့လာတဲ့ပညာရှင်တွေက homonym လို့ ခေါ်တယ်"

"မှတ်ထားပါ့မယ် ဘဘ"

"သက်ရှိသက်မဲ့ လူမှုကိစ္စတွေကိုခေါ်တဲ့ စကားလုံးတွေလည်း အသံချင်းသွားတူနိုင်တာပေါ့ကွယ်။ စဉ်းစားကြည့်လေ။ အရပ်မျက်နှာကို 'တောင်'လို့ခေါ်သလို ကုန်းမြင့်ကြီးကိုလည်း 'တောင်'လို့ ခေါ်တယ် မဟုတ်လား။ အဲဒီစကားလုံးနှစ်လုံးဟာ အဆက်အစပ်မရှိဘူးလို့လည်း ယူဆကြတယ်။ မြန်မာလူမျိုးတွေ မြန်မာနိုင်ငံထဲ မဝင်လာခင် တိဘက်ကုန်းပြင်မြင့်မှာ နေတုန်းက အရှေ့အနောက်တန်းနေတဲ့ တောင်တန်းကြီးရှိတဲ့ဘက်မို့ တောင်လို့ခေါ်တာလို့လည်း ယူဆကြတယ်။ အဲဒီလိုဆိုရင်တော့ အဆက်အစပ် ရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

"ပါးစပ်ထဲက အစာဝါးစားရတဲ့ ကိုယ်အင်္ဂါကို 'သွား' လို့ ခေါ်သလို လမ်းသွားတာကိုလည်း 'သွား'လို့ပဲ ခေါ်တာပဲလေ။ အဆက်အစပ်တော့ မရှိဘူးပေါ့"

"စကားလုံးလေ့လာတဲ့ ပညာရှင်တွေက ပြောကြတယ်။ နေရာအသီးသီးက လာတဲ့လူတွေဟာ တစ်ချိန်ချိန် တစ်နေရာရာမှာ အားလုံးလာဆုံတတ်တာမျိုးလို အရင်းခံရာ ဇာစ်မြစ်ချင်းမတူတဲ့ စကားလုံးတွေဟာ အချိန်ကြာလာတဲ့အခါမှာ အသွင်ပြောင်းလဲသွားပြီး တစ်ချိန်ချိန်မှာ သံတူကြောင်းကွဲတွေ၊ အဲ... အသွင်တူ အနက်ကွဲတွေ ဖြစ်လာနိုင်သတဲ့"

"သမီးတော့ သိပ်နားမလည်ပါဘူးဘဘ"

"ဒီလိုလေ။ ပုံစံအနေနဲ့ စကားလုံးတစ်လုံးကို ကြည့်ရအောင်။ 'တူ'ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို သမီးဘယ်လိုနားလည်သလဲ"

"တူဆိုတာ ကိုယ့်ညီအစ်ကိုမောင်နှမက မွေးလာတဲ့ ယောကျ်ားကလေးပါ ဘဘ"

"ဟုတ်ပါပြီ။ တခြားအဓိပ္ပာယ်ရော စဉ်းစားမိသေးသလား"

"တခြားအဓိပ္ပာယ်ဆိုရင်၊ ဟာ... သံရိုက်တဲ့တူကိုလည်း တူလို့ပဲခေါ်ပါတယ်"

"ဟုတ်ပါတယ်။ ပြီးတော့ကော"

"စားသောက်ဆိုင်မှာ ထမင်းစားတဲ့ တုတ်တံကလေးနှစ်ချောင်းကို ဘာခေါ်သလဲ"

"အဲဒါလည်း 'တူ' ပါပဲ ဘဘ"

"ဘဘက ထပ်ဖြည့်ဦးမယ်။ ခုလို မီးထွန်းပွဲကျင်းပတဲ့ သီတင်းကျွတ်လကို ဘာရာသီလို့ခေါ်သလဲ။ သမီးသိမှာပေါ့"

"တူရာသီလို့ခေါ်ပါတယ် ဘဘ"

"ဟုတ်ပြီ။ ခုဆိုရင် အဓိပ္ပာယ်မတူတဲ့ 'တူ' ဆိုတဲ့ စကားလုံးလေးလုံးရပြီ။ ဒါတောင် တူညီတယ်၊ ဆင်တူတယ်ဆိုတာမျိုးသုံးတဲ့ 'တူ' ကို မထည့်သေးဘူး။ အဲဒီ 'တူ' လေးလုံးက ဇာစ်မြစ်ချင်း ကွဲပြားတယ်ကွဲ့"

"ဘယ်လိုကွဲပြားတာပါလဲ ဘဘ"

"ဆွေမျိုးသားချင်း 'တူ' နဲ့ သံရိုက်တဲ့ 'တူ'ကတော့ တခြားဘာသာစကားတွေထဲက မွေးစားထားတာမဟုတ်ဘဲ မြန်မာစကားစစ်စစ်ဖြစ်ဖို့ များတယ်လို့ ယူဆရတာပေါ့။ အသေအချာတော့ မပြောနိုင်သေးဘူး။ သုတေသနလုပ်ကြည့်မှ သိမှာလေ"

"ဟုတ်ကဲ့ပါ"

"အဲ... ထမင်းစားတဲ့ 'တူ' ကတော့ 'zhu' ဆိုတဲ့ တရုတ်စကားလုံးကို မွေးစားယူထားတာလို့ ပညာရှင်တွေ ပြောကြတယ်"

"ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်"

"အဲ... သီတင်းကျွတ်လကိုခေါ်တဲ့ တူရာသီကတော့ 'တုလာ'ဆိုတဲ့ ပါဠိစကားကနေပြီး ဆင်းသက်လာတာပါ။ 'ချိန်ခွင်' လို့ အဓိပ္ပာယ်ရတယ်။ ချိန်ခွင်ရုပ်ကိုင်ထားတဲ့ သဏ္ဌာန်ရှိတဲ့အတွက် တူရာသီလို့ခေါ်ကြောင်း မှတ်သားရတယ်"

"ဟုတ်ကဲ့"

"ဒီတော့ စဉ်းစားကြည့်ရင် ဇာစ်မြစ်မတူတဲ့ စကားလေးလုံးဟာ ခေတ်အဆက်ဆက် အသွင်ပြောင်းပြီး ခုခေတ်မှာ 'တူ'ဆိုတဲ့ အသွင်တူအနက်ကွဲတွေ အဖြစ် မြန်မာစကားထဲမှာ အသုံးတွင်ကျယ်နေပြီပေါ့ကွယ်"

"ဒါထက်ဘဘ၊ အဲဒီစကားလုံးတွေ တူနေတော့ သုံးတဲ့အခါမှာ အဓိပ္ပာယ် မရှုပ်နိုင်ဘူးလားဟင်"

"ဒါလည်း မေးစရာပေါ့။ ဂရုတစိုက်မသုံးမိရင် ရှုပ်နိုင်တာပေါ့ကွယ်။ ဘဘတပည့်တွေကိုပြနေကျ သာဓက တစ်ခုပြောတယ်။ 'ငါ့တူ ဘယ်ရောက်နေသလဲ' ဆိုတဲ့ စကားကို သမီးဘယ်လိုနားလည်သလဲ"

"ဟာ... ဘဘ၊ ဒီစကားက ဘယ်တူကို ဆိုလိုမှန်း သဲသဲကွဲကွဲ မသိနိုင်ပါဘူး။ ဆွေမျိုးတူရော၊ သံရိုက်တဲ့တူရော၊ ထမင်းစားတဲ့တူရော ဖြစ်နိုင်တာပဲလေ"

"ဘာဖြစ်လို့ မသဲကွဲတာလဲ"

"အဓိပ္ပာယ်ပေါ်အောင် ပြည့်ပြည့်စုံစုံမပြောလို့များလား ဘဘ"

"ဟုတ်တာပေါ့။ တကယ်လို့ 'ငါ့တူဘယ်ရောက်နေသလဲ၊ အိမ်မလာတာကြာပြီ' လို့ ပြောရင် ဆွေမျိုးသားချင်းတူဖြစ်ကြောင်း ထင်ရှားသွားမှာလေ။ တခြားတူနှစ်ခုက သက်ရှိမှမဟုတ်တာ ဘယ်လာနိုင်ပါ့မလဲ။ အဲဒီလိုစဉ်းစားကြည့်ရင် သဲသဲကွဲကွဲသိတာပေါ့"

"ကဲ... ဒီလိုဆိုရင် အဲဒီစကားကို သံရိုက်တဲ့တူဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးပဲ ဖြစ်အောင် စကားဖြည့်ပြောကြည့်စမ်းပါ"

"ဟုတ်ကဲ့...'ငါ့တူဘယ်ရောက်နေသလဲ၊ သံရိုက်စရာရှိလို့ ရှာပေးစမ်းပါ' လို့ ပြောမှာပေါ့ ဘဘ"

"ဟုတ်ပါပြီ။ ထမင်းစားတဲ့တူဆိုတဲ့ အဓိပ္ပာယ်ရအောင်ရော ဘယ်လိုပြောမလဲ"

"ငါ့တူဘယ်ရောက်နေသလဲ။ မတွေ့ရင် ဇွန်းခက်ရင်းနဲ့ပဲ စားတော့မယ်'လို့ ပြောရင်ရမယ်ထင်တယ်"

"ဟုတ်ပါတယ်ကွယ်။ သမီးက သဘောပေါက်ပါတယ်"

"အင်္ဂလိပ်စကားမှာလည်း အဲဒီလိုပြဿနာမျိုးတွေ ရှိပါတယ်။ 'I am looking for my glasses' ဆိုတဲ့စကားမှာ 'glasses' ဟာ မျက်မှန်လည်းဖြစ်နိုင်တယ်။ ဖန်ခွက်လည်း ဖြစ်နိုင်တယ်။ He lives near the bank ဆိုရင်လည်း bank ဟာ ကမ်းနားလည်း ဖြစ်နိုင်တယ်။ ဘဏ်လည်း ဖြစ်နိုင်တယ်။ ဘာကိုဆိုလိုတယ်ဆိုတာ သဲကွဲအောင် စကားအဆက်အစပ် ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ ပြောဖို့ရေးဖို့ လိုတာပေါ့"

"မှတ်ထားပါ့မယ် ဘဘ"

"အသွင်တူ အနက်ကွဲပြဿနာကြောင့် အသုံးအနှုန်းတစ်ခုကို မကြာခဏမှားသုံးတတ်ကြတဲ့အကြောင်း သမီးကို ပြောပြရဦးမယ်"

"ဟုတ်ကဲ့ပါ"

"'စိတ်တစ်ခု ယုတ်ကိုးဆယ်' ဆိုတဲ့ စကားကို သမီးကြားဖူးသလား"

"ကြားတော့ ကြားဖူးပါတယ်ဘဘ။ အဓိပ္ပာယ်တော့ မသိပါဘူး"

"အဲဒီစကားက ပါဠိစကားကို မြန်မာဘာသာပြန်ထားတာ။ ပါဠိမှာ 'ဧကူန နဝုတိ'လို့ရှိတယ်။ ရှေးက မြန်မာဘာသာပြန်တော့ ပါဠိအသုံးအတိုင်း 'တစ်ခုယုတ် ကိုးဆယ်' လို့ ပြန်ခဲ့ကြတယ်။ အဓိပ္ပာယ်က ကိုးဆယ်မှာ တစ်ခုလျော့တာကို ဆိုလိုတာပါ။ ၈၉ ပေါ့။ အဘိဓမ္မာအရ 'စိတ် ၈၉ စိတ်' ကို 'တစ်ခုယုတ် ကိုးဆယ်သောစိတ်' လို့ ဘာသာပြန်ခဲ့ကြတာ ပါဠိအသုံးအတိုင်း ပြန်တာပေါ့။ ဒါပေမယ့် 'ယုတ်'နဲ့ 'ရုပ်' က အသွင်တူအနက်ကွဲ ဖြစ်နေတယ်လေ။ သံတူကြောင်းကွဲပေါ့။ ဒီတော့ ပါဠိမတတ်တဲ့ သူတွေက 'စိတ်တစ်ခု ရုပ်ကိုးဆယ်'လို့ မှားပြောရာက စိတ်ကတစ်ခုတည်း ရုပ်က ကိုးဆယ်တောင်ရှိတယ်ဆိုပြီး အလွဲအမှားတွေ ပြောကြရောလေ။ သံတူကြောင်းကွဲ တစ်ခုကြောင့် လွဲချော်တဲ့ပြဿနာပေါ့။ ပညာရှင်တွေ တော်တော်ရှင်းယူရတယ်"

**"စကားလုံးလေ့လာတဲ့ ပညာရှင်တွေက ပြောကြတယ်။ နေရာအသီးသီးက လာတဲ့လူတွေဟာ တစ်ချိန်ချိန် တစ်နေရာရာမှာ အားလုံးလာဆုံတတ်တာမျိုးလို အရင်းခံရာ ဇာစ်မြစ်ချင်းမတူတဲ့ စကားလုံးတွေဟာ အချိန်ကြာလာတဲ့အခါမှာ အသွင်ပြောင်းလဲသွားပြီး တစ်ချိန်ချိန်မှာ သံတူကြောင်းကွဲတွေ၊ အဲ... အသွင်တူ အနက်ကွဲတွေ ဖြစ်လာနိုင်သတဲ့"**

*စာမျက်နှာ ၂၃ သို့*

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

### အခန်း (၈)
### စာရင်းရှင်းလင်းဖျက်သိမ်းစဉ်နှင့် ယင်းမတိုင်မီအလွဲသုံးစားပြုခြင်း ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း၊ အတုအပ ပြုလုပ်မှု၊ လိမ်လည်မှုအတွက်ပြစ်မှုများ

**စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်၍ လိမ်ညာမှု ပြုလုပ်ခြင်း**

၂၁၄။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေပါက ကုမ္ပဏီ၏ ယခင်က သို့မဟုတ် လက်ရှိအရာရှိ မည်သူမဆို စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ၁၂ လ ကာလအတွင်း အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါက ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်-

(၁) နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပမာဏထက် ကျော်လွန်သော ကုမ္ပဏီ၏ပိုင်ဆိုင်မှု အစိတ်အပိုင်းတစ်ခုခုကို လိမ်လည်လိုသော သဘောဖြင့် ရွှေ့ပြောင်းခဲ့လျှင် သို့မဟုတ် ကုမ္ပဏီမှ ပေးရန်နှင့် ရရန်ရှိသော ကြွေးမြီတစ်ရပ်ရပ်ကိုဝှက်သိမ်းထားခဲ့ခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ကိစ္စရပ်များအပေါ် သက်ရောက်မှုရှိသော သို့မဟုတ် ဆက်စပ်သော စာအုပ်စာတမ်းများအား ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးခြင်း၊ ပိုင်းခြားခွဲဝေခြင်း သို့မဟုတ် ပုံသဏ္ဍာန် ပျက်ယွင်းစေခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း၊ (မှတ်တမ်းများတွင် လိမ်လည်စာရင်းသွင်းခြင်း အပါအဝင်) သို့မဟုတ်

(၃) တစ်စုံတစ်ဦးမှ ထိုသို့ဆောင်ရွက်နေသည်ကိုသိလျက်နှင့် ပါဝင်ဆောင်ရွက်ခြင်း။

(ခ) စွပ်စွဲခံရသူသည် အောက်ပါအတိုင်း ခုခံချေပနိုင်သည်-

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ စွပ်စွဲခံရသူသည် ၎င်းအနေဖြင့် လိမ်လည်အတုအပပြုရန် ရည်ရွယ်ချက်မရှိကြောင်း ၊

(၂) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) အရ စွပ်စွဲခံရသူ တစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေကို ထိမ်ချန်ထားရန် သို့မဟုတ် ဥပဒေကို ဆန့်ကျင်ရန် ရည်ရွယ်ချက်မရှိကြောင်း၊

(၃) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (၃) အရ စွပ်စွဲခံရသူ တစ်ဦးဦးသည် ၎င်းအနေဖြင့် လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်မရှိကြောင်း သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေမှန်ကို ထိမ်ချန်ထားရန် သို့မဟုတ် ဥပဒေကို ဆန့်ကျင်ရန် ရည်ရွယ်ချက် မရှိကြောင်း။

(ဂ) ဤပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူတစ်ဦးကို တရားရုံးသည် ၁၀ နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်သည့် လုပ်ငန်းစဉ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု**

၂၁၅။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် ကုမ္ပဏီ၏လက်ရှိ သို့မဟုတ် ယခင်အရာရှိတစ်ဦးသည် အောက်ပါတို့ကို ဆောင်ရွက်ခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ စာဖြင့်ရေးသား တောင်းဆိုချက်အရ ကုမ္ပဏီပိုင်ဆိုင်မှုအားလုံး၏ အသေးစိတ်အချက်အလက်နှင့် ပတ်သက်ပြီး ကုမ္ပဏီက လုပ်ရိုးလုပ်စဉ်လုပ်ငန်းများအရ စီမံခန့်ခွဲခဲ့ခြင်းမှလွဲ၍ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို မည်သည့်နည်းဖြင့် မည်သူ့ထံ မည်သည့် အဖိုးစားနားနှင့် မည်သည့်အချိန်က စီမံခန့်ခွဲခဲ့သည်ကို ပြည့်စုံမှန်ကန်စွာ မိမိတို့ သိရှိယုံကြည်သည့် အတိုင်းတင်ပြခဲ့ခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ၎င်း၏ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ၎င်း၏ ထိန်းသိမ်းမှုအောက်တွင်ရှိပြီးဥပဒေအရ ၎င်းကလွှဲပြောင်းပေးအပ်ရန် တာဝန်ရှိသည့် ကုမ္ပဏီပစ္စည်း၏ မည်သည့်အပိုင်းကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လွှဲပြောင်းပေးအပ်ခြင်း မပြုလျှင်၊ သို့မဟုတ်

(၃) ကုမ္ပဏီကပိုင်ဆိုင်ပြီး ၎င်း၏ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ရှိပြီး ဥပဒေအရ ၎င်းကလွှဲပြောင်းပေးအပ်ရန် တာဝန်ရှိသည့် စာအုပ်စာတမ်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လွှဲပြောင်းပေးအပ်ခြင်း မပြုလျှင်၊ သို့မဟုတ်

(၄) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် တစ်ဦးတစ်ယောက်က မမှန်ကန်သည့် ကြွေးမြီတစ်ရပ်အား တင်ပြတောင်းခံခဲ့သည်ကို သိလျက်နှင့် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိလျက်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တတ်နိုင်သမျှ ဆောလျင်စွာ အကြောင်းကြားရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ်

(၅) ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ကိစ္စရပ်များနှင့် ပတ်သက်သည့် သို့မဟုတ် ကုမ္ပဏီအပေါ် အကျိုးသက်ရောက်စေသည့် စာအုပ်စာတမ်း တစ်စုံတစ်ရာတင်ပြမှုကို ပိတ်ပင်တားဆီးလျှင်။

(ခ) စွပ်စွဲခံရသူသည် အောက်ပါအတိုင်း ခုခံချေပနိုင်သည်-

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁)၊ပုဒ်မခွဲငယ် (၂) သို့မဟုတ် ပုဒ်မခွဲငယ်(၃) အရ စွပ်စွဲခံရသူသည် လိမ်လည်အတုအပပြုလုပ်ရန် ရည်ရွယ်ချက်မရှိကြောင်း၊ နှင့်

(၂) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၅)အရ စွပ်စွဲခံရသူသည် ကုမ္ပဏီကိစ္စရပ်များ၏အခြေအနေကို သိုဝှက်ထားရန် သို့မဟုတ် ဥပဒေကို ဆန့်ကျင်ရန် ရည်ရွယ်ချက် မရှိကြောင်း။

(ဂ) ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးကို တရားရုံးသည် ၃ နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

**မြီရှင်များအား မမှန်မကန်တင်ပြခြင်း**

၂၁၆။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်နေစဉ်အတွင်း ကုမ္ပဏီ၏ လက်ရှိ သို့မဟုတ် ယခင်ကအရာရှိသည် မမှန်မကန်တင်ပြမှု ပြုလုပ်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် သဘောတူညီချက် တစ်ရပ်ရရန် အလို့ငှာ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် မြီရှင်များကို မမှန်မကန် တင်ပြခြင်း သို့မဟုတ် လိမ်လည်ခြင်းပြုလျှင် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်ရာ ရောက်သည်။

(ခ) ဤပုဒ်မအရ ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို တရားရုံးသည် ၇ နှစ် အထိ အလုပ်မဲ့ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ဒါရိုက်တာများနှင့် အရာရှိများကို အရေးယူခြင်း၊ တာဝန်မဲ့သော ဒါရိုက်တာများ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ စသည်တို့အပေါ် တာဝန်တင်ရှိစေခြင်း**

၂၁၇။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ်အတွင်း ကုမ္ပဏီ၏အရာရှိအဖြစ်ဆောင်ရွက်နေသူ သို့မဟုတ် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိဖြစ်စေ၊ ပြန်လည်ထူထောင်ရေး မန်နေဂျာဖြစ်စေ၊ ပြန်လည်ထူထောင်ရေး အကြံပေး ဖြစ်စေ၊ ပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်စေ၊ ဆောင်ရွက်နေသူဖြစ်စေ ကုမ္ပဏီ၏ ငွေကြေးတစ်ရပ်ရပ် သို့မဟုတ် အခြားပစ္စည်းနှင့် ပတ်သက်၍ အလွဲအသုံးပြုခဲ့လျှင် သို့မဟုတ် လက်ရှိရယူထားခဲ့လျှင် သို့မဟုတ် တာဝန်တင်ရှိလာလျှင် မလျော်မကန် ဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီနှင့် ပတ်သက်၍ ယုံမှတ် အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ကြောင်း ပေါ်ပေါက်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် ကုမ္ပဏီနှင့်ပတ်သက်၍ မလျော်မကန် ဆောင်ရွက်ခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ခြင်းဆိုရာတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေး မန်နေဂျာ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် ပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ခဲ့သည့်သူတစ်ဦးဦးက ကုမ္ပဏီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်နေသည့် မလျော်မကန် ဆောင်ရွက်ခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ခြင်းတို့လည်း အကျုံးဝင်စေရမည်။

(ဂ) စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူတစ်ဦးဦးက လျှောက်ထားလာလျှင် တရားရုံးသည် ပုဒ်မခွဲ (က)အတွင်း ကျရောက်သည့် ပုဂ္ဂိုလ်၏ လုပ်ငန်းဆောင်ရွက်ချက်ကို စစ်ဆေးနိုင်ပြီး ထိုသူကို အောက်ပါအတိုင်း အတင်းအကျပ်ပြုနိုင်သည်-

(၁) သင့်တင့်မျှတသည် ထင်သည့်အတိုးနှုန်းဖြင့် ငွေကြေး သို့မဟုတ် ပစ္စည်း သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ခုခုကို ပြန်ပေးရန်၊ မူလအတိုင်း ပြန်လည်ထားရှိရန် သို့မဟုတ် စာရင်းရှင်းလင်းတင်ပြစေရန်၊ သို့မဟုတ်

(၂) မလျော်မကန်ဆောင်ရွက်မှု သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်ကို ချိုးဖောက်မှုနှင့် စပ်လျဉ်း၍ လျော်ကြေးအဖြစ် သင့်တင့်မျှတသည်ထင်သည့် ပမာဏကို ကုမ္ပဏီပိုင် ပစ္စည်းစာရင်းသို့ ပေးသွင်းစေရန်။

(ဃ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လုပ်ငန်းတာဝန်များကို စွန့်လွှတ်ခဲ့ပြီးသူတစ်ဦးသည် တရားရုံး၏ ခွင့်ပြုချက်မှ တစ်ပါး ပုဒ်မခွဲ(ဂ) အရ လျှောက်ထားပိုင်ခွင့် မရှိစေရ။

(င) ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးသည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားပိုင်ခွင့်ကို တရားရုံး၏ ခွင့်ပြုချက်ဖြင့်သာ ကျင့်သုံးနိုင်သည်။ ထိုလျှောက်လွှာအပေါ် ချမှတ်မည့် တရားရုံး၏အမိန့် တစ်စုံတစ်ရာသည် ၎င်းအတွက် အကျိုးမဖြစ်ထွန်းစေနိုင်သည့်တိုင် အထက်ပါအတိုင်း လျှောက်ထားပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

**လိမ်လည်လှည့်ဖြားသော ကုန်သွယ်ခြင်း**

၂၁၈။ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် ကုမ္ပဏီ၏လုပ်ငန်းတစ်ခုခုသည် ကုမ္ပဏီ၏မြီရှင်များ သို့မဟုတ် အခြားမြီရှင်များ သို့မဟုတ် အခြားသူတစ်ဦးဦးကို လိမ်လည်လှည့်ဖြားရန် ရည်ရွယ်၍ သို့မဟုတ် လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားမှုအပေါ်တွင် တရားရုံးသည် အထက်ဖော်ပြပါ ဆောင်ရွက်နေသည့် လုပ်ငန်းကို သိလျက်နှင့် ပါဝင်လုပ်ဆောင်နေသူများအား ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ သင့်တော်သည်ဟု ယူဆသည့် ပမာဏအား ထည့်သွင်းပေးသွင်းစေရန် တာဝန်ရှိကြောင်း တရားရုံးက အမိန့်ချမှတ်နိုင်သည်။

**မှားယွင်းကုန်သွယ်ခြင်း**

၂၁၉။ (က) အကယ်၍-

(၁) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ အခြားနည်းဖြင့် ဖျက်သိမ်းခြင်းဖြစ်သည့်အပြင်

(၂) ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းမှု မစတင်မီ အချိန်ကာလတစ်ခုအတွင်း ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီမှာ ကြွေးမြီမပေးဆပ်နိုင်၍ စာရင်းရှင်းလင်းဖျက်သိမ်းမှုသို့ ရောက်ရှိသွားခြင်းကို ရှောင်ရှားနိုင်ရန် အလားအလာများ မရှိကြောင်း သိရှိခဲ့လျှင် သို့မဟုတ် ထိုသို့ဖြစ်တန်ရာသည်ကို သိခဲ့လျှင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ သင့်တော်သည်ဟု ယူဆသည့် ပမာဏအား ထည့်သွင်းပေးသွင်းစေရန် တာဝန်ရှိကြောင်း တရားရုံးက ထိုသူအပေါ် အမိန့်ချမှတ်နိုင်သည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်၍ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ရှောင်ရှားနိုင်ရန် ကျိုးကြောင်းဆီလျော်သည့် အလားအလာများ မရှိကြောင်း သိရှိခဲ့သည့်အချိန် သို့မဟုတ် ထိုသို့ဖြစ်တန်ရာကို သိခဲ့ရသည့်အချိန်တွင် တစ်ဦးတစ်ယောက်သည် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့်အတိုင်း ကုမ္ပဏီ၏မြီရှင်များအတွက် ဆုံးရှုံးနိုင်ဖွယ် အလားအလာများကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်၍ တတ်နိုင်သမျှဆောင်ရွက်ခဲ့ကြောင်း တရားရုံးက ယုံကြည်ကျေနပ်လျှင် ထိုသူနှင့် ပတ်သက်၍ ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) ပါပြဋ္ဌာန်းချက်များ အလို့ငှာ ကုမ္ပဏီ၏ ဒါရိုက်တာက သိရှိသင့် သို့မဟုတ် သေချာစေရန် စိစစ်သင့်သည့် အကြောင်းခြင်းရာများ၊ ၎င်းအနေဖြင့် ချမှတ်သင့်သည့် ဆုံးဖြတ်ချက်များနှင့် ထိုသို့သိရှိရန် သို့မဟုတ် သေချာစေရန် စိစစ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် သာမန်လုံ့လဝီရိယရှိသူတစ်ဦး အနေဖြင့် သိရှိနိုင်မည့် သို့မဟုတ် သေချာစေရန် စိစစ်ရမည့် သို့မဟုတ် ရောက်ရှိရမည့် သို့မဟုတ် အရေးယူဆောင်ရွက်မည့်အကြောင်းအရာများ ဟုတ် မဟုတ်ကို စဉ်းစားရာတွင် ၎င်းက ဆောင်ရွက်သင့်သည့် လုပ်ငန်းအဆင့်များသည် အောက်ပါလုပ်ငန်းဆိုင်ရာ အရည်အချင်းများရှိသည့် လုံ့လဝီရိယရှိသူတစ်ဦးက သိရှိမည့် သို့မဟုတ် သေချာအောင် လေ့လာစိစစ်ရမည့် သို့မဟုတ် ရောက်ရှိရမည့် သို့မဟုတ် အရေးယူဆောင်ရွက်မည့် အကြောင်းအရာများ ဖြစ်သည်-

(၁) ကုမ္ပဏီဒါရိုက်တာတစ်ဦးမှ ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များကို သာမန်ဆင်ခြင်တတ်သူတစ်ဦးက ထမ်းဆောင်ပါလျှင် ရရှိလာနိုင်မည့် အထွေထွေဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ၊

(၂) ထိုဒါရိုက်တာတွင်ရှိသည့် အထွေထွေဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ။

**ကုမ္ပဏီအမည် ပြန်လည်အသုံးပြုမှုကို ကန့်သတ်ခြင်း**

၂၂၀။ (က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းမဟုတ်သော နည်းလမ်းဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းနေခြင်းဖြစ်လျှင် သို့တည်းမဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းပြီးဖြစ်လျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ဆောင်ရွက်သည့် နေ့ရက်မတိုင်မီ ၁၂ လ ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) ဤပုဒ်မအလို့ငှာ အမည်တစ်ခုသည် အောက်ပါအချက်များအတွင်း အကျုံးဝင်လျှင် ထိုပုဂ္ဂိုလ်နှင့် ပတ်သက်၍ တားမြစ်ထားသည့်အမည် ဖြစ်စေရမည်-

(၁) ၁၂ လကာလအတွင်း မည်သည့်အချိန်၌မဆို စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကုမ္ပဏီအဖြစ် အများသိရှိပြီးဖြစ်သည့် အမည်၊

(၂) ထိုကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သည့် အဖွဲ့အစည်း သို့မဟုတ် ထိုကုမ္ပဏီမှ ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းကိုမဆို အသုံးပြုပြီး အပိုဒ် (၁)အတွင်း ကျရောက်သည့် အမည်နှင့် ဆင်တူယိုးမှားဖြစ်သည့် အမည်။

(ဂ) တရားရုံး၏ ခွင့်ပြုချက်အရမှတစ်ပါး ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့် နေ့ရက်မှစ၍ ၅ နှစ်တာ ကာလအတွင်း မည်သည့်အချိန်တွင်မဆို ဤပုဒ်မနှင့် သက်ဆိုင်သူသည် -

(၁) တားမြစ်ထားသည့်အမည်ဖြင့် အများသိရှိသော အခြားကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ မဖြစ်စေရ၊ သို့မဟုတ်

(၂) မည်သည့်နည်းနှင့်မဆို တားမြစ်ထားသည့်အမည်ဖြင့် အများသိရှိသော ကုမ္ပဏီ၏ လုပ်ငန်း တိုးချဲ့ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ခြင်း မရှိစေရ၊ သို့မဟုတ်

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

(၃) မည်သည့်နည်းနှင့်မဆို တားမြစ်ထားသည့်အမည်ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ဆောင်ရွက်ပါက ထိုသူအား ၂ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

**အကျင့်ပျက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း**

**တာဝန်မဲ့သော အရာရှိများနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို တရားစွဲဆိုခြင်း**

၂၂၁။ (က) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် လုပ်ငန်းစဉ်အတွင်း ကုမ္ပဏီ၏ ယခင် သို့မဟုတ် လက်ရှိအရာရှိတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည်၊ ကုမ္ပဏီနှင့် ပတ်သက်၍ ရာဇဝတ်ကြောင်းအရ တာဝန်ရှိစေမည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ပြီးစွန်းကြောင်း ပေါ်ပေါက်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံ လွှဲအပ်တင်ပို့နိုင်သည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိမှ တောင်းခံသော သတင်းအချက်အလက်များနှင့် လိုအပ်သည့်စာရွက်စာတမ်းများ ရရှိနိုင်မည့် နည်းလမ်းများကို ကူညီပံ့ပိုးပေးရန်နှင့် ထိုစာရွက်စာတမ်းများကို စစ်ဆေးခြင်းနှင့် မိတ္တူကူးယူလိုပါက လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ အရေးယူဆောင်ရွက်ရာတွင် ၎င်းကိုယ်တိုင် ဆောင်ရွက်နိုင်သည် သို့မဟုတ် လက်အောက်ရှိ အရာရှိတစ်ဦးဦးကို တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ဤပုဒ်မခွဲ(က)အရ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်တင်ပို့လာသည့်အခါ မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကို တောင်းခံနိုင်သည်။

**ပုဒ်မ ၂၂၁အရ ပေါ်ပေါက်သည့်တာဝန်များ**

၂၂၂။ (က) ပုဒ်မ ၂၂၁ အရ အရေးယူဆောင်ရွက်ရာတွင် ယင်းအမှု၌ တရားခံအဖြစ် မပါဝင်သော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ကုမ္ပဏီ၏ ယခင်နှင့်လက်ရှိအရာရှိတိုင်းနှင့် ကုမ္ပဏီ၏ ကိုယ်စားလှယ်တို့သည် တရားစွဲဆိုမှုနှင့်စပ်လျဉ်းသော ကျိုးကြောင်းဆီလျော်စွာ ပေးအပ်နိုင်စွမ်းရှိသည့် ကူညီပံ့ပိုးမှုအားလုံးကို မှတ်ပုံတင်အရာရှိထံသို့ ပေးအပ်ရန် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က)အလို့ငှာ **ကိုယ်စားလှယ်** ဆိုသည့်စကားရပ်တွင် ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ဥပဒေအကြံပေး ရှေ့နေတစ်ဦးဦးနှင့် ကုမ္ပဏီ၏ အရာရှိ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ စာရင်းစစ်အဖြစ် ကုမ္ပဏီက ခန့်အပ်ထားသည့်သူ တစ်ဦးဦးပါဝင်သည်။

**အခန်း(၉)**

**ကြွေးမြီပေးဆပ်ရသူများ**

**လက်ရှိသော် လည်းကောင်း၊ ယခင်ကသော် လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိမှု**

၂၂၃။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီ၏ ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေး လုံလောက်မှုရှိစေရန်နှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည်။

(၁) ယခင်က ကုမ္ပဏီတွင်ပါဝင်သူသည် -

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မစတင်မီ တစ်နှစ်ထက်ကျော်လွန်သော ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှရပ်စဲခဲ့လျှင် ကြွေးမြီပေးဆပ်ရန်အတွက် တာဝန်မရှိစေရ။

(ခခ) ကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရန် တာဝန်မရှိစေရ။

(ဂဂ) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန်ဖြစ်သော ကြွေးမြီကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးက တွေ့ရှိခဲ့လျှင် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်ရှိစေရမည်။

(၂) အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသော ငွေပမာဏထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ။

(၃) အာမခံဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ။

(၄) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသို့ ပေးချေရမည့် အမြတ်ဝေစု၊ အကျိုးအမြတ် သို့မဟုတ် အခြားသောငွေကြေး စသည်ကဲ့သို့သော ငွေပမာဏတစ်ခုနှင့် စပ်လျဉ်း၍ ၎င်းနှင့် ကုမ္ပဏီပါဝင်သူ မဟုတ်သည့် အခြားမြီရှင်တစ်ဦးဦးအကြား ဖြစ်ပေါ်လာသည့် ကိစ္စတွင် ထိုငွေပမာဏကို ထိုကုမ္ပဏီတွင် ပါဝင်သူသို့ ကုမ္ပဏီက ပေးချေရမည့် ကြွေးမြီအဖြစ် မှတ်ယူခြင်း မရှိစေရ၊ သို့ရာတွင် ထိုငွေပမာဏကို ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို နောက်ဆုံးညှိနှိုင်း ဆောင်ရွက်ရန်အလို့ငှာ ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာ မတည်ငွေရင်းပါရှိသည့် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပေးချေရခြင်း မရှိသေးသော ငွေပမာဏတစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန် တာဝန်ရှိသည်။

**တရားရုံး၏အာဏာများ**

၂၂၄။ တရားရုံးသည် အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တည်ဆဲဥပဒေများနှင့်အညီ သင့်လျော်သောအမိန့်များကို ချမှတ်နိုင်သည် -

(က) ကြွေးမြီပေးဆပ်ရသူတို့အပေါ် ကုမ္ပဏီ၏ အခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခြင်း၊

(ခ) ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့အခွင့်အရေးများကို ညှိနှိုင်းသတ်မှတ်ခြင်း။

**ကုမ္ပဏီ၏စာအုပ်စာတမ်းများကို သက်သေခံ အထောက်အထားအဖြစ် အသုံးပြုခြင်း**

၂၂၅။ ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီပိုင် စာအုပ်စာတမ်းများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လက်ဝယ်ရှိ စာအုပ်စာတမ်းများသည် ကြွေးမြီ ပေးဆပ်ရသူများအကြားတွင် လည်းကောင်း၊ ကုမ္ပဏီနှင့် ကြွေးမြီပေးဆပ်ရသူများ အကြားတွင် လည်းကောင်း ယင်းကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်အားလုံးနှင့်ပတ်သက်၍ မှန်ကန်ပြီး ဦးစွာအမြင်အားဖြင့် ခိုင်မာသည့် သက်သေခံအထောက်အထားများဖြစ်သည်ဟု မှတ်ယူနိုင်သည်။

**အခန်း(၁၀)**

**မှတ်ပုံမတင်သည့်ကုမ္ပဏီများအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**မှတ်ပုံမတင်သည့် ကုမ္ပဏီ၏အဓိပ္ပာယ်**

၂၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ **မှတ်ပုံမတင်သည့်ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ မဟုတ်သည့် အခြားသော အဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ပြည်ပကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အခြားတည်ဆဲဥပဒေအရ တည်ထောင်ထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

**မှတ်ပုံမတင်သည့်ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၂၇။ (က) ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီအား ဖျက်သိမ်းခြင်းတွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် လိုအပ်သလို အကျုံးဝင်သက်ဆိုင်စေနိုင်သည်။ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားကုမ္ပဏီများဖြစ်သည့်ကိစ္စတွင် သက်ဆိုင်သည့် ပုဂ္ဂလိကအပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ဥပဒေမူဘောင်များနှင့် လိုအပ်သလိုသက်ဆိုင်စေနိုင်သည်။

(ခ) တရားရုံး၏ စီရင်ပိုင်ခွင့်ကို ဆုံးဖြတ်ရန် အလို့ငှာ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာ နေရာအား ကုမ္ပဏီမှတ်ပုံတင်ထားရှိသည့်ရုံးနေရာဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့်ကုမ္ပဏီမဆို ဤဥပဒေအရ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း မရှိစေရ။

(ဃ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီကို အောက်ပါအခြေအနေများတွင် စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းလျှင် သို့မဟုတ် လုပ်ငန်းဆောင်ရွက်နိုင်မှုရပ်စဲလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်၍ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်လျှင်၊

(၂) ကုမ္ပဏီသည် ကြွေးမြီပေးဆပ်နိုင်ခြင်း မရှိလျှင်၊ သို့မဟုတ်

(၃) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် တရားမျှတမှုရှိသည်ဟု တရားရုံးက ထင်မြင်ယူဆလျှင်။

**ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြင်ပတွင် ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၂၈။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြင်ပတွင် ဖွဲ့စည်းထားသည့် ကုမ္ပဏီသည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှ လုပ်ငန်းများရပ်စဲသွားသည့်အခါ ယင်းကုမ္ပဏီ ဖွဲ့စည်းတည်ရှိသည့် နိုင်ငံ၏ဥပဒေများအရ ထိုကုမ္ပဏီအား ဖျက်သိမ်းခဲ့ပြီးဖြစ်လျှင်ဖြစ်စေ၊ ကုမ္ပဏီဖြစ်တည်မှုရပ်စဲသွားခဲ့လျှင်ဖြစ်စေ ထိုကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီအဖြစ် ဤဥပဒေအရ စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းစေသည့်အမိန့်အရ ဆိုင်းငံ့ထားရမည့် အရေးယူ ဆောင်ရွက်ချက်များ**

၂၂၉။ မှတ်ပုံမတင်သည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်တစ်ရပ် ချမှတ်ခဲ့ပြီးဖြစ်လျှင် တရားရုံး၏ခွင့်ပြုချက်နှင့် တရားရုံးက ချမှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှတစ်ပါး ထိုကုမ္ပဏီ၏ ကြွေးမြီတစ်ရပ်ရပ်နှင့် ပတ်သက်၍ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် အရေးယူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို စတင်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

**အပိုင်း (၈)**

**တစ်သီးပုဂ္ဂလလူမွဲခံခြင်း**

**အခန်း(၁)**

**မိမိဆန္ဒအလျောက် အစီအစဉ်များ ပြုလုပ်ခြင်း**

**ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိသော မြီစားအပေါ်တွင် အရေးယူဆောင်ရွက်ခြင်းအား ဆိုင်းငံ့ခြင်း**

**သက်ဆိုင်ခြင်း**

၂၃၀။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သာမန်လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မြီစားနှင့် ၎င်း၏ မြီရှင်များအကြား မိမိဆန္ဒအလျောက်အစီအစဉ် ပြုလုပ်ခြင်း၊ ယင်း၏အကျိုးသက်ရောက်မှုတို့နှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ဤအပိုင်း(၈)တွင်ပါရှိသည့် အခြားသော အခန်းများရှိ ပြဋ္ဌာန်းချက်များသည် ထိုမြီစားအား နည်းလမ်းတကျ လူမွဲခံစေသည့် လုပ်ငန်းစဉ်များ၊ အကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်စေရမည်။

**တရားရုံး၏ ဆိုင်းငံ့မိန့်**

၂၃၁။ (က) သာမန်လူပုဂ္ဂိုလ် မြီစားတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက်အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ရန်လိုပါက ဆိုင်းငံ့မိန့် ချမှတ်ပေးရန်တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) မြီစားမှ တင်သွင်းသော လူမွဲခံယူခြင်းဆိုင်ရာလျှောက်ထားမှု ပြီးပြတ်ခြင်းမရှိသေးမီ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မခွဲ (က) အရ ထပ်မံလျှောက်ထားခြင်း မပြုရ။

(ဂ) ဆိုင်းငံ့မိန့် အတည်ဖြစ်နေသည့်အချိန်ကာလအတွင်း အောက်ပါကိစ္စရပ်များ ဆောင်ရွက်ခြင်း မရှိစေရ-

(၁) မြီစားနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ လျှောက်ထားမှုကို တင်သွင်းခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အိမ်ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မြီစားမှ လိုက်နာရန်ပျက်ကွက်မှုများကြောင့် အိမ်ရှင် သို့မဟုတ် အိမ်လခရထိုက်ခွင့်ရှိသူတစ်ဦးဦးက အငှားချထားသည့် ဥပစာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ ပြန်လည်သိမ်းယူခြင်း၊ ထို့ပြင်

(၃) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ မြီစားပေါ်တွင် အခြားမှုခင်းများ ဆောင်ရွက်ခြင်း၊ ဒီကရီအတည်ပြုရန် လျှောက်ထားခြင်း သို့မဟုတ် အခြားသော ဥပဒေတစ်ရပ်ရပ်အရ လျှောက်ထားခြင်းကို စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုစေရမည့်အပြင် မြီစားပိုင်ပစ္စည်းကို သိမ်းဆည်းခြင်း။

**ဆိုင်းငံ့မိန့် ချမှတ်နိုင်သည့် အခြေအနေများ**

၂၃၂။ (က) တရားရုံးသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက ပုဒ်မ ၂၃၁ အရ ဆိုင်းငံ့မိန့်ကို ထုတ်ဆင့်ပေးရမည်-

(၁) မြီစားသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် အစီအစဉ်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်းနှင့် အဆိုပြုလွှာမူကြမ်းကို လျှောက်လွှာနှင့် ပူးတွဲတင်ပြထားကြောင်း၊

(၂) ထိုအဆိုပြုလွှာကို စတင်လျှောက်ထားသောနေ့တွင် မြီစားသည် လူမွဲအဖြစ်ခံယူရန်အတွက် သတ်မှတ်ချက်နှင့် ပြည့်စုံသူဖြစ်ကြောင်း၊

(၃) ထိုသို့လျှောက်ထားသည့်နေ့မှ ပြီးခဲ့သည့် ၁၂ လတာ ကာလအတွင်း မြီစားက အလားတူလျှောက်ထားမှုမျိုးကို လျှောက်ထားခဲ့ခြင်း မရှိကြောင်း၊ နှင့်

(၄) မြီစားမှ အဆိုပြုလွှာ၌ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်က မိမိဆန္ဒအလျောက် အစီအစဉ်ကို ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးရန် စာဖြင့်ရေးသား သဘောတူကြောင်း။

(ခ) မြီစား၏ အဆိုပြုချက်ကို လက်ခံစဉ်းစားခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုရာတွင် အထောက်အကူဖြစ်စေမည်ဟု ယူဆပါက တရားရုံးသည် ဆိုင်းငံ့မိန့်ကို ချမှတ်နိုင်သည်။

(ဂ) ထိုသို့ ဆိုင်းငံ့မိန့် ချမှတ်ရာတွင် ဤအခန်း၌ဖြစ်စေ နည်းဥပဒေများတွင်ဖြစ်စေ ပြဋ္ဌာန်းသတ်မှတ်ထားသော တာဝန်များမှ မြီစားအား လျှော့ပေါ့ပေးခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုသည့်အချက်များကို ထည့်သွင်းချမှတ်ခြင်း မပြုရ။ သို့ရာတွင် လူမွဲခံခြင်းကိစ္စ အလို့ငှာ မြီစားပိုင်ပစ္စည်း၏ တန်ဖိုးကို သိသာထင်ရှားစွာ လျော့ကျစေခြင်း သို့မဟုတ် ထိခိုက်စေခြင်း မရှိတန်ရာကြောင်း ကျေနပ်မှုသာလျှင် ထိုသို့ထည့်သွင်းချမှတ်ခြင်း ပြုရမည်။

(ဃ) အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်း မရှိလျှင် အထက်ပါပုဒ်မ ၂၃၁ အရ လျှောက်ထားမှုအပေါ် တရားရုံးက ချမှတ်သည့်အမိန့်သည် ယင်းအမိန့်ကို ချမှတ်သည့်နေ့မှစ၍ ၂၈ ရက် ကုန်ဆုံးသည့်နေ့တွင် အကျိုးသက်ရောက်မှု ရပ်စဲစေရမည်။

**ဆိုင်းငံ့မိန့် လျှောက်ထားမှု၏ အကျိုးသက်ရောက်မှုများ**

၂၃၃။ (က) ဆိုင်းငံ့မိန့် ရရှိရန် လျှောက်ထားဆဲ မည်သည့်အချိန်တွင်မဆို-

(၁) အိမ်ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မြီစားမှ လိုက်နာရန်ပျက်ကွက်မှုများကြောင့် အိမ်ရှင် သို့မဟုတ် အိမ်လခရထိုက်ခွင့်ရှိသော အခြားတစ်စုံတစ်ဦးက အငှားချထားသည့် ဥပစာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ ပြန်လည်သိမ်းယူခြင်း မပြုရ။

(၂) တရားရုံးသည် မြီစားပိုင်ပစ္စည်းကို ဝရမ်းကပ်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ဝရမ်းကပ်သိမ်းဆည်းကာ ရောင်းချခြင်းမပြုစေရန် တားမြစ်နိုင်သည့်အပြင် ထိုမြီစား၏ ပစ္စည်းအပေါ်တွင် ဆောင်ရွက်နေသော အရေးယူဆောင်ရွက်မှု သို့မဟုတ် ဒီကရီအတည်ပြုမှု သို့မဟုတ် အခြားသော ဥပဒေတစ်ရပ်ရပ်အရ လျှောက်ထားမှုကို ဆိုင်းငံ့မိန့်ချမှတ်နိုင်သည်။

(၃) ပုဒ်မ ၂၃၁ အရ လျှောက်ထားခဲ့ကြောင်း သက်သေခံ အထောက်အထားတစ်ရပ်ရပ်ကို တင်ပြလာသည့်အခါ တစ်ဦးတစ်ယောက်အပေါ်တွင် အရေးယူဆောင်ရွက်နေသော တရားရုံးသည် ထိုဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်း သို့မဟုတ် သင့်တော်သည်ဟု ယူဆသော စည်းကမ်းချက်များ သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ခြင်းပြုလုပ်နိုင်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ငါန်းဇွန်မြို့၌ အဘိဓမ္မာသင်တန်းဆင်း အောင်လက်မှတ်နှင့် ဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ငါန်းဇွန် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ ရွှေရပ်သာ မြတ်စွာဘုရားဝင်းအတွင်းရှိ ပဋ္ဌာန်းဟောရွှေကျောင်းတော်ကြီး၌ အဘိဓမ္မာသင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကြွရောက်လာသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဒေါက်တာနရပတိနှင့် သံဃာတော်ခြောက်ပါးတို့က မြတ်စွာဘုရားရှင်အား အာရုံပြု၍ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ရွတ်ဖတ်ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တဒေါက်တာနရပတိက အခမ်းအနားသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးနေဝင်းမောင်နှင့် သင်တန်းသား သင်တန်းသူများအား ဆုံးမဩဝါဒ မြွက်ကြားတော်မူပြီး သင်တန်းသား သင်တန်းသူများက ဆရာတော်ကြီးများအား သက်န်းကပ်လှူ ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တဒေါက်တာနရပတိက အဘိဓမ္မာသင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးတို့က ဆုများကိုလည်းကောင်း သင်တန်းသား သင်တန်းသူ ၁၇ ဦးအား ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## လေးလမ်းသွားအဖြစ် ချဲ့ထွင်လျက်ရှိသော ရန်ကုန်-မန္တလေးကားလမ်း ပြုပြင်ဆဲနေရာများ ညအချိန်သတိပြုသွားလာကြရန်လို

**ရေတာရှည် အောက်တိုဘာ ၂၆**

ကုန်စည်စီးဆင်းမှု အများဆုံးနှင့် အရှည်လျားဆုံးလမ်းမကြီးတစ်ခု ဖြစ်သော ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ချဲ့ထွင် ဆောင်ရွက်လျက်ရှိရာ ရေတာရှည်မြို့နှင့် ဆွာမြို့အကြား အိုရီယံတယ်ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဆောင်ရွက်ဆဲ လမ်းပိုင်းသည် ယခုရက်ပိုင်း ရွာသွန်းလျက်ရှိသည့် မိုးကြောင့် လုပ်ငန်းများ ခေတ္တရပ်တန့်ထားရသည်ကို တွေ့ရသည်။



ညပိုင်းမောင်းနှင်သွားလာကြသော ယာဉ်ကြီး ယာဉ်ငယ်များအနေဖြင့် ဆောင်ရွက်ဆဲ ကားလမ်းဘေး မြေတူးထားနေရာများ၌ လမ်းဘေးမြေသားများ တူးဖော်ထားသည့် နေရာများသည် အန္တရာယ်ရှိနိုင်ပြီး သတိပြုမောင်းနှင်ကြရန် လိုအပ်ကြောင်း ခရီးဝေးယာဉ်မောင်းတစ်ဦးက ပြောသည်။

"လေးလမ်းသွားအဖြစ် ဆောင်ရွက်တဲ့အပိုင်းမှာ ဒီကုမ္ပဏီက လုပ်ငန်းလုပ်တဲ့နေရာမှာ အလွန်တိကျပါတယ်။ အရည်အသွေးပိုင်းလည်းကောင်းတယ်။

"မြေသားပျော့တဲ့ နေရာတွေကို အကုန်တူးယူပြီးတော့ မြေအမာသားတွေ ပြန်ထည့်တာ။ ဒါပေမယ့် လုပ်ရင်းမိုးတွေ ရွာလာတော့ လုပ်ငန်းတွေ ခေတ္တရပ်လိုက်ရတဲ့ အနေအထားမှာ ယာဉ်မောင်းတွေ အနေနဲ့သတိထားပြီး မောင်းနှင်စေချင်ပါတယ်။ မတော်တဆလမ်းဘေး ရောက်သွားရင်တော့ အန္တရာယ်ရှိနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

**သန်းလွင်**

## ၂၀၁၈ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အသိဖြင့် ပြည်သူလူထုအကြား အားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိသည်။ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် များပြားစေရေး၊ ပြည်သူလူထုအနေဖြင့် ကျန်းမာကြံ့ခိုင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့် သက်တမ်းစေ့ နေထိုင်ရေးတို့အတွက် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်ပြုလုပ်သော အလေ့အကျင့်ရှိရန်၊ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် လူအများတွင် ဖြစ်ပွားမှု အများဆုံးဖြစ်သော မကူးစက်သောရောဂါများ ကင်းဝေးမှုကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို သိရှိစေရန်၊ အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူနေမှု အဆင့်အတန်းမရွေး ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရေးအတွက် အားကစား စီမံကိန်းများချမှတ်၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ရန်၊ အားကစားနှင့် ပညာရေးပေါင်းစပ် ဆောင်ရွက်ရမည့် အခြေအနေများနှင့် အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အား စည်းရုံးဆွဲဆောင်နိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးအသိဖြင့် ပြည်သူလူထုအကြား အားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတို ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် အောက်ပါခေါင်းစဉ်များနှင့် ယှဉ်ပြိုင်သွားရမည် ဖြစ်ပါသည်။

(၁) ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး
(၂) ကျန်းမာစေကြောင်း နည်းလမ်းကောင်း၊ စုပေါင်းဆင်နွှဲ လူထုလမ်းလျှောက်ပွဲ
(၃) နိုင်ငံအားကစားမြှင့်တင်ရန် လူထုအားကစားအခြေခံ
(၄) မူးယစ်ဆေးဝါးပပျောက်ရေး အားကစားနှင့်ကုစားပေး
(၅) ကျန်းမာရေးအသိ အစဉ်ရှိ၍ ဗလငါးတန် ဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေး
(၆) အားကစားနှင့် ပညာရေး ပူးပေါင်းလက်တွဲ ဆောင်ရွက်ပေး
(၇) နုပျိုသက်ရှည်ကျန်းမာရေး ကိုယ်လက်လှုပ်ရှားအလေးပေး
(၈) အားကစားစိတ်ဓာတ် အကြောင်း သိကောင်းစရာ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Myanmar3 Font, Font Size ၁၄ အရွယ်အစားဖြင့် A4 စာမျက်နှာ ခုနစ်မျက်နှာထက်မနည်း၊ ရှစ်မျက်နှာထက် မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Myanmar3 Font, Font Size ၁၄ အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း၊ ၁၁ မျက်နှာထက် မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Myanmar3 Font, Font Size ၁၄ အရွယ်အစားဖြင့် A4 စာမျက်နှာ နှစ်မျက်နှာထက်မနည်း၊ သုံးမျက်နှာထက်မများ ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို 10" x 12" အရွယ်ဖြင့် အကန့်အသက်မရှိ တင်သွင်း ယှဉ်ပြိုင်နိုင်ပြီး ၂၀၁၈ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲဝင် စာမူများနှင့် ဓာတ်ပုံများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော် ရုံးအမှတ် (၃၁) သို့ လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန် တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက် တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များ အားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြပါရန် ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆုအား ငွေကျပ် ခုနစ်သိန်း၊ တတိယဆုအား ငွေကျပ်ခြောက်သိန်းနှင့် နှစ်သိမ့်ဆုအား ငွေကျပ်ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ်- ၀၆၇-၈၀၀၄၃၃၄၊ ၀၆၇-၈၀၀၄၃၃၅၊ ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရ စာအုပ်များ ဖြန့်ချိရောင်းချ




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် သိန်းဇော်(ရွှေလီဦး)၏ "ဘဝပန်းပုရုပ် ကိုယ်တိုင်ထုလုပ်ကြပါစို့နှင့် အခြားဝတ္ထုတိုများ" စာအုပ်နှင့် ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆုရ၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် ကျော်လွင်(စက်မှု)၏ "တောအရိပ် တောင်အရိပ်အောက်က စေတနာပုံရိပ်နှင့် အခြားဝတ္ထုတိုများ" စာအုပ်တို့ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

သိန်းဇော်(ရွှေလီဦး)၏ စာအုပ်တွင် ပန်းပုရုပ်တုလုပ်သူသည် ပန်းပုရုပ် လှပစေရန်သာမက ရုပ်လုံးကြွစေရန် ထုလုပ်ဖန်တီးနိုင်သကဲ့သို့ မိမိ၏ဘဝ တိုးတက်သာယာလှပစေရန်အတွက် မိမိကိုယ်တိုင် ထုဆစ်ပုံဖော် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ နောက်ခံထားပြီး ကျေးလက်နေပြည်သူများ၏ အတွေ့အကြုံနှင့် ခံစားချက်များကို ရသမြောက်အောင် ရေးဖွဲ့ထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

ဆရာကျော်လွင်(စက်မှု)၏ စာအုပ်တွင် တောအရိပ် တောင်အရိပ်အောက်က စေတနာပုံရိပ်များ၊ ခြေရာ၊ ကိုယ့်ရပ်ဌာနေ၊ ဆရာကတော်၊ နတ်ထွင်းတဲ့ ခံတွင်း အပါအဝင် ဝတ္ထုတို ၁၃ ပုဒ်ဖြင့် ဖွဲ့စည်းထားပြီး ဖြတ်သန်းကြုံတွေ့နေရသည့် ဖြစ်ရပ်များ၊ မိမိပတ်ဝန်းကျင်မှ ဘဝဇာတ်လမ်းစုံများကို ရသမြောက် အရေးအဖွဲ့တို့ဖြင့် တန်ဆာဆင် ရေးသားထားသည်။




ဝတ္ထုတိုတစ်ပုဒ်စီတိုင်းတွင် ဘဝသင်ခန်းစာများ၊ တွေးဆဆင်ခြင်စရာများကို သုတရသလွှမ်းခြုံကာ ရေးဖွဲ့တင်ပြထားသည်ကို ခံစားကြရမည်ဖြစ်ရာ စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

အဆိုပါ စာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် လွင်ဦး(ကွမ်းခြံကုန်း)၏ "မူးမြစ်တေးသံ ကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၉၀ ပါဝင်ပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသ၏ အလှပုံရိပ်ကို စိတ်ဝင်စားဖွယ် ဖော်ကျူးထားသည်။ ထို့ပြင် မူးမြစ်ဝန်းကျင်ဒေသ အလှဖွဲ့၊ မြန်မာ့မြေ မြန်မာ့ရှုခင်း မြန်မာ့အလှဖွဲ့၊ ရာဇဝင်မဟာဝင် ဗုဒ္ဓဝင်များမှ မေတ္တာ သစ္စာအလှဖွဲ့တို့အပြင် ဖြတ်သန်းခဲ့သောဘဝလမ်းမှ ဝမ်းမြောက်ကြည်နူးဖွယ်၊ စံနမူနာယူဖွယ်ဖြစ်ရပ်တို့ကို ရသစုံစုံလင်လင်ဖြင့် ဖတ်ရှုချင်စဖွယ် ရေးသားထားသည့်အတွက် မြန်မာကဗျာကို ချစ်မြတ်နိုးသော စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း တိုက်တွန်းလိုက်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၄၀၀ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စက္ကန့်တိုင်းကို စိန်စီကြပါစို့

မုဒိတာ (တောင်သာ)

အချိန်ဟူသောစကားလုံးကို ကျွန်မတို့ငယ်စဉ်အချိန်ကတည်းက အမေတို့၊ အဖေတို့ ဆီက ကြားဖူးခဲ့ကြသည်။ ကျောင်းနေအရွယ်ရောက်သောအချိန်တွင် ဆရာ ဆရာမ များထံမှ အချိန်၏တန်ဖိုးကို ထပ်မံကြားသိခဲ့ရသည်။ အရွယ်ရောက်လာသည်နှင့် အမျှ ပတ်ဝန်းကျင်ဆီကပါ အချိန်၏ အဖိုးတန်ပုံ၊ အချိန်၏ အရေးကြီးပုံများကို ထပ်ဆင့်သိခဲ့ရသည်။

**တန်ဖိုးအရှိဆုံးသောအရာ**

ဘဝတွင်တန်ဖိုးအရှိဆုံးသောအရာသည် အချိန်ဖြစ်သည်။ လူ့ဘဝ၏အတိုင်းအတာကို အချိန်နှင့်တိုင်းတာကြသည်။ လောကကြီးတွင် မည်သူမျှပိုက်ဆံပေးပြီး မဝယ်နိုင်သည်မှာ အချိန်ဖြစ်သည်။ ငယ်စဉ်က ကျောင်းသူဘဝကို အသက်ကြီးမှ ပြန်လိုချင်၍ ဒေါ်လာသန်းပေါင်းများစွာနှင့် ဝယ်မရသည်မှာလည်း အချိန်ဖြစ်သည်။ အချိန်ဟူသည် မည်သူ့ကိုမျှ မျက်နှာမလိုက်သော တရားသူကြီးလည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် တန်ဖိုးကြီးမားလွန်းသော စိန်၊ ရွှေ၊ ပတ္တမြားများကိုသာ ပိုက်ဆံပေးပြီးဝယ်ယူနိုင်မည်။ အချိန်သည်ကား မည်သူမျှ မဝယ်နိုင်ပါ။ အချိန်၏တန်ဖိုးသည် အလွန်အဖိုးတန်ကြောင်း နားလည်နေရုံမျှဖြင့် အချိန်၏တန်ဖိုးကို နားလည်ခြင်း မဟုတ်ပါ။ အချိန်ရွှေ့လျားနေသည်နှင့်အမျှ ကြိုးစားလုပ်ကိုင်နေမှ အချိန်ဟူသည် တန်ဖိုးရှိကြောင်းကို သိရှိနားလည်ခံစားနိုင်မည်ဖြစ်သည်။

အချိန်၏တန်ဖိုးရှိမှုကို နားလည်ခံစားတတ်လာလျှင် စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း၊ နေ့ရက်တိုင်း၊ လတိုင်းကို တန်ဖိုးထားသုံးစွဲရမည်။ အချိန်ကို အကျိုးမရှိသော အလုပ်များ လုပ်ကိုင်ခြင်းဖြင့် မကုန်ဆုံးပါစေနှင့်။ ယနေ့ခေတ်တွင် အချိန်များကို လွန်စွာကုန်ဆုံးစေသော အလုပ်များဖြစ်သည့် လက်ဖက်ရည်ဆိုင်တွင် ကြာရှည်စွာထိုင်ခြင်း၊ လက်ညှိုးလေးနှင့် လူမှုရေးကွန်ရက်စာမျက်နှာများကို ဟိုတို့သည်တို့ လုပ်နေခြင်းများဖြင့် ကုန်ဆုံးနေသည်မှာ လူ ၁၀၀ တွင် ၈၀ နီးပါး ဖြစ်သည်။

ကြီးပွားအောင်မြင်နေသူများ၏ သမိုင်းကိုပြန်ကြည့်လိုက်လျှင် အချိန်၏တန်ဖိုးကို နားလည်ပြီး အချိန်ကို စနစ်တကျဖြင့် အချိန်ဇယားဆွဲခြင်း၊ အချိန်ကို စီမံခန့်ခွဲပြီး အလုပ်လုပ်ကိုင်ခြင်းများနှင့် အလုပ်လုပ်ကိုင်သူများ ဖြစ်နေကြသည်။ လုပ်ငန်းခွင်များ ကျယ်ပြန့်အောင်မြင်စေရန် အချိန်ကို စနစ်တကျစီမံခန့်ခွဲပြီး လုပ်ကိုင်ရန် လိုအပ်လှပေသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိသူများသည် ခေါင်းဆောင်အရည်အချင်းများနှင့် ပြည့်စုံသူလည်း ဖြစ်သည်။

**အချိန်ကိုစီမံခန့်ခွဲခြင်း**

အချိန်ကိုစီမံခန့်ခွဲခြင်းကို အလွယ်တကူပြောဆိုနေကြပေမယ့် လက်တွေ့လုပ်ကိုင်ရာတွင် မလွယ်ကူလှပါ။ အချိန်ကိုစီမံခန့်ခွဲခြင်းဆိုသည်မှာ မိမိသတ်မှတ်ထားသော အချိန်အတွင်း ရလဒ်ကောင်းများ၊ အလုပ်များဘယ်လောက်များများ ပြီးမြောက်ကြောင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ- မိမိသည် သည်နေ့ဘယ်စာအုပ်ပြီးအောင်ဖတ်မယ်၊ မီးပူတိုက်မယ်၊ အဝတ်လျှော်မယ်ဟူသော နေ့တစ်နေ့၏ အချိန်အပိုင်းအခြားအလိုက် ကြိုတင်ရေးဆွဲထားပြီး အလုပ်လုပ်ကိုင်ပါက ဖတ်ချင်သောစာအုပ်ကို ပြီးအောင်ဖတ်နိုင်မည်၊ အဝတ်များကိုလည်း လျှော်ပြီးကာ မီးပူတိုက်ပြီးမည် ဖြစ်ပါသည်။ အချိန်ကိုစီမံခန့်ခွဲခြင်းဟူသော နေ့တစ်နေ့ကို စနစ်တကျစီမံ လုပ်ကိုင်ခြင်းသည် လွယ်ကူသော အလုပ်တော့ မဟုတ်ပါ။ တဖြည်းဖြည်း လေ့ကျင့်ယူရမည့်အလုပ်ဖြစ်ပါသည်။ ကျင့်သားရသွားသောအခါ အချိန်၏ တစ်စက္ကန့်ပိုင်း မိနစ်ပိုင်းမျှကိုပင် တန်ဖိုးထားတတ်လာမည် ဖြစ်ပါသည်။

ငယ်စဉ်အခါက အချိန်ကိုတန်ဖိုးထားတတ်ခဲ့လျှင် ကြီးသည့်အခါ မိမိကို လူအများက တန်ဖိုးထားခြင်း ခံရပါလိမ့်မည်။ လူငယ်ဘဝက အချိန်တစ်နာရီနှင့် လူကြီးဘဝ အချိန်တစ်နာရီတန်ဖိုးတို့သည်လည်း မတူညီနိုင်ပါ။ ရရှိလာမည့် အကျိုးဆက်များသည်လည်း မတူညီနိုင်သောကြောင့် ငယ်စဉ်ကလေးဘဝကတည်းက အချိန်ကို တန်ဖိုးထားတတ်ရမည်ဖြစ်သည်။ နောင်တစ်ချိန်တွင် တန်ဖိုးရှိဖို့ အချိန်ကိုငယ်စဉ်ကတည်းက တန်ဖိုးထားကြရမည်။

ယနေ့ခေတ်သည် အလုပ်လုပ်သည်ဆိုသည်ထက် အလုပ်ဘယ်လောက်ပြီးသည်ကို စောင့်ကြည့်သောခေတ်ဖြစ်သည့်အတွက် အချိန်ကိုလွန်စွာတန်ဖိုးထား လုပ်ကိုင်ကြရမည်ဖြစ်သည်။ မိနစ်တိုင်း မိနစ်တိုင်းသည် မိမိအတွက် အရေးကြီးသည်ကိုမမေ့ကြရန် အထူးလိုအပ်လှသည်။ ကျွန်မတို့လူသားအားလုံးသည် တစ်နေ့အချိန် ၂၄ နာရီစီ ညီတူညီမျှ ရရှိနေကြပါသည်။ ညီတူညီမျှရနေသည့်အချိန်များအတွင်း သင်ဘယ်လို လူလဲဆိုတာကို အချိန်ကပဲ အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**“ကြီးပွားအောင်မြင်နေသူများ၏ သမိုင်းကိုပြန်ကြည့်လိုက်လျှင် အချိန်၏တန်ဖိုးကို နားလည်ပြီး အချိန်ကို စနစ်တကျဖြင့် အချိန်ဇယားဆွဲခြင်း၊ အချိန်ကို စီမံခန့်ခွဲပြီး အလုပ်လုပ်ကိုင်ခြင်းများနှင့် အလုပ်လုပ်ကိုင်သူများ ဖြစ်နေကြသည်။ လုပ်ငန်းခွင်များ ကျယ်ပြန့်အောင်မြင်စေရန် အချိန်ကို စနစ်တကျ စီမံခန့်ခွဲပြီး လုပ်ကိုင်ရန်လိုအပ်လှပေသည်”**

**အောင်မြင်မှုများလက်ဝယ်ပိုင်ဆိုင်နိုင်မည်**

ကိုယ်ပိုင်ဆိုင်ခွင့်မရသောအရာများ၊ ဆုံးရှုံးလိုက်ရသောအရာများကို ဝမ်းနည်းကြေကွဲနေမည့်အစား လက်ရှိတန်ဖိုးရှိလှသောအချိန်တွင် ကောင်းစွာကြိုးစားရမည်။ ဘဝဟူသည်အလွန်တိုတောင်းသည်။ အကျိုးရှိသောအလုပ်လုပ်ဖို့ အချိန်စောင့်ဆိုင်းနေဖို့မလိုအပ်ပါ။ အချိန်တွင် နောက်ကျသည်ဟူ၍မရှိပါ။ လက်ရှိအချိန်မှာ စတင်ကြိုးစားလုပ်ကိုင်လျှင်ဖြင့် အောင်မြင်မှုများ လက်ဝယ်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

တန်ဖိုးရှိသောအချိန်များဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့သက်ဆိုင်ရာမိသားစု၊ မိမိတို့လောကကြီးအတွက် အသုံးချကြရမည်။ ရှင်သန်နေထိုင်ခြင်းအတွက် အချိန်လိုအပ်သကဲ့သို့ ခွဲခွာခြင်းအတွက်လည်း အချိန်လိုအပ်သည်။ အချိန်ကိုစနစ်တကျစီမံခန့်ခွဲတတ်ရုံဖြင့်လည်း မအောင်မြင်နိုင်ပါ။ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကြိုးစားရန်လည်း လိုအပ်လှသည်။

**အချိန်သည်ရွှေ**

တန်ဖိုးရှိလှသောအချိန်များ၏ စီမံခန့်ခွဲမှုနှင့်အတူ မိမိတို့၏ ကျန်းမာရေးပြဿနာများ၊ လူမှုရေးပြဿနာများကိုလည်း စနစ်တကျဖြေရှင်းကြရမည်။ အချိန်မရ၍ဆိုပြီး မိမိတို့၏ ကျန်းမာရေးကို မစစ်ဆေးလျှင် မိမိသာထိခိုက်နစ်နာမည် ဖြစ်သည်။ မိဘ၊ ဆွေမျိုးများအပေါ် အချိန်မရ၍ မဆက်သွယ်ဘူးဆိုလျှင် မိမိသာအထီးကျန်စွာ နေထိုင်ရမည်ဖြစ်သည်။

ရွှေကိုတန်ဖိုးထားတတ်သူအဖို့ အချိန်သည် ရွှေဖြစ်သည်။ ထို့အတူ ဘဝကို တန်ဖိုးထားတတ်သူအဖို့ အချိန်သည်ဘဝဖြစ်သည်။ လက်တွေ့ဘဝတွင် ငယ်စဉ်အရွယ်မှာ ပညာမသင်ခဲ့ရသဖြင့် သူငယ်ချင်းလက်အောက်မှာ အလုပ်လုပ်နေရတော့မှ အချိန်၏တန်ဖိုးကို နားလည်နေသူ များနေကြသည်။ ဤအရာများသည် နှောင်းမှ နောင်တရသော အတွေးများဖြစ်သည်။ အချိန်နှောင်းမှ နောင်တမရရန်အတွက် ယခုမှစ အချိန်ကို စနစ်တကျအသုံးချလိုက်ပါ။

**အချိန်ကိုတန်ဖိုးထားသုံးစွဲ**

လူတစ်ယောက်သည် အချိန်ကိုတန်ဖိုးထားတတ်လျှင် အိပ်နေသည့်အချိန်များမှလွဲ၍ မိမိကိုယ်ကို မေးခွန်းများ မေးနေရပါမည်။ ယနေ့အတွက် ငါဥစ္စာရသလား၊ ပညာရသလား၊ ကုသိုလ်ရသလားဟူသော မေးခွန်းများ နေ့စဉ်မေးနေရမည်။ အချိန်ဖြုန်းခြင်းသည် မိမိ၏အသက်ကိုဖြုန်းခြင်းပင် ဖြစ်သည်။ မိမိ၏အသက်ကို တန်ဖိုးထားသူမှန်သမျှ အချိန်ကိုတန်ဖိုးထားသုံးစွဲကြသည်။

မကြီးပွားရခြင်း၏ အကြောင်းများထဲတွင် အချိန်ကိုကောင်းစွာ မစီမံတတ်ခြင်း၊ အသုံးမချတတ်ခြင်း၊ တန်ဖိုးမထားတတ်ခြင်းတို့ ပါပါသည်။ ဂျပန်လူငယ်တစ်ဦးက မြန်မာနိုင်ငံက သခွားများဝယ်ရန်လာစဉ် ဆရာဦးချစ်စံဝင်းက “ သယံဇာတများ ပေါများလွန်းသော ကျွန်တော်တို့မြန်မာနိုင်ငံဟာ နှစ်ပေါင်းဘယ်လောက်မှာ ကြီးပွားချမ်းသာနိုင်မယ် ထင်ပါသလဲ ”မေးသည်။ ထိုအခါ ဂျပန်လူငယ် ဖြေကြားလိုက်သည်မှာ “ ကျွန်တော့်အမြင်အရ မြန်မာနိုင်ငံမှာ အချိန်တွေပေါများလွန်းလှတယ်။ နေရာတိုင်းမှာ ဂိမ်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ များလွန်းလှသဖြင့် ဘယ်တော့မှ တိုးတက်မှာ မဟုတ်ဘူး ”ဟု ဖြေကြားသွားသည်။ အထက်ပါ အဖြေကိုကြည့်လျှင် အခြားနိုင်ငံက လူငယ်များသည် အချိန်ကို စနစ်တကျသုံးစွဲတတ်ကြောင်း၊ တန်ဖိုးထားတတ်ကြောင်း သိရှိနိုင်သည်။

လူ့ဘဝသက်တမ်းသည် တိုလွန်းလှသောကြောင့် မိမိအသက်ရှင်နေထိုင်စဉ်အတွင်း ကုသိုလ်၊ ဘာဝနာ၊ ပညာ၊ ဥစ္စာများရဖို့ ကြိုးစားကြရမည်။

သို့ဖြစ်၍ လူကိုမစောင့်သော အချိန်၏စက္ကန့်တိုင်းကို တန်ဖိုးထားမြတ်နိုးပြီး စိန်စီကြပါစို့။ ။

စာမျက်နှာ ၁၉ မှ

“သြော်... စိတ်ဝင်စားစရာပဲနော် ဘဘ”

“လူမျိုးအလိုက် စကားမတူလို့ အဓိပ္ပာယ်ကောက်ပုံကွဲတဲ့ သာဓကကလေးတစ်ခု ဘဘ သတိရလို့ ပြောဦးမယ်။ တစ်ချိန်က ဂျပန်တက္ကသိုလ်တစ်ခုမှာ မြန်မာစာတတ်ကျွမ်းတဲ့ ဂျပန်လူမျိုး မြန်မာစာပါမောက္ခကြီးတစ်ယောက်နဲ့ ဘဘနဲ့ နှစ်ယောက်အတူတူ အတန်းဝင်ပြီး ဂျပန်ကျောင်းသားကလေးတွေကို မြန်မာစာသင်ရဖူးတယ်။ ဂျပန်ပါမောက္ခကြီးက ကျောင်းသားတွေကို ကွက်လပ်ဖြည့်ခိုင်းတယ်။ ‘တောင်ဘက်ကလား၊ ... ဘက်ကလား’ဆိုတဲ့ စကားထဲက ကွက်လပ်ကို ဖြည့်ခိုင်းတာပါ။ ဘဘ ကလည်း ကိုယ့်စိတ်ကူးနဲ့ကိုယ် ‘တောင်ဘက်ကလား၊ မြောက်ဘက်ကလား’လို့ စိတ်ထဲမှာ ဖြည့်ထားတာပေါ့။ အဲဒီအချိန်မှာ ဂျပန်ကျောင်းသားတစ်ယောက်က ထဖြေတယ်။ ‘တောင်ဘက်ကလား၊ ပင်လယ်ဘက်ကလား’တဲ့။ ဂျပန်ပါမောက္ခကြီးက ‘မှန်တယ်’လို့ ပြောလိုက်တယ်။ ဒီတော့မှ ဘဘသဘောပေါက်သွားတာ။ ဘဘတို့မြန်မာတွေက ‘တောင်’ဆိုရင် အရပ်မျက်နှာကိုသတိရပြီး ‘မြောက်’နဲ့ တွဲမိတာပေါ့။ သူတို့ကတော့ တောင်နဲ့ ပင်လယ်နဲ့ ဆက်စပ်ပုံကို ပိုပြီး အာရုံပြုမိပုံရပါတယ်။ ဒါကြောင့် ‘တောင်’ကို အရပ်မျက်နှာလို့မယူဘဲ တောင်ကုန်းမြင့်လို့ယူပြီး ‘ပင်လယ်’နဲ့ တွဲလိုက်တာကိုး။ လူမျိုးချင်းစကားမတူလို့ အဓိပ္ပာယ်ယူပုံ မတူတဲ့ သာဓကလေ”

“ကောင်းလိုက်တာ ဘဘရယ်။ စိတ်ဝင်စားစရာပါပဲ”

“နောက်ဆုံးပြောချင်တာက အဲဒီအသွင်တူ အနက်ကွဲတွေရဲ့အာနိသင်ပဲ။ ရှေးမြန်မာစာပေတွေမှာ အသွင်တူ အနက်ကွဲတွေသုံးပြီး လေးနက်အောင်၊ ဒါမှမဟုတ် ဟာသမြောက်အောင်ဖွဲ့တာမျိုး၊ သရော်တာမျိုးရေးခဲ့ကြတယ်။ ဦးတိုးရဲ့ ရာမရကန်ထဲမှာ မယုံဘူးဆိုတဲ့အကြောင်းကို ‘ယုန်ကောင်ပုံကို ယုံလောက်အောင် ပြော၊ ကိုယ်မို့ပြော၊ ပြောတိုင်းယုံပါဘူး’ ဆိုတဲ့အဖွဲ့မျိုးပေါ့။ အဓိက ပြောချင်တာက မယုံဘူးဆိုတဲ့အကြောင်းပဲ။ အဲဒါကို ယုန်နဲ့ယုံ သံတူကြောင်းကွဲလုပ်ပြီး ခပ်ရွှင်ရွှင်ပြောလိုက်တာပေါ့။ ဦးပုညက လည်း ‘ဘုရားသိုက်၊ သိကြားသိုက်၊ ရသေ့သိုက်၊ ဂဝံပတေ့သိုက်’ ဆိုတဲ့ အတည်အတံ့သိုက်တွေအကြောင်းရေးပြီး ‘ဆက်ရက် သိုက်၊ ငှက်သိုက်၊ ဝက်သိုက်၊ ကြက်သိုက်’ လို့ ဆက်ရေးတော့ အဲဒီသိုက်တွေ ပျက်တော့တာပေါ့”

“သမီးလည်း ဖတ်ဖူးပါတယ် ဘဘ”

“လူရွှင်တော်တွေရဲ့ပါးစပ်ဖျားက ပြက်လုံးတွေ ဟာသတွေကိုလည်း အသွင်တူ အနက်ကွဲတွေနဲ့ ဖန်တီးကြတာတွေ အများကြီးပါပဲ။ ‘ညီမလေးက ငါးတန်းရောက်ပြီ ဆိုတော့ ပုစွန်တန်းကို ဆက်သွားပေါ့’ ဆိုတာမျိုး၊ ‘မဆင်းရဲအောင် လှေကားဖြုတ်ထားတယ်’ ဆိုတာမျိုး အများကြီးပေါ့။ အရင်အပတ်ကပြောတဲ့ အနက်ချဲ့ထွင်တဲ့ အသုံးတွေမှာရော၊ အသွင်တူအနက်ကွဲတွေမှာရော အဲဒီအာနိသင်ရှိတယ်။ ဆရာကြီးမောင်ထင် ဂျပန်ခေတ်တုန်းက ရေးခဲ့တဲ့ ‘အာဇာနည်မိခင်’ ပြဇာတ်ထဲက ရည်ညွှန်းချက်ကလေးကို သမီးမှတ်ရအောင် ဘဘလက်ဆောင်ပေးလိုက်မယ်။ မှတ်ထားပေတော့”

“ဟုတ်ကဲ့ပါ”

“ရည်ညွှန်းချက်က ‘သူစွန့်လျှင် ငါစားတော့မည်ဟု တကဲကဲမာန်ပြင်နေသော ဤခေတ်၌ မစားဘဲ စွန့်သွားကြရှာသော အာဇာနည်ပုဂ္ဂိုလ်များသို့’ တဲ့ သမီးရဲ့”

“ဟုတ်ကဲ့ပါ ဘဘ၊ ဟုတ်ကဲ့ပါ”။ ။




## ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ် ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်း

**လောက်ကိုင် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့သည် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ထင်ပါကျိုင်းကျေးရွာအုပ်စု ရန်လုံကျိုင်းကျေးရွာရှိ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး စခန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးကျောက်တယ်ချန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး လားရှိုးမြို့ပြန်လည်ထူထောင်ရေးစခန်း မန်နေဂျာ ဦးခိုင်ဝင်းက ရန်လုံကျိုင်း ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ် ကုသခြင်းနှင့်ပြန်လည် ထူထောင်ရေး သင်တန်းသည် မူးယစ်ဆေး ဖြတ်ကုသသည့် သင်တန်းသား ၃၀ ဖြင့် တစ်လခွဲကြာ သင်တန်းဖွင့်လှစ်ခဲ့ရာ သင်တန်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းကျော်ကျော်၊ ဒေသဦးစီးအဖွဲ့ဝင် ဦးလျှိုအားပေါင်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး သန့်ဇင်ဦးတို့က သင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခဲ့သည့် ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သင်တန်းတွင် ထူးချွန်သင်တန်းသားများကို ထူးချွန် ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။**ခရိုင် (ပြန်/ဆက်)**

# နိုင်ငံ့ဂုဏ်ကို ရွှေတံဆိပ်ဆုဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည့် အင်ဒိုးစကိုင်းဒိုင်ဗင်

**မောင်သင်းပျံ့**



ယနေ့ ကမ္ဘာ့နိုင်ငံများအနက် ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် အားကစားနည်းတစ်ရပ်အဖြစ် ကောင်းကင်တွင် အုပ်စုလိုက်ဖြစ်စေ၊ လေးဦး၊ ရှစ်ဦးခန့်ဖြစ်စေ လေဟုန်စီးကာ ပုံစံအမျိုးမျိုးဖြင့် စွမ်းရည်ဖော်ပြသော ပြကွက်များဖြင့် ပြသသည့် အားကစားနည်းတစ်ရပ်မှာ ယနေ့ခေတ်တွင် ရေပန်းစားလာခဲ့ပြီဖြစ်သည်။ ယခင်က ကစားနည်းတစ်ရပ်မှ ယခုအခါ အားကစားနည်းတစ်ရပ်သို့ အသွင်ကူးပြောင်းလာခဲ့ပြီဖြစ်သည်။ ဥရောပနှင့် အာရှနိုင်ငံအချို့တွင် ရေပန်းစားနေသော်လည်း အရှေ့တောင်အာရှနိုင်ငံတို့တွင်မူ ပျံ့နှံ့မှုအနည်းငယ်သာရှိသော အဆိုပါ Outdoor Skydiving ကဲ့သို့ Indoor Skydiving ကစားနည်းကို ကစားနိုင်သည့် အဆောက်အအုံကို မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)မိုင်ရှိ တော်ဝင်လမ်းတွင် ဖွင့်လှစ်ထားရာ ကျောင်းသား လူငယ်များသာမက နိုင်ငံခြားသားလူငယ်များ၊ နိုင်ငံခြားသားမိသားစုများ၊ အသင်းအဖွဲ့များနှင့် အားကစားနည်းတစ်ရပ်အဖြစ် လေ့ကျင့်သူများ နေ့စဉ်ရှိနေကြောင်း သိရသည်။

**နိုင်ငံ့ဂုဏ်မြှင့်တင်**

အိမ်နီးချင်းနိုင်ငံတို့တွင် ထိုအားကစားနည်းကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေချိန်တွင် မြန်မာနိုင်ငံ၌ ဖွင့်လှစ်နိုင်ခဲ့သည်မှာ ဝမ်းသာဂုဏ်ယူဖွယ်ဖြစ်သည့်အပြင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တရုတ်နိုင်ငံတွင် ကျင်းပခဲ့သော အင်ဒိုးစကိုင်းဒိုင်ဗင်ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးငယ်လေးဦးတွင် နှစ်ယောက်တွဲ ယှဉ်ပြိုင်မှု၌ ရွှေတံဆိပ်ဆုကိုရရှိခဲ့၍ တရုတ်နိုင်ငံ မီဒီယာများနှင့် ရုပ်သံများကြား ရေပန်းစားခဲ့ရပြီး နိုင်ငံ့ဂုဏ်ကိုလည်း ထိုကစားနည်းဖြင့် မြှင့်တင် နိုင်ခဲ့ပြီဖြစ်သည်။

ရွှေတံဆိပ်ဆုနှင့်အတူ နိုင်ငံတော်အလံကို လွှမ်းခြုံလျက် အားကစားသမားတို့ အပြုံးမျက်ရည်တို့ဝေခဲ့ရသော ပြိုင်ပွဲအဖြစ် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ အတွေ့အကြုံရှိသောနိုင်ငံများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်လျက် ပထမဆုံးအကြိမ် စတင်ယှဉ်ပြိုင်သော ထိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့်အတူ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများကိုလည်းရရှိခဲ့သည့် မြန်မာနိုင်ငံမှ Indoor Skydiving အဖွဲ့သည် အခြားသော ပြိုင်ပွဲဝင်နိုင်ငံတို့၏ လေးစားအံ့သြမှုကိုလည်း ရရှိခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့၏ ရုံးပိတ်ရက်များတွင် (၉)မိုင်ရှိ အဆိုပါ အင်ဒိုးစကိုင်းဒိုင်ဗင် အဆောက်အအုံအတွင်း ပြည်တွင်းမှလူငယ်များနှင့်အတူ ပြည်တွင်းရောက် နိုင်ငံခြားသား လူငယ်များလည်း လာရောက်၍ ပျံသန်းကစားလျက်ရှိရာ အဆိုပါ ဆလင်ဒါဖန်ပေါင်းချောင်အတွင်း ပျံသန်းဆော့ကစားနေသူများအား မိသားစုဝင်ညီအစ်ကိုမောင်နှမများက အပြင်ဘက်မှ နောက်ပြောင်ကျီစယ်နေကြပြီး မိသားစု၏ နွေးထွေးပျော်ရွှင်မှုကိုလည်း ဤနေရာတွင် တွေ့မြင်ရလျက် ယင်းတို့၏ပျော်ရွှင်မှုများက ဝန်းကျင်သို့ပါ ပျံ့လွင့်ကူးစက်စေလျက်ရှိသည်။

လေထဲပျံသန်းရာတွင် ခန္ဓာကိုယ်ဟန်ချက်ကို ထိန်း၍ မိမိလိုရာကိုသွားလာနိုင်ရန် လက်ဖဝါး၊ ခြေထောက်၊ ဝမ်းဗိုက်တို့ကို ရွေ့လျားရသည်။ ထိုသို့ရွေ့လျားမှုသည် စက်၏ တွန်းကန်အားကဲ့သို့ အရေးပါသောကြောင့် ပထမဆုံး ဆော့ကစားမည့်သူများအား နည်းပြများက လက်အချက်ပြသင်္ကေတများကို ဦးစွာသင်ကြားပေးလေ့ရှိသည်။

**လေထီးအလွတ်ခုန်လေ့ကျင့်**

လေထီးစစ်သည်များအနေဖြင့်လည်း Free Fall ခုန်မည့် စစ်သည်များအဖြစ် အတန်းမြှင့်လေ့ကျင့်ရာတွင် ဤကဲ့သို့သော အင်ဒိုးစကိုင်းဒိုင်ဗင်နေရာသည် အထူးပင်အသုံးဝင်လျက် နိုင်ငံကြီးများရှိ လေတပ်တို့၌ ထဲထဲဝင်ဝင်အသုံးပြုလျက်ရှိသည်။ ယနေ့ ပြည်ပနိုင်ငံများတွင် လေထီးအလွတ်ခုန်လေ့ကျင့်ခြင်း၊ အမြင့်ခုန်အနိမ့်ဖွင့်နည်းစနစ် လေ့ကျင့်ခြင်းနှင့် အမြင့်ခုန်

အမြင့်ဖွင့်နည်းစနစ် လေ့ကျင့်ခြင်းတို့အတွက် ကောင်းကင်တွင် မလေ့ကျင့်မီ ယခုလိုနေရာတွင် စတင်လေ့ကျင့်လေ့ရှိသည်။

အင်ဒိုးစကိုင်းဒိုင်ဗင်သည် လူငယ်များ အထူးကြိုက်နှစ်သက်သော ကစားနည်းတစ်မျိုးလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစုအဖွဲ့စိတ်ဓာတ်၊ အပြန်အလှန် ကူညီရိုင်းပင်းသော စိတ်ဓာတ်နှင့် စွန့်စားလိုသောစိတ်ဓာတ်တို့ကို ဤကစားနည်းက မွေးဖွားပေးသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံမှ လူငယ်ထုအနေဖြင့် အစုအဖွဲ့စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်စွာပေါင်းစည်းလုပ်ဆောင်မှုကို ရရှိစေသည့် ဤကစားနည်းကို လေ့လာသင့်ကြပါသည်။

**ဖွင့်လှစ်သင်ကြားပေး**

မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသော အင်ဒိုးစကိုင်းဒိုင်ဗင်မှာ အခြားနိုင်ငံတို့ထက် ဈေးနှုန်းသက်သာသောကြောင့် စင်ကာပူနှင့် မလေးရှားနိုင်ငံ အပါအဝင် အခြားနိုင်ငံတို့မှ လူငယ်များ၊ Diving ကလပ်အသင်းများကလည်း မြန်မာနိုင်ငံသို့လာရောက်၍ ပျံသန်းဆော့ကစားလျက်ရှိရာ ၎င်းတို့နိုင်ငံတွင် ဤကစားနည်းကို မည်မျှအလေးထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဈေးနှုန်းသက်သာသည့်အတွက် ၎င်းတို့အနေဖြင့် နေ့ချင်းပြန်ဖြစ်စေ၊ တစ်ရက်တာနေထိုင်၍ဖြစ်စေ လာရောက်ပျံသန်း ဆော့ကစားလေ့ရှိကြောင်း သိရသည်။ ပြည်တွင်းပြည်ပမှ လာရောက်ဆော့ကစားပျံသန်းရာတွင် အမျိုးမျိုးဝန်ဆောင်မှုပေးထားပြီး ရန်ကုန်မြို့ရှိ International School များမှ ကျောင်းသားကျောင်းသူများလည်း လာရောက်ပျံသန်းဆော့ကစားကြရာ Kid Club၊ Adult Club စသည့် သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရုံးပိတ်ရက်တွင် သားသမီး ကလေးငယ်များ ဆော့ကစားနိုင်ရန် လာရောက်ပို့ဆောင်ပေးသော ဘုရင့်နောင်ပွဲရုံမှ ဖခင်ဖြစ်သူ ဦးအောင်မြင့်ထွန်းက "ကလေးတွေ တစ်ခါမှမဆော့ဖူးဘူး၊ ပထမ ဝိတိုရိယဆေးရုံကိုလာရင်းနဲ့ သူတို့က တွေ့ထားတာဆိုတော့ ဆော့ချင်တယ်ဆိုတာနဲ့ လိုက်ပို့တာလေ။ လေယာဉ်စီးဖူးပေမယ့် ဒီလိုလေဟုန်စီးတာ သူတို့မသိသေးတော့ ဆော့ချင်ကြတယ်။ နိုင်ငံခြားတီဗွီချန်နယ်လိုင်းတွေမှာ တွေ့မြင်နေရတော့ စိတ်ဝင်စားနေတာတော့ကြာပြီ။ ကမ္ဘာမှာ ဒီလိုအားကစားနည်းတစ်ရပ်လည်း ရှိလာပြီဆိုတော့ လူငယ်တွေ စိတ်ဝင်စားသင့်တယ်လို့ မြင်ပါတယ်။ ဘောလုံးတစ်ခုတည်း အသင်းအဖွဲ့မဟုတ်ဘဲ ဒီအားကစားနည်းကလည်း အသင်းအဖွဲ့ပုံစံနဲ့ လုပ်ဆောင်ရတာဖြစ်တဲ့အတွက် လူငယ်တွေ စိတ်ဓာတ်ခိုင်မာမှုကို ပိုပြီးရရှိစေတယ်လို့ မြင်တယ်။ ဒီတစ်ခုတည်းနဲ့တော့ မလုံလောက်ဘူးထင်တယ်။ အခြားမြို့တွေမှာရှိရင် လူငယ်တွေအတွက် အနာဂတ်မျှော်မှန်းချက်တွေကို ကမ္ဘာကိုထုတ်ပြလို့ရတာပေါ့နော်"ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

မြန်မာနိုင်ငံတွင် တစ်ခုတည်းသာရှိသော ဤအင်ဒိုးစကိုင်းဒိုင်ဗင်တွင် စင်ကာပူနိုင်ငံမှ နည်းပြတစ်ဦးဖြစ်သူ မစ္စတာဟိုးက သင်ကြားပေးလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သော 1st Asiania Indoor Skydiving Championship China ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်နိုင်ရန်လည်း လေ့ကျင့်သင်ကြားပေးခဲ့သူဖြစ်သည်။

မစ္စတာဟိုးက "ကျွန်တော်က လေယာဉ်ပျံပေါ်ကနေ ကောင်းကင်မှာ စကိုင်းဒိုင်ဗင်ထိုးခဲ့တာများတယ်။ အင်ဒိုးစကိုင်းဒိုင်ဗင်ပြိုင်ပွဲကတော့ အာရှနိုင်ငံအချို့မှာ ၁၉၉၀ ကျော်ကတည်းက ရှိခဲ့တာပါ။ အမေရိကန်နဲ့ ဥရောပမှာတော့ အင်ဒိုးစကိုင်းဒိုင်ဗင်အားကစားနည်းက ထင်ရှားတယ်။ အာရှမှာဆိုရင်တော့ နှစ်အနည်းငယ်ပဲရှိသေးတယ်။ ၂၀၂၄ ပြင်သစ်အိုလံပစ်အားကစားပွဲမှာတော့ အင်ဒိုးစကိုင်းဒိုင်ဗင်ကစားနည်းကို ထည့်သွင်းဖို့ ကြိုးစားနေကြပါတယ်။ အခုဆိုရင် စင်ကာပူ၊ မလေးရှား၊ မြန်မာနဲ့ ထိုင်းနိုင်ငံတို့မှာ အင်ဒိုးစကိုင်းဒိုင်ဗင်ကစားနည်းတွေ ရှိနေပြီးတော့ ကိုရီးယားနဲ့ အင်ဒိုနီးရှားမှာလည်း စတင်ဆောင်ရွက်နေပါပြီ။ တရုတ်ပြည်မှာတော့ ထဲထဲဝင်ဝင်ရှိနေပါပြီ" ဟု အင်ဒိုးစကိုင်းဒိုင်ဗင်အားကစားနည်းအကြောင်းကို ရှင်းပြသည်။

"အခုဆိုရင် အင်ဒိုးစကိုင်းဒိုင်ဗင်ကို ဘာကြောင့် ကြိုက်နှစ်သက်လာသလဲဆိုရင် ဘယ်သူမဆို ပျံသန်းနိုင်တယ်။ ပြီးတော့ သူတို့ပျံသန်းတာကို လူတိုင်းထိုင်ကြည့်လို့ရတယ်။ ကောင်းကင်မှာပြိုင်ရင် အနီးကပ်ကြည့်ရှုရဖို့ မလွယ်ပါဘူး။ မြန်မာကတော့ တရုတ်နိုင်ငံရဲ့ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရခဲ့တဲ့အတွက် ဂုဏ်ယူရပါပြီ။ တရုတ်နိုင်ငံကကျင်းပတဲ့ အင်ဒိုးစကိုင်းဒိုင်ဗင်ပြိုင်ပွဲမှာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တဲ့ မြန်မာနိုင်ငံက နှစ်ယောက်စီက ပျံသန်းမှုမှာ အာဆီယံနိုင်ငံများပြိုင်ပွဲအနေနဲ့ ရွှေတံဆိပ်ဆုကိုရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ မြန်မာနိုင်ငံရဲ့ စကိုင်းဒိုင်ဗင်အားကစားသမားတွေကို အားလုံးရဲ့အံ့သြစူးစိုက်မှုခံခဲ့ရတဲ့အတွက် ပီတိဖြစ်လို့မဆုံးပါဘူး" ဟုလည်း ပြိုင်ပွဲတွင် ဆုရခဲ့ပုံကို ၎င်းက ပြောပြသည်။

**"အင်ဒိုးစကိုင်းဒိုင်ဗင်သည် လူငယ်များ အထူးကြိုက်နှစ်သက်သော ကစားနည်းတစ်မျိုးလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစုအဖွဲ့စိတ်ဓာတ်၊ အပြန်အလှန် ကူညီရိုင်းပင်းသော စိတ်ဓာတ်နှင့် စွန့်စားလိုသော စိတ်ဓာတ်တို့ကို ဤကစားနည်းက မွေးဖွားပေး"**

အင်ဒိုးစကိုင်းဒိုင်ဗင် အားကစားနည်းကို မြန်မာနိုင်ငံမှ ပူပူနွေးနွေး စတင်ကြုံတွေ့ခဲ့ခြင်းဖြစ်သော်လည်း ထိုပြိုင်ပွဲမှာပင် ရွှေ တစ်ဆု၊ ငွေ သုံးဆုနှင့် ကြေး တစ်ဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့၍ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်သည့်အပြင် အားကစားနည်းတစ်ရပ်အဖြစ် ထည့်သွင်းရန် ကမ္ဘာက အာရုံစူးစိုက်လာသော အားကစားနည်းဖြစ်လာသောကြောင့် မြန်မာ့အားကစားအတွက် ရွှေတံဆိပ်တစ်ခုကို ကြိုတင်မျှော်မှန်းထားနိုင်ပြီဟုလည်း ဆိုရမည်ဖြစ်သည်။

**မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်**

ဩစတြေးလျနိုင်ငံတွင်ကျင်းပသော ကမ္ဘာ့



**ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ နန်းဦးခင်နှင့် သင်တန်းသူတစ်ဦး**

ဓာတ်ပုံ -ဇွဲမာန်

နိုင်ငံများမှ စကိုင်းဒိုင်ဗင်အားကစားပြိုင်ပွဲမှာမူ ကောင်းကင်ယံတွင်ယှဉ်ပြိုင်သော ကစားနည်းဖြစ်သည့်အတွက် အတွေ့အကြုံရှိသူ အနည်းဆုံး လေးဦး ရှိရမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် ထိုပြိုင်ပွဲနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ ယှဉ်ပြိုင်သူ လေးဦး၊ ကင်မရာမန်းတစ်ဦးဖြင့် လေထဲတွင် ယှဉ်ပြိုင်ရိုက်ကူးရမည်ဖြစ်ရာ ထိုသို့အကုန်အကျများသော အားကစားနည်းတစ်ရပ်ကို အင်ဒိုးပြိုင်ပွဲအဖြစ်ကျင်းပသည့် ပြိုင်ပွဲတစ်ခုတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်မှာ အထူးပင် ဂုဏ်ယူလေးစားစရာလည်းဖြစ်သည်။

အာဆီယံနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် စကိုင်းဒိုင်ဗင်အသင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နည်းပြသင်တန်းကိုလည်း တက်ရောက်သင်ကြားပြီးဖြစ်ရာ မျိုးဆက်သစ်များကိုလည်း မွေးထုတ်နိုင်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ လူငယ်များအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည့် အင်ဒိုး/အောက်ဒိုး စကိုင်းဒိုင်ဗင်ကစားနည်းကို တတ်ကျွမ်းခြင်းဖြင့် မိမိကိုယ်ကိုယ်ယုံကြည်မှု၊ ရဲစွမ်းသတ္တိရှိမှု၊ အစုအဖွဲ့ဖြင့် ပေါင်းစည်းလုပ်ဆောင်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် ကျန်းမာသန်စွမ်းမှုတို့ကို ပေးစွမ်းသော အားကစားနည်းတစ်ရပ်လည်းဖြစ်သည်။

တရုတ်နိုင်ငံ အင်ဒိုးစကိုင်းဒိုင်ဗင် ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယှဉ်ပြိုင်ခဲ့သူများမှာ အသက် ၁၂ နှစ်ရှိ မနှင်းသဇင်မောင်၊ အသက် ၁၃ နှစ်ရှိ မသဲနဒီမောင်၊ အသက် ၂၀ ရှိ မနွေးပြည့်စုံလင်းနှင့် အသက် ၂၆ နှစ်ရှိ မနန်းဦးခင်တို့ လေးဦးဖြစ်သည်။ စီနီယာ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မနန်းဦးခင်တို့အတွဲက ပထမဆုအဖြစ် ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေရခဲ့သလို အင်ဒိုးစကိုင်းဒိုင်ဗင်၏ နည်းပြတစ်ဦးလည်းဖြစ်သော မနန်းဦးခင်က "လာရောက်ပျံသန်းကစားမယ့်သူတွေကို လက်သင်္ကေတတွေ ပထမဆုံးသင်ပေးပါတယ်။ လက်ဖဝါးနှစ်ဖက်၊ ခြေထောက်နှစ်ချောင်းနဲ့ ဝမ်းဗိုက်ကို အပေါ်၊ အောက်၊ ဝဲ/ယာ ရွှေ့ပြောင်းဖို့ အသုံးပြုပြီး လေထဲမှာပျံရတာပါ။ ဒီမှာ အသက်လေးနှစ်ကစပြီး ပေါင် ၂၀၀ ကိုယ်အလေးချိန်ရှိတဲ့သူအထိ ပျံသန်းလို့ရပါတယ်။ အဆစ်ပြုတ်ထားသူ၊ အရိုးကျိုးထားသူ၊ နှလုံးရောဂါရှိသူနဲ့ အရက်သောက်ထားတဲ့သူတွေတော့ ပျံသန်းလို့မရပါဘူး။ တရုတ်နိုင်ငံမှာကျင်းပတဲ့ အင်ဒိုးစကိုင်းဒိုင်ဗင် ချန်ပီယံရှစ်မှာ မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးလေးဦး ပထမဆုံး သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အသက် ၁၂ နှစ်၊ ၁၃ နှစ် ကျောင်းသူ နှစ်ဦးလည်း ပါပါတယ်။ 2 Way Senior Female Asiania ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရတော့ မိမိနိုင်ငံရဲ့အလံတော်က ထိပ်မှာနေရာယူပြီး နိုင်ငံတော်သီချင်းကို ကြားရတဲ့အချိန်မှာ မျက်ရည်လည်တဲ့အထိ ဝမ်းသာကြည်နူးရပါတယ်။ မိမိနိုင်ငံအတွက် ဆုတံဆိပ်တွေရအောင် ဆက်ပြီးကြိုးစားသွားမှာပါ"ဟု ဆိုသည်။

**နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံက ပထမဆုံး စတင်ယှဉ်ပြိုင်ခဲ့သည့် အင်ဒိုးစကိုင်းဒိုင်ဗင်အားကစားနည်းမှ ရွှေတံဆိပ်ဆုကို ထိုက်တန်စွာ ရရှိခဲ့ပြီးဖြစ်သလို ၂၀၂၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်အားကစားပွဲတွင်လည်း အဆိုပါအားကစားနည်းကို ထည့်သွင်းကျင်းပရန် ကြိုးပမ်းဆောင်ရွက်နေ၍ မြန်မာနိုင်ငံအနေဖြင့်လည်း လေ့ကျင့်မှုများကို ဤနေရာတွင် လုပ်ဆောင်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံတို့ကြားတွင် မျက်နှာပန်းလှ ဂုဏ်တင့်စေခဲ့သော အင်ဒိုးစကိုင်းဒိုင်ဗင်ကစားနည်းသာမက မြန်မာနိုင်ငံမှ စကိုင်းဒိုင်ဗင် အားကစားသမားများအနေဖြင့် အင်ဒိုး/ အောက်ဒိုး စကိုင်းဒိုင်ဗင် အားကစားပြိုင်ပွဲများတွင် ဆက်လက်၍ အောင်မြင်မှုသရဖူများ ဆွတ်ခူးနိုင်ရန် ကြိုးပမ်းကြခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

# မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားကျောက်စာများကို ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင် ကုသိုလ်တော်ဘုရား ကျောက်စာများကို လက်ရှိ ပွင့်လင်းရာသီစတင်ချိန်အတွင်း ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရား ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်က "အဘတို့ဆီမှာ ခရီးသွားစာရင်း အတိအကျမရှိပေမယ့် ယခုအချိန်က ခရီးသွားရာသီဆိုတော့ ကုသိုလ်တော်ဘုရားမှာ ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လေ့လာမှုများပြားလျက်ရှိပါတယ်၊ ကုသိုလ်တော်ဘုရားဝင်းထဲမှာရှိတဲ့ ဓမ္မစေတီတွေကို အများစုပေါင်းလှူဒါန်းမှုဖြင့် ဝါဆိုလပြည့်နေ့က ဓမ္မစေတီ ၇၂၉ ဆူလုံး ထီးတော်တွေ တင်လှူနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ကုသိုလ်တော်ဘုရာ ကျောက်စာများသည် ၁၉ ရာစု မြန်မာနိုင်ငံ၏ အကြောင်းအရာအမျိုးမျိုးကို ဖော်ပြနေခြင်း၊ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများကို ဖော်ပြနေခြင်းနှင့် တန်ဖိုးရှိသည့် မှတ်တမ်းအချက်အလက်များကို ဖော်ပြနေခြင်းတို့ကြောင့် ထင်ရှားသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းနှင့် မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်းများ၏ သမိုင်းကြောင်းများကိုလည်း ကျောက်စာများက ထင်ဟပ်ပြသနေကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးရာများ၊ နိုင်ငံရေး၊ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံရေးနှင့် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကဏ္ဍများ၊ ဓလေ့အစဉ်အလာများကိုလည်း ထင်ဟပ်ပြသလျက်ရှိကြောင်း ဦးအုန်းမောင်က ဆက်လက်ပြောကြားသည်။

အင်္ဂလန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားတစ်ဦးက "ကျွန်တော်က အင်္ဂလန်နိုင်ငံကနေ လာရောက်လေ့လာတာပါ၊ မန္တလေးမြို့မှာရှိတဲ့ ကုသိုလ်တော်ဘုရားကြီးမှာ လေ့လာရတာ အလွန်အံ့သြစရာကောင်းပါတယ်၊ ကမ္ဘာမှာ နောက်ထပ်ဒီလိုနေရာမျိုး မတွေ့နိုင်တော့ပါဘူး၊ ဒီကုသိုလ်တော်ဘုရားကျောက်စာတွေကို လေ့လာခွင့်ရတာ အများကြီးသဘောကျပါတယ်၊ မန္တလေးမြို့ကို လာရောက်လေ့လာဖြစ်တာက ကျွန်တော်တို့နိုင်ငံမှာ မန္တလေးမြို့က အလွန်နာမည်ကြီးတယ်၊ ဒီမန္တလေးမှာရှိတဲ့ ကုသိုလ်တော်ဘုရားတို့၊ ရွှေကျောင်းတို့၊ ကျုံးမြို့ရိုးနဲ့ ဦးပိန်တံတား၊ နောက်ပြီး ပုဂံတို့က အလွန်ကိုနာမည်ကြီးပါတယ်၊ ဒါကြောင့် ဒီခရီးစဉ်မှာ မန္တလေးကို အဓိကရွေးချယ်တာပါ"ဟု ပြောသည်။

ကုသိုလ်တော်ဘုရားကြီးတွင် ပိဋကတ်သုံးပုံ ပါဠိတော်ကျောက်စာပေါင်း ၇၂၉ ချပ်ရှိပြီး မာတိကာအလိုက် ပိဋကတ်သုံးပုံကျောက်စာများမှာ သုတန္တန် သုံးကျမ်းကျောက်စာ ၄၁၀ ချပ်၊ ဝိနည်းငါးကျမ်းကျောက်စာ (၁၁၁)ချပ်နှင့် အဘိဓမ္မာ ခုနစ်ကျမ်းကျောက်စာ ၂၀၈ ချပ် ရှိသည်။ တစ်ဆယ့်သုံးဧက ကျယ်ဝန်းသော စေတီပရိဝုဏ်သုံးထပ်အတွင်း ကျောက်စာများကို စိုက်ထူထားပြီး ဘုရားဝင်းအတွင်း၌ ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီတစ်ဆူနှုန်းဖြင့် တည်ထားသည်။ အဆိုပါကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်က စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ကုသိုလ်တော်ဘုရားကျောက်စာချပ်များကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World)စာရင်းတွင် ပါဝင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်က UNESCO သို့ တင်သွင်းခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ၂၀၁၃ ခုနှစ် ဇွန်လက ကျင်းပပြုလုပ်သည့် အစည်းအဝေး၌ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က သဘောတူအတည်ပြုခဲ့၍ ၂၀၁၃ ခုနှစ်မှစတင်ကာ ကုသိုလ်တော်ဘုရားကျောက်စာများမှာ ယူနက်စ်ကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများ မြို့နယ်များ၌ကျင်းပ

**ကျောက်ပန်းတောင်း**

ကျေးလက်နေပြည်သူများ၏ ဆန္ဒနှင့်အသံကိုနားထောင်၍ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်လျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာ ဘုန်းတော်ကြီးကျောင်း (မြောက်ကျောင်း) ၌ ကျင်းပခဲ့သည်။



ပြည်သူ့စကားဝိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက ကျေးလက်နေပြည်သူများ၏အသံကို နားထောင်၍ ဒေသတွင်းလိုအပ်ချက်များအတွက် မြို့နယ်အဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် မြို့နယ်အဆင့် မဖြစ်နိုင်သည်များကို အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပေးသွားကြမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒများကို နားထောင်ရုံသက်သက်မဟုတ်ဘဲ မိမိတို့တတ်နိုင်သည့်အနေအထားဖြင့် တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ ကတိကဝတ်များကိုပေးပြီးလျှင် အမှန်တကယ်ဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်တုတ်က ဒေသခံပြည်သူများအနေဖြင့် ယခုစကားဝိုင်းတွင် မိမိတို့ဒေသ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားစေလိုကြောင်း၊ မိမိတို့ရင်ထဲတွင်ရှိသည့် ရပ်ရွာကိစ္စများကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောကြားပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် မိတ်ဆက်စကားပြောကြားကြသည်။ ဆက်လက်၍ ကျေးရွာနေပြည်သူများက မိမိတို့ကျေးရွာများ၏ လျှပ်စစ်မီးရရှိရေးကိစ္စ၊ ကျေးလက်ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ပေးရေးကိစ္စ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် (၁၀)နှစ်ပြည့် နိုင်ငံသားကတ်ပြားများ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ပညာရေး/ကျန်းမာရေးကိစ္စ လိုအပ်ချက်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

အဆိုပါပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ လဲဂွကျေးရွာအုပ်စု၊ ကန်ပတ်လည်ကျေးရွာအုပ်စုနှင့် မန်ကျီးတိုင်းကျေးရွာအုပ်စုများရှိ ကျေးရွာကိုးရွာမှ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျောက်ပန်းတောင်းမြို့နယ်တွင်တတိယအကြိမ်မြောက် ကျင်းပသော ပြည်သူ့စကားဝိုင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ကျေးလက်နေပြည်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ အကြံဉာဏ်ပေး ဆွေးနွေးနိုင်ရန် ရည်ရွယ်လျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၉ ရက်က အဆိုပါကျေးရွာ ဓမ္မဝိဇယရံသီဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်တင့်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်က ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလိုအပ်ချက်များကို ပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနများမှတစ်ဆင့် တင်ပြတောင်းဆိုနိုင်ကြောင်းနှင့် အမျိုးသားလွှတ်တော်၏ လုပ်ဆောင်ပေးနိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးတင့်ဆန်း၊ မြို့နယ်ပညာရေးမှူးဦးသန်းထိုက်ဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မိုးအေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်း၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးရီသန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းဝင်းခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမာနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးစောလင်းထွန်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ လှာကမြင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ကျေးလက်နေပြည်သူ ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး မိမိတို့ကျေးရွာများတွင်ဖွံ့ဖြိုးရေးအတွက်လိုအပ်သော ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရေ၊ မီးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများနှင့်ပတ်သက်၍လည်း ဦးဆောင်ဆွေးနွေးသူများအား ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မန္တလေး**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ လူငယ်နှင့်ပရဟိတ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပြည်ကြီးတံခွန်မြို့နယ် မင်းကြီးရန်နောင်လမ်းရှိ ဗိသုကာလူမှုကူညီရေးအသင်းရုံး၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကိုနှင့် ပြည်ကြီးတံခွန်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဦးစောဟန်၊ မြို့နယ်လူမှုကူညီရေးအသင်းချုပ် ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဗိသုကာလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမြသိန်းနှင့် မြတ်ဒါနလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမျိုးတင့်တို့ က ဦးဆောင်ဆွေးနွေးကြကာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ လူမှုကူညီရေး အသင်းများမှ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝက်လက်**

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး 'ကျေးလက်ဒေသဖွံ့ဖြိုးရေး'ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၉ ရက်က မူးကြီးကျေးရွာရှိ ငွေစန္ဒာဓမ္မာရုံ၌



ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းက တိုင်းဒေသကြီးလွှတ်တော်အတွင်း ဆောင်ရွက်ချက်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်နိုင်က စိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်စိုးက စိုက်ပျိုးသီးနှံများတွင် ပိုးမွှားအန္တရာယ် မကျရောက်ရေးနည်းလမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဝင်းက လျှပ်စစ်မီးဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးဝင်းအုပ်က ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောနိုင်ဦးက မြစိမ်းရောင်စီမံကိန်းအကြောင်းနှင့် စတုတ္ထအကြိမ် ငွေချေးပေးမှုအခြေအနေများကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျေးရွာများမှ ဒေသခံပြည်သူများက မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များကို တင်ပြမေးမြန်းခဲ့ပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ ဝက်လက်မြို့နယ်တွင် ပြည်သူ့စကားဝိုင်းကို ပထမအကြိမ်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယအကြိမ်အဖြစ် ရွှေပန်းကုံးကျေးရွာ၊ တတိယအကြိမ်အဖြစ် ပေါက်ကန်ကျေးရွာတို့တွင် ကျင်းပခဲ့ပြီး ယခုမူးကြီးကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၉ ရက်က ကန့်ဘလူမြို့နယ် မလယ်ကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။ ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးချစ် က အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဦးဆောင်ရှင်းလင်းဆွေးနွေးကြကာ မလယ်ကျေးရွာရှိ ရပ်ကွက်ခြောက်ခုမှ ဒေသခံပြည်သူများက ကျေးရွာ၏ လိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ မီးလင်းရေး၊ ရေရရှိရေးနှင့် မြေနုကျွန်းကိစ္စစသည်တို့နှင့်ပတ်သက်၍ သိလိုသည်များကို တင်ပြမေးမြန်းခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဒေသတွင်းပြည်သူလူထု စီမံခန့်ခွဲသော ရေရရှိရေးအစီအစဉ် မြောင်းမြမြို့နယ်၌ အောင်မြင်လျက်ရှိ

**မြောင်းမြ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြောင်းမြမြို့နယ် ကံကြီးကျေးရွာ၌ ဒေသတွင်း ပြည်သူလူထု စီမံခန့်ခွဲသော ရေရရှိရေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ အထိုက်အလျောက် အောင်မြင်လျက်ရှိကြောင်း အဆိုပါကျေးရွာ ရေရရှိရေးကော်မတီဝင် ဒေသခံများထံမှ သိရသည်။

ဒေသတွင်းပြည်သူလူထု စီမံခန့်ခွဲသော ရေရရှိရေးအစီအစဉ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန၊ အမြတ်အစွန်းအတွက်မဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Lien AID နှင့် ကံကြီးကျေးရွာရှိ ရေစီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်း၍ သောက်သုံးရေရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကံကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ပြောကြားသည်။

ပြည်သူလူထုစီမံခန့်ခွဲသော ရေရရှိရေးအစီအစဉ်နှင့်ပတ်သက်ပြီး ဦးစိုးသိန်းက "ပထမတုန်းကတော့ ကံကြီးရွာမှာ မြေကြီးလက်ယက်တွင်းတွေကပဲ သုံးနေရတယ်။ ရေကတော့ ရှားတာပေါ့။ အဲ့တုန်းကဆိုရင် တချို့သုံးရေအဖြစ်ဆိုရင်လည်း ချောင်းထဲကရေကိုပဲ၊ ရေနောက်တွေကိုပဲ ဒီလိုပဲ သုံးပြီးတော့ ချိုးရေအဖြစ်သုံးလည်း အဲ့ဒီတွင်းလေးတစ်တွင်းကိုပဲ သုံးနေတယ်။ အခု နောက်ပိုင်းက Lien AID က လာလှူဒါန်းတော့ ရေလည်း ပြည့်စုံသွားတယ်၊ သန့်ရှင်းတဲ့ရေလည်း ရပြီးတော့ ကျန်းမာရေးအတွက် ကောင်းမွန်တာပေါ့။ ချောင်းထဲက ရေကတော့ ဒေသအလိုက် ဒီရေပဲ သုံးနေရတာပေါ့။ ဒီရေကိုပဲ ချိုးနေကြတာပေါ့။ နဂိုတုန်းကဆိုရင်တော့ သောက်တဲ့အခါ ဝမ်းပျက် ဝမ်းလျှောရောဂါတွေ ဖြစ်တတ်ပါတယ်။ အခုကတော့ မဖြစ်တော့ဘူးပေါ့။ အဲဒီရေမှ မသောက်တော့တာ။ ကျွန်တော်တို့ ခပ်ငယ်ငယ်လောက်ကတည်းက ဒီ ချောင်းရေကိုပဲ သောက်သုံးပြီးတော့ နေခဲ့ရတာပဲ။ ၂၀၁၇ နဲ့ ၂၀၁၈ မှ Lien AID က လာလှူတဲ့ ဒီသောက်ရေသန့်ကို ကောင်းကောင်းမွန်မွန်နဲ့ သောက်သုံးရတာပါ" ဟု ပြောသည်။

ကျေးရွာရေရရှိရေးကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်မင်းဦးကလည်း မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေရရှိရေးနှင့်ပတ်သက်ပြီး နှစ်စဉ်အခက်အခဲများ ကြုံတွေ့နေခဲ့ရ၍ သောက်သုံးရေရှိရရေးအတွက် ကျေးလက်ကျန်းမာရေးဦးစီးဌာန၊ ကံကြီးကျေးရွာ ရေစီမံခန့်ခွဲ ရေးကော်မတီနှင့် ဒေသခံပြည်သူလူထုများ ပူးပေါင်းပြီး ရေရရှိသုံးစွဲရေးနှင့်ပတ်သက်သော အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ လည်ပတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များအတွက် လုပ်ဆောင်ခဲ့ရကြောင်း ပြောကြားသည်။



"မြစ်ချောင်းတွေက ကျွန်တော်တို့ရဲ့အဓိကရေအရင်းအမြစ်တွေပါ။ အဲဒီကရတဲ့ရေနဲ့ ချက်ပြုတ်စားသောက်ကြတယ်၊ သောက်သုံးကြတယ်၊ အဝတ်တွေလျှော်ကြတယ်။ အခုတော့ အဝီစိတွင်းကရေကို စနစ်တကျ ပိုက်နဲ့သွယ်တန်းပြီး သန့်ရှင်းတဲ့ရေတွေရနိုင်ပြီ။ ဒါတွေကလည်း အားလုံးရဲ့ကြိုးပမ်းအားထုတ်မှုကြောင့်ပဲဖြစ်ပါတယ်။ ပါဝင်ကူညီပေးခဲ့ကြတဲ့သူတွေအားလုံးရဲ့ကြိုးပမ်းမှုကရတဲ့ ရလဒ်ပဲ ဖြစ်ပါတယ်" ဟု ဦးကျော်မင်းဦးက ပြောသည်။

Lien AID ကို ၂၀၀၆ ခုနှစ်တွင် အမြတ်အစွန်းအတွက်မဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် တည်ထောင်ခဲ့ပြီး အာရှဒေသအတွင်းရှိ ပြည်သူလူထုများအတွက် အခြေခံအကျဆုံးသော သန့်ရှင်းသောရေရရှိမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ခြင်းဖြင့် ကျန်းမာရေးနှင့် လူမှုဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဖွဲ့စည်းခဲ့ရာ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသတွင်း ပြည်သူလူထု စီမံခန့်ခွဲသော ရေရရှိရေးအစီအစဉ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ သက်ဆိုင်ရာ နေရာဒေသအသီးသီးရှိရေကို ကောင်းစွာစီမံခန့်ခွဲနိုင်ရန်နှင့် သန့်ရှင်းသောရေရရှိရေး ပရောဂျက်များအတွက် တပ်ဆင်အသုံးပြုရန်လိုအပ်သည့် ပစ္စည်းကိရိယာများအပါအဝင် ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ဖြစ်ထွန်းစေရန်အတွက် တက်ကြွစွာလုပ်ဆောင်နေကြသော ဒေသခံများအား အရည်အသွေးမြှင့်တင်ရေးနှင့် လိုအပ်သောအရည်အချင်း၊ ဗဟုသုတများတိုးပွားလာစေရန် ထောက်ပံ့ပေးနိုင်ရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ လွန်ခဲ့သော လအနည်းငယ်ခန့်ကပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပူးပေါင်းကာ ဘိုကလေး၊ မြောင်းမြ၊ ဖျာပုံ၊ ဒေးဒရဲနှင့် လပွတ္တာမြို့နယ်တို့တွင် ဒေသတွင်းပြည်သူလူထု စီမံခန့်ခွဲသော ရေရရှိရေးအစီအစဉ်ဆိုင်ရာ မြို့နယ်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## သာစည်မြို့နယ် ညောင်ရမ်းဓာတ်အားခွဲရုံမှ ပတ်ဝန်းကျင် ၅၆ ရွာသို့ ဓာတ်အားစတင်ဖြန့်ဖြူးတော့မည်

**မိတ္ထီလာ အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းဓာတ်အားခွဲရုံမှ ညောင်ရမ်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၅၆ ရွာသို့ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးတော့မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်ရုံးမှ သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ကြီးကြပ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ညောင်ရမ်းကျေးရွာအနီးတွင် ၃၃/ ၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံကို ကျော်စုထွေးကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဆိုလျှင် ၎င်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် အဆိုပါဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် သာစည်မြို့တွင် တည်ဆောက်ရမည့် 33KV ဓာတ်အားလိုင်းအနီး ပတ်ဝန်းကျင်ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် Cover ပါသော SAC Cable သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ် သဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဉာဏ်စိုးဦးစီး၍ ဓာတ်အားလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်က Float Charge ဖြင့် ၃၃/ ၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ထရန်စဖော်မာသို့ဓာတ်အားများ စတင်ရောက်ရှိပြီးဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးနေဦး(စီမံ)ထံမှ သိရသည်။



အဆိုပါ ၃၃/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ ညောင်ရမ်းဓာတ်အားခွဲရုံသို့ ဓာတ်အားများ စတင်ရောက်ရှိပြီဖြစ်၍ မကြာမီအချိန်အတွင်း ညောင်ရမ်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ထနောင်းကန်၊ သူကောင်းကုန်း၊ မင်းကန်ကုန်း၊ အိုင်ဒွန်း၊ ပေါက်ချောင်း၊ အင်း၊ ကွမ်းခြံ၊ စည်ပင်သာယာ၊ သမန်းကန်၊ ကြာကန်၊ အင်းကနက်(တောင်) နှင့်(မြောက်) ကျေးရွာများ အပါအဝင် ကျေးရွာ ၅၆ ရွာတွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပေါက်မြို့နယ်၌ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ပေါက် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုး လုပ်ငန်းများကို ပခုက္ကူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများက အောက်တိုဘာ ၂၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ ကွင်းဆင်း၍ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ မြို့နယ်အတွင်းရှိ ဆိုင်ကယ်အစီးရေ ၇၀၀ ကျော်ကို ပခုက္ကူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများက နေ့ချင်းပြီး သက်တမ်းတိုး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးရာတွင် ဆိုင်ကယ်အမျိုးအစားအလိုက် ကုန်ကျစရိတ်များရှိကာ လိုင်စင်သက်တမ်းလွန် ဆိုင်ကယ်များမှာ ပို၍ကုန်ကျမှုရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရာ ဆံရစ်ဝိုင်းတို့ရွာ

**မန္တလေး အောက်တိုဘာ ၂၆**

မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သည့် ဆံရစ်ဝိုင်းထားခြင်းဓလေ့ကို မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျေးရွာနှစ်ရွာ၌ ယခုထက်တိုင် ထိန်းသိမ်းထားဆဲဖြစ်ရာ ထိုရွာများ၌ ဆံရစ်ဝိုင်းနှင့် မိန်းကလေးများကို တွေ့ရှိနိုင်မည်ဖြစ်သည်။

ဆံရစ်ဝိုင်းထားသည့်ဓလေ့ကို မန္တလေးတိုင်းဒေသကြီး၌ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်မှ ခံစပ်ကုန်းကျေးရွာနှင့် ယခင်မြင်းခြံခရိုင် ယခုညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ စက်စက်ယိုကျေးရွာတို့တွင် တွေ့ရှိနိုင်မည်ဖြစ်သည်။ ခံစပ်ကုန်းကျေးရွာသည် အရှေ့ရွာနှင့် အနောက်ရွာဟူ၍ရှိပြီး နွားထိုးကြီးမြို့မှ ၉ မိုင်၊ မြင်းခြံမြို့မှ ၁၅ မိုင် အကွာတွင် တည်ရှိကာ ရွာအနီး၌ လှုပပြီး စိတ်ဝင်စားဖွယ်ကောင်းသော စကြာတောင်လည်းရှိသည်။ ခံစပ်ကုန်းကျေးရွာတွင် ယခင်အချိန်များဆီက တစ်ရွာလုံးနီးပါး ဆံရစ်ဝိုင်းများထားခဲ့ကြသော်လည်း ယခုအခါတွင်မူ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှု၏နောက်ဝယ် ဆံရစ်ဝိုင်းထားခြင်းကို ပြုလုပ်သူနည်းပါးလာခဲ့ပြီး ဦးရေ ၂၀ ခန့်သာ ဆံရစ်ဝိုင်းထားရှိခြင်းကို တွေ့ရှိနိုင်တော့သည်။

အရွယ်ငယ်စဉ် ကလေးဘဝတွင် ဆံရစ်ဝိုင်းနှင့် ခေတ်ပေါ်အဝတ်အစားများဖြစ်သော ဂါဝန်၊ စကတ်များနှင့် မလိုက်ဖက်၍လည်းကောင်း၊ ရပ်ရွာရှိ သြဇာညောင်းသူများ၊ မိဘများ၊ တာဝန်ရှိသူများကလည်း လူငယ်များအား မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရန် အားပေးမှုနည်းပါးခြင်းကြောင့်လည်းကောင်း၊ ဆံရစ်ဝိုင်းထားပါက ဆံပင်ကို ပြုပြင်ထိန်းသိမ်းရာတွင် အချိန်ပေးရခြင်းကြောင့်လည်းကောင်း ဆံရစ်ဝိုင်းထားသူ နည်းလာခြင်းဖြစ်ကြောင်း ကျေးရွာရှိ အသက်အရွယ်ကြီးသူများနှင့် ရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးကြင်က ပြောပြသည်။ သို့ရာတွင် ရိုးရာဓလေ့ဘာသာတရားကိုင်းရှိုင်းမှုနှင့် ကုသိုလ်ရေးပြုလုပ်မှုတို့တွင် ယခင်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ၊ ရွာအနီးရှိ စကြာတောင်ပေါ်သို့ မိမိတို့ အလုပ်အားလျှင်အားသလို အုတ်၊ သဲ၊ ကျောက်များကို သယ်ယူပေးခြင်းဖြင့် တတ်နိုင်သည့်ဘက်မှ ကုသိုလ်ယူကြခြင်း ဓလေ့များမှာမူ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## ညောင်ဦးမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း ဘဏ္ဍာရေးဆိုင်ရာသင်တန်း ဖွင့်လှစ်

**ညောင်ဦး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆက်လက်ဆောင်ရွက်မည့် စတုတ္ထနှစ်စက်ဝန်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ရည်ရွယ်၍ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာသင်တန်းကို အောက်တိုဘာ ၂၄ ရက်က ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်း ဘဏ္ဍာရေးဆိုင်ရာ နည်းပညာသင်တန်းသို့ မြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်း ကျေးရွာ ၁၀ ရွာမှ ကော်မတီဝင် သင်တန်းသား ၅၀ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းမှာ အောက်တိုဘာ ၂၄ နှင့် ၂၅ နှစ်ရက်တာ ရက်တိုသင်တန်းဖြစ်သည်။ သင်တန်းတွင် ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ နည်းပညာအကြံပေး ဒေါ်ဟန်မီမီထွန်း ဦးဆောင်သည့် ဝန်ထမ်းများအဖွဲ့က ကျေးရွာစီမံကိန်းကော်မတီဝင်များ တာဝန်ယူ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းရန်ပုံငွေ ခွဲဝေအသုံးပြုနည်းများ၊ ငွေစာရင်းဇယားများနှင့် ပတ်သက်၍ စာရင်းစစ် စစ်ဆေးခံနိုင်သည်အထိ စနစ်တကျပြုစုထိန်းသိမ်းမှုနည်းစနစ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ရွှေကုက္ကိုလ်မြိုင်ကျေးရွာရှိ ပြည်သူများနှင့် တွေ့ဆုံ

**မြဝတီ အောက်တိုဘာ ၂၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ရွှေကုက္ကိုလ်မြိုင်ကျေးရွာရှိ ပြည်သူများနှင့် ယနေ့နံနက် ၉ နာရီခွဲက ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကားပြောကြားရာ၌ ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးများ၏ လွှတ်တော်အတွေ့အကြုံများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ပြောကြားသွားမည် ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို သိရှိနားလည်စေရန် ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ ဤမဏ္ဍိုင်ကြီးသုံးရပ်သည် တစ်ခုနှင့် တစ်ခု ဝင်ရောက်မစွက်ဖက်ဘဲ အပြန်အလှန်ထိန်းညှိဆောင်ရွက်ကြရပါကြောင်း။

မိမိတို့ လွှတ်တော်များအနေဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးပါကြောင်း၊ *စာမျက်နှာ ၅ ကော်လံ ၁* ❐

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ရွှေကုက္ကိုလ်မြိုင်ကျေးရွာမှ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**



# ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန် စိန်ခေါ်သူ ခရာခီ ကို ပထမအချီ၌ အလဲထိုးအနိုင်ယူ



**ရန်ကုန် အောက်တိုဘာ ၂၆**

One Championship အဖွဲ့က စီစဉ်ကျင်းပသော MMA (Mixed Martial Arts) ကမ္ဘာ့ကိုယ်ခံပညာအတိုက်ပြိုင်ပွဲ၏ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်နှင့် စိန်ခေါ်သူ လက်ဘနွန်နိုင်ငံသား ခရာခီတို့ ယှဉ်ပြိုင်ပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ လက်ရှိ ချန်ပီယံ အောင်လအန်ဆန်က စိန်ခေါ်သူ ခရာခီကို ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ယူခဲ့သည်။

ယင်းပွဲတွင် ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ယှဉ်ပြိုင် *စာမျက်နှာ ၁၂ ကော်လံ ၁* ❇

**အောင်လအန်ဆန်၏ ညာဝိုက်လက်သီးက စိန်ခေါ်သူ ခရာခီ ကို ထိထိမိမိထိုးမိစဉ်။**

## နေပြည်တော်တွင် ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ကြိုဆိုပါ၏

စာမျက်နှာ-၆

## ဒေါ်နယ်ထရမ့်အား ဝေဖန်သူများထံ လိပ်မူပေးပို့သည့် အထုပ်ပို့သူများကို မကြာမီ ဖော်ထုတ်နိုင်တော့မည်

စာမျက်နှာ-၁၄

# တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲ ယနေ့ စတင်မည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၈ တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲ ကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် မန္တလေးမြို့ရှိ အနောက်ဘက်ကျုံး၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုနှင့် နေပြည်တော်ကောင်စီ စုစုပေါင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ၁၃ သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ၁၀ သင်း ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်၁၃ သင်းမှ ကစားသမား ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲ အမျိုးအစား ၁၄ မျိုးပါဝင်မည်ဖြစ်သည်။ မီတာ ၂၀၀ ငါးတက်လှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်ပြိုင်ပွဲ၊ ၁၀ တက်လှော်ပြိုင်ပွဲ၊ မီတာ ၅၀၀ ငါးတက်လှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်ပြိုင်ပွဲ၊ ၁၀ တက်လှော်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသား၊ အမျိုးသမီး Mix-Team ပြိုင်ပွဲအဖြစ် *စာမျက်နှာ ၅ ကော်လံ ၆* ❍

